အမှတ်စဉ် ၂/၂၀၂၁

MIFER

၂၀၂၁ ခုနှစ်၊ ဇူလိုင်၊
သြဂုတ်၊ စက်တင်ဘာ

ရင်းနှီး/စီးပွားသတင်းလွှာ

နာယကများ

ဦးအောင်နိုင်ဦး — ပြည်ထောင်စုဝန်ကြီး
ဦးသန်းအောင်ကျော် — ဒုတိယဝန်ကြီး

အယ်ဒီတာချုပ်

ဒေါက်တာဝါဝါမောင် — အမြဲတမ်းအတွင်းဝန်

စီစဉ်ထုတ်ဝေသူ

ဦးမင်းဇော်အေး — လက်ထောက်အတွင်းဝန်၊ e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး

စာတည်းအဖွဲ့

ဦးစိုင်းတင်အောင်သိန်း — လက်ထောက်အတွင်းဝန်
ဒေါ်သူဇာဖြိုး — ဒုတိယညွှန်ကြားရေးမှူး
ဒေါ်ဇာလီနွယ် — ဒုတိယညွှန်ကြားရေးမှူး
ဒေါ်နှင်းဇာလွှာ — လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်ကေသီဆွေ — ဦးစီးအရာရှိ
ဦးအောင်ထက်ပိုင် — ဦးစီးအရာရှိ
ဒေါ်မေဝတ်ရည်ဖြိုး — ဒုတိယဦးစီးမှူး

မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်

ဦးကောင်းဆက်၊ ဒေါ်မေဝတ်ရည်ဖြိုး

မျက်နှာဖုံးဓာတ်ပုံ

e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး

မာတိကာ

အယ်ဒီတာချုပ်၏ အမှာစကား

ကဗျာ

၁	“ရှေ့ဆက်ကြမယ်နော်”	၁

ဆောင်းပါးများ

၁	ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အပေါ် သုံးသပ်လေ့လာခြင်း	၂
၂	ဘယ်သူကူလို့ ထိန်းပါ့မယ်	၇
၃	ကျွန်တော်သိသော ဟံသာဝတီနှင့် အနာဂါတ်အလားအလာ	၁၁
၄	ဖိတ်ခေါ်ပါသည် အနောက်မြောက်ရွှေပြည်	၁၅
၅	ဖွံ့ဖြိုးဝေစည် ဧရာဝတီ	၁၈
၆	ဖားစည်မြေ၏ အရာဏ်ဦး	၁၉
၇	ကိုဗစ်-၁၉ အလွန် လူမှု- စီးပွား ပြန်လည်ဦးမော့စေရန် မူဝါဒများ ရေးဆွဲရာတွင်	၂၁
၈	စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသော ရင်းနှီမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများ	၂၅
၉	ချိန်ခါသင့် စီးပွားမွေးမြူရေးလုပ်ငန်း	၃၂
၁၀	ရိုးရှင်းလွယ်ကူ၍ မြန်ဆန်တိကျသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်သစ်ဆီသို့	၃၉
၁၁	ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲက ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းရပ်များ	၄၁

MIFER သတင်းများ

၁	ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ	၄၇
၂	တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးနှင့် စီးပွားရေးလုပ်ငန်း ရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှုအစီအစဉ် ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ နှစ်ဖက်အကြို ညှိနှိုင်းအစည်းအဝေးကျင်းပ	၅၁
၃	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်နိုင်ဦး အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၂၅ (အေအီးစီ) လုပ်ငန်းညှိနှိုင်း အဋ္ဌမအကြိမ် လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းစီမံချက်ပါ အစည်းအဝေးကျင်းပ	
၄	အိန္ဒိယနိုင်ငံအစိုးရ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများ (QUICK IMPACT PROJECTS) အတွက် နားလည်မှုစာချွန်လွှာ (MOU) များ ဆောလျင်စွာ လက်မှတ်ရေးထိုး နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ	
၅	အကြိမ် (၄၀) မြောက် အာဆီယံ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် တက်ရောက်	
၆	ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကြည့်ရှုအားပေး	

၇	ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲသည့် မြန်မာနိုင်ငံစီးပွားရေး ပြန်လည် ဦးမော့စေရေး စီမံချက် (MYANMAR ECONOMIC RECOVERY PLAN- MERP) အပြီးသတ်ဆွေးနွေးညှိနှိုင်း အစည်းအဝေးကျင်းပ	၅၆
၈	ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစား ရေးလုပ်ငန်းကော်မတီကဦးဆောင်ရေးဆွဲသည့် မြန်မာနိုင်ငံစီးပွားရေး ပြန်လည် ဦးမော့စေရေးစီမံချက် (မူကြမ်း) အပေါ် ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲ	၅၈
၉	(၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၃၅) ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီ အစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲများ ကျင်းပ	၅၉
၁၀	(၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး ဒုတိယနေ့နှင့် အာဆီယံထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ ယှဉ်ပြိုင်မှုဆိုင်ရာ ဆန်းစစ်ချက် အစီရင်ခံစာ ထုတ်ပြန်သည့် အခမ်းအနားများ ကျင်းပ	၆၃
၁၁	(၁၃) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ	၆၅
၁၂	ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၁၈) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး စားပွဲဝိုင်းအစည်းအဝေး သို့ ဗွီဒီယိုမိန့်ခွန်းပေးပို့	၆၇

၁၃	အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် တရုတ်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ အပေါင်းသုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးများနှင့် မဲခေါင်- ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများကျင်းပ	၆၈
၁၄	အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန်၊ ဟောင်ကောင်(တရုတ်)၊ အိန္ဒိယ၊ အီးယူ၊ ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးများ ကျင်းပ	၇၁
၁၅	အာဆီယံနှင့် ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ဖြိတိန်တို့မှ စီးပွားရေးဝန်ကြီးများ ဆွေးနွေးပွဲများနှင့် (၉) ကြိမ်မြောက် အရှေ့အာရှ စီးပွားရေးဝန်ကြီးများ အစည်း အဝေးကျင်းပ	၇၄
၁၆	ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး ကိုဗစ်ချေးငွေအတွက် လျှောက်လွှာများ လက်ခံဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး	၇၇
၁၇	ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ One Stop Service (OSS) ရုံးကို ကြည့်ရှုအားပေးပြီး ရင်းနှီးမြှုပ်နှံသူများအား လက်ခံတွေ့ဆုံ	၇၉
	မြန်မာ- ရုရှား နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်၊ပထမအကြိမ် မြန်မာ- ရုရှားစီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပွဲ (1st Business to Business Dialogue) Virtual စနစ်ဖြင့် ကျင်းပ	၈၀

DICA သတင်းများ

၁	ရန်ကုန်တိုင်းဒေသကြီးအတွင်း CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် Video Conferencing System ဖြင့် တွေ့ဆုံခြင်း	၁၃
၂	VIDEO CONFERENCING APPLICATIONပိုမိုကျွမ်းကျင်စွာ သုံးစွဲအသုံးပြုနိုင်ရေး အတွက် တတိယအကြိမ် သင်တန်းဖွင့်လှစ်ခြင်း	၁၄
၃	ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/ ၂၀၂၁) ကြိမ်မြောက် အစည်းအဝေးအား VIDEO CONFERENCING စနစ်ဖြင့် ကျင်းပခြင်း	၁၄
၄	(၃၅) ကြိမ်မြောက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အာဆီယံနိုင်ငံ များ လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပပြုလုပ်ခြင်း	၁၅
၅	မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ Online ဖြင့် ကွင်းဆင်းဆောင်ရွက်	၁၆
၆	ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ တိုင်းဒေသ ကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား Online Virtual Meeting ဖြင့် ဝန်ဆောင်မှုပေး	၁၆
၇	ကိုဗစ်- ၁၉ ရန်ပုံငွေမှထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှု အပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့ (ကယားပြည်နယ်) နှင့် ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသော ကယားပြည်နယ်အတွင်းရှိလုပ်ငန်းရှင်များတို့တွေ့ဆုံခြင်း	၁၇
၈	ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည့်စက်ရုံများမှ ကိုယ်စား လှယ်များအား VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဆွေးနွေးခြင်း	၁၈
၉	ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/ ၂၀၂၁) ကြိမ်မြောက် အစည်းအဝေးအား ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခြင်း	၁၈

၁၀	ရပ်ဝန်းနှင့် ပိုးလမ်းမ ကမ္ဘာလုံးဆိုင်ရာဖိုရမ် နှစ်ပတ်လည် စကားဝိုင်းဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် တက်ရောက်ခြင်း	၈၉
၁၁	THE 18TH CAEXPO ROUNDTABLE MEETING ON INVESTMENT COOPERATION နှင့် THE 18TH CAEXPO PROMOTION CONFERENCE ON ASEAN INDUSTRIAL PARKS ဆွေးနွေးပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် VIRTUAL စနစ်ဖြင့် တက်ရောက်	၉၀
၁၂	စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်းများ၏ ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်း ကြည့်ရှုအားပေးခြင်း	၉၂
၁၃	လန်ချန်း- မဲခေါင် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကျင်းပခြင်း	၉၃
၁၄	နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား Video Conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေးဝန်ဆောင် မှုပေးခြင်း	၉၅
၁၅	ပြည်သူ့ခန့်ကုမ္ပဏီလိမ်တက်နှင့် စောရောင်းဝယ်ရေး ကုမ္ပဏီလိမ်တက်သို့ ကွင်းဆင်းစစ်ဆေးခြင်း	၉၅

FERD သတင်းများ

၁	အိန္ဒိယနိုင်ငံ၏ Line of Credit (LOC) ချေးငွေဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေး စီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးကျင်းပ	၉၆
၂	ကိုလံဘိုစီမံကိန်း၏ 47th Consultative Committee Meeting (CCM) အစည် အဝေး သို့ တက်ရောက်	၉၇
၃	မဲခေါင်သိပ္ပံ၏ အုပ်ချုပ်မှုဘုတ်အဖွဲ့အစည်းအဝေး (၁/ ၂၀၂၁) ကျင်းပ	၉၈
၄	(၂၁) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ဗီယက်နမ်အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်၍ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၃/၅၂) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ ညွှန်ကြားရေးမှူးချုပ် ပါဝင်တက်ရောက်	၉၉
၅	အိန္ဒိယနိုင်ငံ၏ Line of Credit ချေးငွေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (LOC Workshop) ကျင်းပ	၁၀၁
၆	သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (7th GMS Summit) သို့ မြန်မာနိုင်ငံမှ နိုင်ငံ့အကြီးအကဲဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်	၁၀၂
၇	ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် ထားဝယ် အထူးစီးပွား ရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) ၏ မြန်မာဘက်မှ ဒါရိုက်တာ အဖွဲ့ဝင်များအကြား ညှိနှိုင်းအစည်းအဝေးကျင်းပ	၁၀၄
၈	ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors (2/2021) အစည်းအဝေးသို့ တက်ရောက်	၁၀၅
၉	နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့် နည်းဥပဒေပါ သတ်မှတ်ချက်များအပေါ် ဆွေးနွေးသည့်စကားဝိုင်း ကျင်းပပြုလုပ်	၁၀၆

နိုင်ငံတကာစီးပွားရေးသတင်းများ

၁	ဖြိတိန်နိုင်ငံအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်သော ပစိဖိတ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (CPTPP) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ဆိုင်ရာ လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်မည်	၁၀၇
၂	၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် စင်ကာပူလေကြောင်းလိုင်း၏ အသားတင်အရှုံးသည် စင်ကာပူဒေါ်လာ ၄.၃ ဘီလီယံဖြစ်ပေါ်ခဲ့	၁၀၉
၃	စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ၂၀၂၁ ခုနှစ်၊ မေလတွင် ၃၀.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်း	၁၁၀
၄	အမေရိကန်က အီရန်အပေါ် အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးမည့် အခြေအနေကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂ ရာခိုင်နှုန်းကျော်အထိ ကျဆင်းခဲ့	၁၁၁
၅	ဆက်လက် ဖွံ့ဖြိုးတိုးတက်နေသည့် တရုတ်- အာဆီယံ လယ်ယာစိုက်ပျိုးရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု	၁၁၂
၆	ကိုရိုနာဗိုင်းရပ်စ်ပိုးအမျိုးမျိုးမှ ကာကွယ်ပေးနိုင်သည့် ကာကွယ်ဆေးကို ထုတ်လုပ်ရန် သဲလွန်စများအား သုတေသီများရရှိထား	၁၁၃
၇	ချီလီနိုင်ငံ၏ မွေးကင်းစကလေး အစားအသောက်ဈေးကွက်ကြီးထွားလာရန် အခွင့်အလမ်းများရှိနေကြောင်း Austrade က ထုတ်ဖော်ပြောကြား	၁၁၅
၈	တရုတ်၏ တန်ပြန်စုပုံတင်သွင်းခွင့်ကြောင့် ဩစတြေးလျဝိုင်အပေါ် သက်ရောက်မှု	၁၁၇
၉	တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ တန်ဖိုးကြီးများသည့် အနက်ရောင်မြေဆီလွှာကို ကာကွယ်ရန် လီဂျူစံပုံစံကို ပိုမိုကျင့်သုံးလာသည်ဟုသိရ	၁၁၉
၁၀	ကမ္ဘာ့ထိပ်တန်းဝင် တီထွင်ဆန်းသစ်မှုအရှိဆုံး ကုမ္ပဏီအနု (၅၀) အနက် ကုမ္ပဏီ (၄၈) ခုက ဩစတြေးလျနိုင်ငံတွင် တည်ရှိ	၁၂၁
၁၁	Ten disruptive property trends emerge	
၁၂	၂၀၂၁ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု အခြေအနေ	၁၂၄

အမှာစကား

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အနေဖြင့် စီးပွားရေးအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ယုံကြည်အားကိုးရသည့် ဌာနအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေး လုပ်ငန်းများ ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားနိုင်ရေးနှင့် စီးပွား ရေးပြန်လည် ဦးမော့လာစေရေးကို ဦးတည်လျက် ပြည်တွင်း၊ ပြည်ပ စီးပွားရေး အသိုက်အဝန်းနှင့် ရင်းနှီးမြှုပ်နှံသူများက ယုံကြည်မှုပိုမိုခိုင်မာလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ယုံကြည်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၊ စီးပွားရေးနှင့် ဆက်စပ်လုပ်ကိုင်ရသည့် ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပြည်သူအများ သိရှိနားလည် ပူးပေါင်းဆောင်ရွက်နိုင်ရေးမှာ အရေးပါလျက်ရှိပါသည်။

ရင်းနှီး/ စီးပွားသတင်းလွှာ (MIFER Bulletin) တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စီးပွားရေးလုပ်ငန်းရှင်များ ကြုံတွေ့ရသည့် အခက်အခဲများကို တတ်နိုင်သမျှ အကောင်းဆုံး ဖြေရှင်းကူညီဆောင်ရွက်ပေးနေမှုများ၊ ပြည်တွင်းပြည်ပနိုင်ငံများနှင့် ရင်းနှီး မြှုပ်နှံမှုပိုမိုမြှင့်တင်လာစေရေးကြိုးပမ်း ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံ၏ ရေရှည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက် စေရေးအတွက် နိုင်ငံတော်အစိုးရကို ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများက ယုံကြည်မှု ပိုမိုခိုင်မာစေရေးအတွက် စဉ်ဆက်မပြတ်ပူးပေါင်း ဆောင်ရွက်ပေးနေမှုများကို အများပြည်သူသိရှိနိုင်ရန်အတွက် တစ်စုတစ်စည်းတည်း ဖော်ပြထားပါသည်။

ထို့အပြင် ဤသတင်းလွှာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြိုးပမ်း ဆောင်ရွက်မှုများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများအပြင် ကဗျာ၊ ဆောင်းပါး များ၊ ဒေသတွင်းနှင့် ကမ္ဘာတစ်ဝှမ်းတွင် ဖြစ်ပေါ်တိုးတက် ပြောင်းလဲနေသော စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကိုလည်း ဝေဝေဆာဆာဖော်ပြထားပါသည်။

ဤသတင်းလွှာထုတ်ဝေနိုင်ရန်အတွက် ဆောင်းပါးများ၊ ကဗျာများ၊ သတင်းအချက်အလက်များ ပံ့ပိုးပေး ခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စု ဝန်ကြီးရုံးမှ ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါသည်။

ဒေါက်တာဝါဝါမောင်
အယ်ဒီတာချုပ်

“ရှေ့ဆက်ကြမယ်နော်....”

- တို့နိုင်ငံမှာ
  အခြေခံအဆောက်အအုံတွေတိုးတက်
  နိုင်ငံသားတွေ အကျိုးအမြတ်ရပြီး
  နည်းပညာတွေ လွှဲပြောင်း
  အလုပ်တွေကောင်းဖို့
  အလင်းမီးတုတ်ဟန် ပြုမဲ့
  ရင်းနှီးမြှုပ်နှံမှု.....။
- စဉ်ဆက်မပြတ်တိုးတက်ရေး
  ကွန်ယက်များချိတ်ဆက်ပေးပြီး
  ဒေသတွင်းပေါင်းစပ်
  ကောင်းမြတ်တဲ့ ကတိကဝတ်တွေဆောင်
  နိုင်ငံသားကြီးပွား အမြတ်ကြွယ်မနှေးဖို့
  နိုင်ငံခြားစီးပွားဆက်သွယ်ရေး.....။
- အဲဒီဌာနနှစ်ခုကို
  လမ်းမှန်သို့ တည့်မတ်
  အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့အညီကြီးကြပ်
  အစဉ်စည်းလုံးစေတဲ့
  ဝန်ကြီးရုံးအဖွဲ့.....။
- နိုင်ငံ့ယန္တရား တစ်စိတ်တစ်ပိုင်း
  MIFER ဆိုတဲ့ တံဆိပ်ဝိုင်းကို ကိုယ်စားပြု
  အင်အားတွေစုပြီး
  (ခက်ခဲ ကြပ်တည်းရင်တောင်...)
  (တို့) ရှေ့ဆက်ကြမယ်နော်။

ရုံးချစ်သူ (DICA)

ဆောင်းပါးများ

ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အပေါ် သုံးသပ်လေ့လာခြင်း

ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်ခြင်းဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အဓိကအထောက်အပံ့ဖြစ်စေတဲ့ အတွက် နိုင်ငံအများစုက ရင်းနှီးမြှုပ်နှံမှု နဲ့သက်ဆိုင်တဲ့ ဥပဒေအခင်းအကျင်း ပြုပြင်ပြောင်းလဲမှုများကို မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများနဲ့အညီ ဆောင်ရွက်လာကြပါတယ်။ အလားတူပင် ကမ္ဘောဒီးယားနိုင်ငံက ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ထုတ်ပြန်ပြဋ္ဌာန်းဖို့အတွက် ဥပဒေပြုရေး လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ဆောင်ရွက်လျက်ရှိရာ မကြာမီမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ် ထွက်ရှိလာတော့မှာဖြစ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အဆိုပါဥပဒေဟာ ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရာ၌ အဓိက အခန်းကဏ္ဍတွင် ပါဝင်လာမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ထို့ပြင် ယင်းဥပဒေဟာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်ရေးအတွက် ထိရောက်ပြီး အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်နှင့် မြှင့်တင်နိုင်ရန် အပြင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်ရှင်းလင်းပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ ဥပဒေမူဘောင် ပုံစံဖြစ်အောင်ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်တယ်လို့ ကြေညာခဲ့ တာကိုလည်း တွေ့ရှိရပါတယ်။

ကမ္ဘောဒီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်မှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ချမှတ်ခြင်း၊ ပြည်တွင်း စက်မှုလုပ်ငန်းများ၏ ထုတ်ကုန်များပါဝင်မှုကို မြှင့်တင်ခြင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက် ချိတ်ဆက်မှုကို အားပေးခြင်း၊ နည်းပညာ လွှဲပြောင်းခြင်း၊ကမ္ဘောဒီးယားနိုင်ငံ၏ ယှဉ်ပြိုင်မှုကို တိုးတက်စေခြင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အကြပ်အတည်းများကို ကျော်လွှားနိုင်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေး တည်ဆောက်မှုပုံစံကို အမျိုးမျိုးဖြန့်ကျက်နိုင်ရန် ဆောင်ရွက်ထားခြင်း၊ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံတဲ့ ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးထားခြင်း စသည်တို့ဟာ အဆိုပါ ဥပဒေရဲ့ အဓိကဆွဲဆောင်နိုင်တဲ့ အချက်များဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။

ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ဟာ ကမ္ဘောဒီးယားနိုင်ငံ၏ စက်မှုဖွံ့ဖြိုးမှု မူဝါဒ ၂၀၁၅-၂၀၂၅ ၏ အခြေခံမူများနှင့်အညီ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အခန်း ၁၂ ခန်းနှင့် အပိုဒ် ၄၂ ပိုဒ် ပါဝင်ပါတယ်။ အဆိုပါဥပဒေသစ်ကို ၁၉၉၄ ခုနှစ် ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အဆိုပါဥပဒေကိုပြင်ဆင်သည့် ၂၀၀၃ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေတို့နေရာတွင် အစားထိုးသွားမှာဖြစ်ပါတယ်။

ဥပဒေအရ စီမံခန့်ခွဲမှုများဆောင်ရွက်ရန် အဖွဲ့အစည်းတည်ထောင်ခြင်း

ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အရ သီးခြားဘတ်ဂျက်၊ သီးခြားဝန်ထမ်း အင်အားတို့ ဖြင့် ရပ်တည်မည့် “Council for the Development of Cambodia– CDC” ကို ဖွဲ့စည်းတည်ထောင်မှာ ဖြစ်ပြီး Single Window Services နှင့် စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်မှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူကို ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန်၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်အတည်ပြုရန်နှင့် အငြင်းပွား မှုများကိုဖြေရှင်းရန် CDC က အဆိုပါဥပဒေသစ်အရ ထပ်မံဖွဲ့စည်းမည့် “Municipal–Provincial Investment Sub–Committee” သို့ တာဝန်များလွှဲအပ်နိုင်မှာ ဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကို အကောင်အထည်ဖော် ဖို့အတွက် အားကောင်းတဲ့ ပြုပြင်ပြောင်းလဲမှု တစ်ရပ်လို့ခေါ်ဆိုနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကော်မရှင်၏ရုံးလုပ်ငန်းတာဝန်များဆောင်ရွက်ခြင်း၊ဝန်ထမ်းများနှင့် ဘတ်ဂျက်ခွဲဝေမှုတို့နှင့်စပ်လျဉ်း၍ သီးခြားအဖွဲ့အစည်း တစ်ရပ်အဖြစ် ဖွဲ့စည်းထားခြင်းမဟုတ်သော်လည်း အဆိုပါဥပဒေအရ ကော်မရှင်က ယင်း၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကော်မတီများနှင့် အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းခွင့်ရှိပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့်ခွဲဝေ သတ်မှတ်ပေးနိုင်ခြင်းနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့ ကော်မရှင်က သတ်မှတ်ထားသည့် မတည်ငွေရင်းပမာဏ သတ်မှတ်ချက်အတွင်းရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မြေအသုံးပြုခွင့် လျှောက်ထားလွှာစိစစ်ခြင်းနှင့် အတည်ပြုမိန့်လျှောက်ထားလွှာစိစစ်ခြင်း လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများသို့ ပေးအပ်ထားတာကို တွေ့ရှိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစား/ကဏ္ဍနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမက်လုံးများ

ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းနှင့်ပတ်သက်ပြီး အဓိကအားဖြင့် Qualified Investment Project (QIP) Status နဲ့ Guaranteed Investment Project (GIP) Status ဆိုပြီး နှစ်မျိုးပိုင်းခြားထားတာကို တွေ့ရှိရပါ တယ်။ ယေဘုယျအားဖြင့် QIP Status ရှိသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံချက်များ (Investment Guarantees)နှင့် အခွန်ဆိုင်ရာ ခံစားခွင့် နှစ်မျိုးစလုံးကို ခံစားခွင့်ရှိမှာ ဖြစ်ပါတယ်။ GIP Status ရှိသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံချက်များ (Investment Guarantees) ကိုသာ ခံစားခွင့်ရှိပြီး အခွန်ဆိုင်ရာခံစားခွင့်များကို ခံစားနိုင်မှာ မဟုတ် ကြောင်း တွေ့ရှိရပါတယ်။ ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးများကို ခံစားခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် လုပ်ငန်း အမျိုးအစားများကို သတ်မှတ်ထားတာကို လည်းတွေ့ရှိရပါတယ်။

အဆိုပါ သတ်မှတ်ကဏ္ဍနှင့် လုပ်ငန်းအမျိုးအစားများတွင် ပါဝင်သော်လည်း Basic Tax နှင့် အကောက်ခွန်ဆိုင်ရာမက်လုံးများ နှစ်ခုစလုံးကို ခံစားခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို Negative List တွင် သတ်မှတ် မှာဖြစ်ပါတယ်။ QIP Status ရှိသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် Basic Incentive များကို ရွေးချယ်စရာနှစ်ခုပေးထားပြီး ရင်းနှီးမြှုပ်နှံသူက ခံစားလိုသည့် အခွန်ခံစားခွင့်ပုံစံ (ဝင်ငွေခွန် ကင်းလွတ်ခွင့် ခံစားမည် သို့မဟုတ် သတ်မှတ်ကာလအတွင်း အထူးပစ္စည်းတန်ဖိုးလျော့တွက်နှုန်းဖြင့် တွက်ချက်ခြင်းဖြင့် ခံစားခွင့်နှင့် အခြားအခွင့်အရေးများကို ခံစားမည်) ကို ကိုယ်တိုင် ရွေးချယ်နိုင်ရန် သတ်မှတ်ထားပြီး အကောက်ခွန် ကင်းလွတ်ခွင့်ခံစားနိုင်ရန် အသေးစိတ် သတ်မှတ်ချက် များကိုလည်း ထည့်သွင်းထားပါတယ်။ အဆိုပါ သတ်မှတ်ချက်များအရ မိမိတို့၏ လုပ်ငန်းသဘောသဘာဝ အပေါ်မူတည်ပြီး ပိုမိုအဆင်ပြေစေတဲ့ ခံစားခွင့်ပုံစံကို ရင်းနှီးမြှုပ်နှံသူက ရွေးချယ်နိုင်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလကို ၃ နှစ်မှ ၉ နှစ်အထိ သတ်မှတ်ထားပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် လုပ်ငန်း အမျိုး

အစားပေါ်မူတည်ပြီးဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုနိုင်သည့်ကာလကိုဆုံးဖြတ်မည့်သဘောဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံချက်များနဲ့ အကာအကွယ်ပေးခြင်းများကို ရင်းနှီးမြှုပ်နှံသူ အားလုံးကခံစားခွင့်ရှိမှာဖြစ်ပြီး အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို သတ်မှတ်ထားတဲ့ လုပ်ငန်းအမျိုးအစားနဲ့ ဥပဒေပါသတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် သတ်မှတ်ချက်များက ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ကွဲပြားမှုရှိသော်လည်း အခြေခံအားဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကဲ့သို့ သော ခံစားခွင့်ရရှိရန် ဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများအပေါ်တွင်မူတည်၍ သတ်မှတ်ခြင်းမျိုးမှာမူ အလားတူပင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ခံစားနိုင်တဲ့ ကာလ သတ်မှတ်ချက်ကိုမူ ဖွံ့ဖြိုးတိုးတက်မှု ဇုန်အမျိုးအစားအလိုက် သတ်မှတ်ထားပါတယ်။

ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးခြင်း

မိမိတို့နိုင်ငံမှာ လာရောက် ရင်းနှီးမြှုပ်နှံတဲ့ ရင်းနှီးမြှုပ်နှံသူများနဲ့ ယင်းတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေအရ အကာအကွယ်ပေးခြင်းဟာ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကို မြှင့်တင်ဖို့အတွက် အဓိကကျတဲ့ အချက်ဖြစ်ပါတယ်။ အိမ်ရှင်နိုင်ငံတစ်နိုင်ငံအနေနဲ့ နိုင်ငံ သားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများကို ခွဲခြားမှုမရှိဘဲ ပြုမူဆက်ဆံဆောင်ရွက်မယ်ဆိုတဲ့ ကတိကဝတ်က ရင်းနှီးမြှုပ်နှံသူတွေ အဓိကလိုလားတဲ့ အချက်တစ်ချက်လည်းဖြစ်ပါတယ်။ ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ မြေပိုင်ဆိုင်မှုနဲ့ အာဏာသက် ဝင်လျက်ရှိတဲ့ အခြားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကလွဲပြီး မည်သည့်နိုင်ငံသားဖြစ်သည်ကို အခြေပြု၍ ခွဲခြားမှုမရှိဘဲ ပြုမူဆက်ဆံမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ မြေပိုင်ဆိုင်ခွင့် အခန်းကဏ္ဍဟာ နိုင်ငံတစ်နိုင်ငံရဲ့ အဓိက Sensitive Sector ဖြစ်တာနဲ့အညီ နိုင်ငံအများစုဟာ ခွဲခြားမှုမရှိဘဲ ပြုမူဆက်ဆံမည့် ကတိကဝတ်တွေမှာ မြေကို ခြွင်းချက်အဖြစ် ဖယ်ထုတ်လေ့ရှိကြပါတယ်။ အလားတူပင် အခြားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများမှာ ခွဲခြားမှုရှိတဲ့ သတ်မှတ်ချက်မျိုးရှိမယ် ဆိုရင်လည်း အဆိုပါဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဆောင်ရွက်ခွင့်ရှိမှာဖြစ်တဲ့အတွက် နိုင်ငံရဲ့ Policy Space ကို ဥပဒေနဲ့အညီ အကာအကွယ်ပေးထားခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရလည်း နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများကို ဆက်ဆံဆောင်ရွက်မှုထက် မလျော့နည်းစေရန်နှင့် အခြားနိုင်ငံတစ်နိုင်ငံမှ နိုင်ငံခြားသားရင်းနှီး မြှုပ်နှံသူများကို ဆက်ဆံဆောင်ရွက်မှုထက် မလျော့နည်းစေရန် ကတိကဝတ်ပြု ဖော်ပြထားတဲ့ နေရာမှာ ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ပင် သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ဆောင်ရွက်ခွင့်ကို ခြွင်းချက်အဖြစ် ထားရှိပါတယ်။

ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်မှာ ရင်းနှီးမြှုပ်နှံမှုကိုသိမ်းယူခြင်းနှင့် စပ်လျဉ်း၍ ဥပဒေနှစ်ရပ်စလုံးတွင် နိုင်ငံပိုင် သိမ်းယူခြင်း (Nationali – zation)၊ တိုက်ရိုက်သိမ်းယူခြင်း (သို့မဟုတ်) သွယ်ဝိုက်သိမ်းယူခြင်း (Direct / Indirect Expropriation) တို့ ဆောင်ရွက်ခြင်းမပြုဟု အာမခံ ဖော်ပြထားပါတယ်။

ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်မှာ ရင်းနှီးမြှုပ်နှံမှုကိုသိမ်းယူခြင်း (Expropriation) နဲ့ပတ်သက်လို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အလားတူပင် ဖော်ပြထားပြီး National Treatment နှင့် Most-Favoured Nation Treatment အတွက် နိုင်ငံတကာစာချုပ်များပါ စကားရပ်များဖြင့် ဖော်ပြထားခြင်းမရှိဘဲ သီးခြားကွဲပြားသည့် အသုံးအနှုန်း

များဖြင့် ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ သို့ရာတွင် အိမ်ရှင်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံသူအကြား အငြင်းပွားမှုအများဆုံး ဖြစ်စေသည့် Fair and Equitable Treatment ဆိုင်ရာ ကတိကဝတ်ကို ထည့်သွင်းထားခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာတင်ပြခြင်း

ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာ တင်ပြခြင်းနှင့် ပတ်သက်လို့ ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အရ ရင်းနှီးမြှုပ်နှံလိုသူက အဆိုပြုလွှာကို “Council for the Development of Cambodia – CDC” သို့မဟုတ် “Municipal–Provincial Investment Sub–Committee” သို့ တင်ပြရမှာဖြစ်ပြီး အဆိုပြုလွှာကို Single–Window Service Mechanism ဖြင့် သုံးသပ်၊ အတည်ပြုပေးမှာ ဖြစ်ပါတယ်။ Single–Window Service Mechanism ဖြင့်သုံးသပ်၊အတည်ပြုတဲ့လုပ်ငန်းစဉ်မှာသက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များ ပါဝင်မှာဖြစ်ပြီး အဆိုပြုစီမံကိန်းက Negative List မှာ မပါဝင်ပါက သီးခြား Sub–Degree ဖြင့် ဆုံးဖြတ်မှာဖြစ်ပြီး အလုပ်လုပ်ရက် ၂၀ ထက် နောက် မကျစေဘဲ CDC က Registration Certificate ထုတ် ပေးမှာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ရင်းနှီးမြှုပ်နှံသူကို ပိုမိုလျင်မြန်ချောမွေ့စွာ ခွင့်ပြုပေးနိုင်ရန် Single–Window Service Mechanism ဖြင့် ဆောင်ရွက်ပြီး ယခင်ဆောင်ရွက်ပေးလျက်ရှိသည့် ကာလထက် ပိုမို လျှော့ချသတ်မှတ်ထားခြင်း ဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးအတွက် အဓိကအထောက်အကူ ဖြစ်နိုင်မယ့် Mechanism တစ်ခု ဖြစ်မယ်လို့ သုံးသပ်ရပါတယ်။

ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ ၎င်းတို့ ထုတ်ပေးသည့် Registration Certificate မှာ စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်ရာ မှတ်ပုံတင်လုပ်ငန်းစဉ်များအတွက် Bar–code၊ QR Code၊ အခြားနည်းပညာစနစ် တစ်ခုခုတို့ဖြင့် စီမံကိန်း နှင့် သက်ဆိုင်တဲ့အချက်အလက်များ ထည့်သွင်းပေး ထားမှာဖြစ်တဲ့အတွက် ပြည့်စုံကောင်းမွန်တဲ့စနစ်တစ်ခု ဖြစ်လာမှာ ဖြစ်ပါတယ်။

မြေအသုံးပြုခွင့်

မြေပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ကမ္ဘောဒီးယား နိုင်ငံသား လူပုဂ္ဂိုလ်ကသာ ပိုင်ဆိုင်ခွင့်ရှိပြီး မြေအသုံးပြုခွင့်ကိုမူ အာဏာသက်ဝင်လျက်ရှိသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြေပိုင်ဆိုင်ခွင့် (သို့မဟုတ်) ရာသက်ပန် ငှားရမ်းခြင်းနှင့် သတ်မှတ်ကာလအတွက် ငှားရမ်းခြင်းတို့ဖြင့် အသုံးပြုခွင့်ရှိကြောင်း ဖော်ပြထားပါတယ်။ အဆိုပါအချက်အကြောင့် ကမ္ဘောဒီးယားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် မြေအသုံးပြုခွင့်သည် အဆိုပါရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ခုတည်း အပေါ်တွင်သာ မူတည်ခြင်းမရှိဘဲ အခြားသက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်း များအရလည်း ဆောင်ရွက်ခွင့်ရှိတဲ့ကိစ္စဖြစ်တာကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် မြေနှစ်ရှည်ငှားရမ်းခွင့်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရသာ ဆောင်ရွက်ခွင့်ရှိတဲ့အတွက် အဆိုပါဥပဒေနှင့် နည်းဥပဒေများတွင် မြေအသုံးပြုခွင့်ကာလ၊ မြေအသုံးပြုခွင့် လျှောက်ထားခြင်းနှင့် မြေအသုံးပြု ခွင့်စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများစသည် တို့ကိုအသေးစိတ် သတ်မှတ် ထားခြင်းဖြစ်ပါတယ်။

အလုပ်သမားများခန့်ထားခြင်း

ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း လည်ပတ်

ရန်နှင့် စီမံခန့်ခွဲရန် နိုင်ငံခြားသား အလုပ်သမား များကို ငှားရမ်းခွင့်ရှိကြောင်း ဖော်ပြ ထားပါတယ်။ ထိုသို့ ခန့်အပ်ရာမှာ အရည်အချင်းပြည့်မီတဲ့ ကမ္ဘောဒီးယား နိုင်ငံသားအလုပ်သမား မရရှိနိုင် သည့် အခြေအနေတွင်သာ သတ်မှတ်ထားသည့် အရေအတွက်အတိုင်း ယာယီခန့်အပ်နိုင်ကြောင်း ဖော်ပြထားပါတယ်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ခြင်း

ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအနေနဲ့ မှတ်ပုံတင် လက်မှတ်ရှိပါက လုပ်ငန်းကို အလိုအလျောက် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုစီမံ ကိန်း အားလုံးအနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အ တွက် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လိုက် နာဆောင်ရွက်မှုသေချာစေရန် CDC ရဲ့ စုံစမ်း စစ်ဆေးခြင်းနဲ့ ကြီးကြပ်ခြင်းကို လိုက်နာဆောင် ရွက်ရမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည် ဖော်ဆောင်ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကို CDC က သတ်မှတ်တဲ့ ပုံစံဖြင့် အစီရင်ခံစာ တင်ပြ ရမှာဖြစ်ပါတယ်။ ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ပယ်ဖျက်ခြင်း အတွက်လည်း အသေးစိတ်ထည့်သွင်း ဖော်ပြထား ပါတယ်။

အငြင်းပွားမှုဖြေရှင်းခြင်း

ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီး မြှုပ်နှံသူအချင်းချင်းအကြား အငြင်းပွားမှု ကို ပြည်တွင်း အနုညာတခုံရုံး (သို့မဟုတ်) နိုင်ငံ တကာအနုညာတခုံရုံး (သို့မဟုတ်) စီရင်ပိုင်ခွင့်ရှိ သော တရားရုံးတွင် မဖြေရှင်းမီ Mediation နည်းလမ်းတစ်ခုဖြင့် ဖြေရှင်းပေးမည် ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ကမ္ဘောဒီးယား ရင်းနှီးမြှုပ် နှံမှုဥပဒေမှာ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံအကြား အငြင်းပွားမှု ဖြေရှင်းခြင်းအပိုင်းကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများ တွင် ရင်းနှီးမြှုပ်နှံသူအချင်းချင်း အကြားဖြစ်ပွားသည့် အငြင်းပွားမှုများကို ဖြေရှင်းခြင်းအပြင် ရင်းနှီးမြှုပ်နှံ သူနှင့် နိုင်ငံအကြား အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထည့်သွင်း ပြဋ္ဌာန်းထားပါတယ်။ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံအကြား အငြင်းပွားမှုများနှင့် စပ်လျဉ်းပြီး နစ်နာမှုဖြေရှင်းသည့် နည်းလမ်းတစ်ရပ် ချမှတ်ခြင်းနှင့် အဆိုပါနည်းလမ်းအတွက် အသေးစိတ် သတ်မှတ်ချက်များပါထည့်သွင်းဖော်ပြထားခြင်းကြောင့် ပြည်တွင်းဥပဒေတစ်ခုအနေဖြင့် နိုင်ငံတကာရင်းနှီး မြှုပ်နှံမှု သဘောတူစာချုပ်များနည်းတူ ရင်းနှီးမြှုပ်နှံ သူများကို ယုံကြည်မှုပေးနိုင်ပြီး ပိုမိုဆွဲဆောင်နိုင်သည့် အဓိကအားသာချက်ရှိတာကို တွေ့ရှိရပါတယ်။

ခြုံငုံသုံးသပ်ချက်

နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ ရင်းနှီး မြှုပ် နှံမှုဝန်းကျင်၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒ များ၊ အခြားသက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်း များစသည်တို့နှင့် လိုက်လျောညီ ထွေရှိစေရန် ချိန်ညှိ၍ ရင်းနှီးမြှုပ်နှံမှုဥပဒေရေးဆွဲရာ၌ ချဉ်းကပ်ပုံ နည်းလမ်း တို့ အမျိုးမျိုးကွာခြားနိုင်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံ ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေဟာ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် အဓိကကျတဲ့ ရင်းနှီးမြှုပ်နှံမှုအကာကွယ် ပေးခြင်း ဆိုင်ရာပြဋ္ဌာန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးများနဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း အဆိုပြုလွှာ လျှောက်ထားခြင်းများအတွက် ရိုးရှင်းလွယ်ကူမှုရှိ သော နည်းလမ်းများ စသည်တို့ကို အချိုးညီစွာ ထည့်သွင်း ဖော်ပြထားတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြလိုက်ရပါတယ်။

မောင်သစ္စာ(ရန်ကင်း)

ဘယ်သူကူလို့ ထိန်းပါ့မယ်

ကုမ္ပဏီများအား ဥပဒေနှင့်အညီ ထိန်းကျောင်းခြင်းဆိုရာတွင် အပြောလွယ်၍ နားလည်ရခက်ပါတယ်။ ကုမ္ပဏီတစ်ခုသည် လူသားနှင့် တူသည်ဟု ဥပမာပေးကြသည်။ ဒိဋ္ဌဘဝလူဘောင်လောကတွင် ဆိုင်ရာ ကိစ္စများ၌ နည်းမှန်လမ်းမှန် ဖြစ်အောင် ပြဋ္ဌာန်းဥပဒေများနှင့်အညီ ထိန်းကျောင်းကြသည်။ ယင်းပြဋ္ဌာန်း ဥပဒေများကြောင့် လူဘောင် လောကသည် အမှုအခင်းများ နည်းပါးပြီး စည်းကမ်းသေဝပ်နေပြီလားဟု မေးမြန်းလာပါက ဖြေရန် တော်တော်ခက်ပါတယ်။ အဘယ်ကြောင့်ဆိုသော် အသက်တစ်ရာမနေရ အမှုတစ်ရာ တွေ့ရသည်ဟု စကားရှိပါတယ်။ လူသားသည် ဥပဒေသို့မဟုတ် စည်းမျဉ်းစည်းကမ်းအတိုင်း ဖြစ်နေပါက ဘယ်မှာလာပြီး အမှုအခင်း ရှိနိုင်ပါမည်နည်း။ အလားတူစွာပင် လူသားနှင့်တူသော ကုမ္ပဏီတွင်လည်း ဥပဒေနှင့် မညီညွတ်မှု၊ ဥပဒေအား မလိုက်နာမှု သို့မဟုတ် စည်းမျဉ်းစည်းကမ်းအတိုင်း မဖြစ်မှုဆိုသော ကိစ္စများ လက်တွေ့တွင် ရှိနိုင်ပါတယ်။

လူအဖွဲ့အစည်းအတွင်းတွင် လူသားတို့ လိုက်နာအပ်သော ဥပဒေများစွာ ရှိပါတယ်။ ဥပဒေ ဆိုရာတွင် လိုက်နာနိုင်ရန် တိုက်တွန်းခြင်းများ၊ မကျူးလွန်မိစေရန် တားမြစ်ခြင်းများနှင့် ကျူးလွန်မိပါက ဆိုင်ရာ ပြစ်ဒဏ်များ သတ်မှတ်ပေးခြင်းများစသည့် ကိစ္စများသည်သာ ပဓာန ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်း သို့မဟုတ် ကျူးလွန်ခြင်းသည် လူသားကိစ္စဖြစ်ပြီး၊ ပြစ်ဒဏ်ပေးခြင်းသည် တရားရုံးဆိုသော အဖွဲ့အစည်း ကိစ္စဖြစ်ပါတယ်။ ဖြစ်စဉ်အရ တစ်ဆက်တစ်စပ်တည်းဟုယူဆရသော်လည်း ပြဿနှင့် ဆုံးဖြတ်ချက်ပေးသူ သီးခြားစီဖြစ်ပါတယ်။

သို့သော် ပြစ်ဒဏ်တစ်ခု ချမှတ်နိုင်ရန်အတွက် တရားလိုပြခြင်း၊ တရားစွဲဆိုခြင်း၊ ကြားနာခြင်း၊ သက်သေခံခြင်း၊ပြစ်မှုထင်ရှားခြင်းနှင့် ဆုံးဖြတ်ချက်ပေးခြင်းစသည့် ကိစ္စများစွာကို ထင်ရှားပြနိုင်ရမည် ဖြစ်ပါတယ်။ ထိုသို့မဟုတ်ပါဘဲ သို့မဟုတ် ရှေ့ရှေ့ကိစ္စများ မဆောင်ရွက်ပါဘဲ နောက်ဆုံး ဆုံးဖြတ်ချက်ကို ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ပေ။ ယင်းသို့ အဆင့်ဆင့် ဆောင်ရွက်ခြင်း ကိစ္စများကိုသာ ဥပဒေနှင့်အညီ ထိန်းကျောင်းခြင်းဟု သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ ကုမ္ပဏီများကိုလည်း အလားတူ ထိန်းကျောင်းနိုင်သည်ဟု ဆိုရမှာ ဖြစ်ပါတယ်။

သို့ရာတွင် ထူးခြားချက်များရှိပါတယ်။ ကုမ္ပဏီသည် လူသားနှင့်တူသည် ဆိုသော်လည်း လူသားမဟုတ်ပါ။ ဆိုင်ရာကိစ္စများတွင် လူသားတစ်ဦးကဲ့သို့ သဘောသဘာဝ ရှိသော်လည်း၊ အချို့ကိစ္စများတွင် လူသားနှင့်တူသောကိစ္စ ထင်ရှားပြနိုင်ရန် ခက်ခဲပါတယ်။ ဥပဒေနှင့်အညီ ထိန်းကျောင်းခြင်းဆိုရာတွင် လူသား တစ်ဦးကို ရာဇဝတ်ကြောင်းအရ အရေးယူ၍ရနိုင်သော်လည်း ကုမ္ပဏီကို ယင်းကဲ့သို့ အရေးယူဆောင်ရွက်မှုမျိုး ဆောင်ရွက်၍ မရပါ။ အဘယ်ကြောင့်ဆိုသော် လူသားမဟုတ်သည့်အတွက်ကြောင့် ဟုသာပြောရမည် ဖြစ်ပါတယ်။ အနည်းငယ်ရှင်းလင်းလိုပါသည်။

ရိုးရှင်းသောကိစ္စမှာ လူသားတစ်ဦး ရာဇဝတ်မှုတစ်ခု (လူသတ်မှု) ကျူးလွန်သည်ဆိုကြပါစို့။ တရားလိုပြုသူ မရှိသည့် တိုင်အောင် ရာဇဝတ်ကျင့်ထုံးအရ နိုင်ငံတော်သည် တရားလို ဖြစ်ပါသည်။ တရားစွဲဆိုလိုသော ကိစ္စအလို့ငှာ နိုင်ငံတော်၏ ကိုယ်စား ရဲ တစ်ဖွဲ့ဝင် တစ်ဦးက တရားလိုပြု၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ရှိပါတယ်။ ထို့နောက် တရားခံ လူပုဂ္ဂိုလ်(များ)ကို ဖော်ထုတ်ဖမ်းဆီး၍ တရားစွဲဆိုရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ရပြီးနောက် တရားရုံးက ဆုံးဖြတ်ချက် ချမှတ်မှာ ဖြစ်ပါတယ်။ ပြစ်မှုထင်ရှားခြင်းကြောင့် ထောင်ဒဏ် ချမှတ်သည်ဆိုပါစို့။ ယင်းကိစ္စမျိုး ကဲ့သို့ အလားတူ ကုမ္ပဏီတစ်ခုအပေါ် ဆောင်ရွက်ရန် အကန့်အသတ် ရှိပါတယ်။ လူသားတစ်ယောက်အပေါ် တရားရုံး က ဆုံးဖြတ်သော ထောင်ဒဏ်ကဲ့သို့ ပြစ်ဒဏ်မျိုး ကုမ္ပဏီတစ်ခုအတွက်မရှိနိုင်ပါ။ အထက်ကပေးခဲ့သော အဖြေပင် ပေးရပါလိမ့်မယ်။ ကုမ္ပဏီသည် လူသားနှင့် တူသည်ဆိုသော်လည်း တကယ့် လူသား မဟုတ်သည့်

အတွက်ကြောင့်ဟုသာ ပြောရမှာဖြစ်ပါတယ်။ သို့ရာတွင် တရားရုံးသည် လူသားအတွက် ချမှတ်သော သေဒဏ်နှင့် အလားတူသောကိစ္စအား ကုမ္ပဏီ တစ်ခုအတွက်မူ ဖျက်သိမ်းခြင်းဆိုသည့် ပြစ်ဒဏ်အမျိုးအစားကို ချမှတ် နိုင်မှာဖြစ်ပါတယ်။ (ယနေ့တွင် လူသားဆိုင်ရာ အခွင့်အရေးကြောင့် သေဒဏ်ပေးခြင်း ရှိ၊ မရှိ ဆိုလိုရင်းမဟုတ်ပါ။ ယေဘုယျသုံးသပ်ချက် တစ်ခု ကိုသာ တင်ပြခြင်း ဖြစ်ပါတယ်။)

ထိုသို့ဆိုပါလျှင်ကုမ္ပဏီတစ်ခုအတွက်မူလူသားဆန်သောကိစ္စများမှာ အဘယ်နည်း။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီဆိုင်ရာကိစ္စများသည် ရဲ အရေးယူပိုင်ခွင့်မရှိသော ကိစ္စများသာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကုမ္ပဏီများအတွက် အရေးယူ ဆောင်ရွက်လိုသော ကိစ္စများအား တရားမကြောင်းအရ တရားစွဲဆိုရမည့်ကိစ္စ ဖြစ်ပါတယ်။ ပြောင်းပြန်နားလည်ဖို့ ကောင်းတာက ကိစ္စတစ်ခုကို ရာဇဝတ်ကြောင်းအရ အမှုဖွင့်မည်ဆိုပါက ကုမ္ပဏီဆိုင်ရာကိစ္စများကို ထည့်သွင်း စဉ်းစားရန်မလိုပါ။ ကုမ္ပဏီနှင့် သက်ဆိုင်သည်ဟု ဆိုလာပါက တရားမကြောင်းအရ တရားစွဲဆိုရန် သတိပြုသင့်ပါသည်။ ဤနေရာတွင် သတိပြုရန် ကိစ္စမှာ ကုမ္ပဏီတစ်ခုအတွက်မူ တရားမကြောင်းအရ တရားလိုပြုခြင်း ဖြစ်ပါတယ်။ တရားမကြောင်းအရ တရားလိုပြုရန် ပုဂ္ဂိုလ် သို့မဟုတ် နစ်နာကြောင်း ဖော်ထုတ်ကြေငြာသူ တစ်ဦးရှိရပါမယ်။ တရားရုံးတွင် နစ်နာကြောင်း အထောက်အထားများနှင့်တကွ သက်သေပြုရန် လိုအပ်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်ဌာနတွင် မဟုတ်ပါ။

ဤနေရာတွင် လူသားဆန်သော၊ လက်တွေ့ကျသော၊ ရင်းနှီးနေသော ဥပမာ တစ်ခုပေးလိုပါသည်။ လူသားတစ်ယောက် မိမိ၏ နစ်နာမှုအတွက် ဖွင့်ဟကြေငြာရန် အလို့ငှာ သို့မဟုတ် တစ်စုံတစ်ဦးကို တိုင်တန်းရန် အလို့ငှာ သို့မဟုတ် တစ်စုံတစ်ဦးကို တရားစွဲဆိုရန်အလို့ငှာ မည်သည့်အခါမျှ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသောဌာန၊ နိုင်ငံသားစိစစ်ရေးဌာနသို့ သွားရောက်တိုင်ကြားသည် ဆိုသော ဖြစ်စဉ် တစ်ခါမျှ မကြားစဖူးပါ။ ကုမ္ပဏီများအတွက် လည်းအလားတူကိစ္စဖြစ်ပါတယ်။ သို့ရာတွင် လက်တွေ့တွင် မည်သည့်အတွက်ကြောင့် ကုမ္ပဏီမှတ်ပုံတင်ဌာနကို လာရောက်တိုင် ကြားပါသနည်း။ ကုမ္ပဏီ မှတ်ပုံတင်ဌာနသည် ဥပဒေအရ တရားရုံးကဲ့သို့ ဆုံးဖြတ်ချက်ပေး၍ မရကြောင်း သတိချပ်စေချင်ပါတယ်။

အထက်ပါ တင်ပြခဲ့သည့်အတိုင်းဆို မှတ်ပုံတင်ဌာန သို့မဟုတ် မှတ်ပုံတင်အရာရှိက ကုမ္ပဏီများအပေါ် ဥပဒေနှင့်အညီ မည်သို့ အရေးယူဆောင်ရွက်နိုင်ပါသနည်း။ မှတ်ပုံတင်အရာရှိက ကုမ္ပဏီတစ်ခုအပေါ် တရားလိုပြု၍ စွဲဆိုသော တရားမ အမှုတစ်ခုရှိနိုင်ပါသလား။ ရှိနိုင်ပါတယ်။ သို့သော် လွန်စွာရှားပါးသော ကိစ္စတစ်ခုသာ ဖြစ်ပါလိမ့်မယ်။ မြန်မာပြည်တွင် ယခုအချိန်အထိ ထိုအမှုမျိုး တစ်ခုမှ မကြားဖူးသေးပါ။ မှတ်ပုံတင်လုပ်ငန်းစဉ်များအတွက်မူ ကုမ္ပဏီတစ်ခုနှင့် ဆက်နွယ်၍ မှတ်ပုံတင်အရာရှိဖက်မှ နစ်နာသည်ဆိုသော အကြောင်းပြချက် လက်တွေ့တွင် ရှာ၍မတွေ့နိုင်ပါ။ တစ်ဖက်တွင် ကုမ္ပဏီမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းကို ငြင်းပယ်နိုင်သည်ဆိုသော အခွင့်အာဏာလည်း ရှိနေပါသေးသည်။

သို့သော်လက်တွေ့တွင် ကုမ္ပဏီတစ်ခုနှင့်ပတ်သက်၍ နစ်နာသူများက တရားမကြောင်းအရ စွဲဆိုထားသော အမှုအခင်းများစွာ ရှိနိုင်ပါတယ်။ နစ်နာသူက မည်သို့ မည်မျှနစ်နာကြောင်း ဖော်ထုတ်တင်ပြရန် အရေးကြီးပါတယ်။ သို့မှသာ တရားရုံးတွင် အရေးသာနိုင်မှာ ဖြစ်ပါတယ်။ တရားမမှု ရင်ဆိုင်ခြင်းသည် အနိုင်ရနိုင်မည့် အခြေအနေဖြစ်မှသာ အလေးသာသည့်ဖက်မှ စတင်ဆောင်ရွက်သင့်ပါတယ်။ ရာဇဝတ်

မှုခင်းများလို အမှုဖွင့်တိုင် ကြားလိုက်လျှင်၊ သက်သေထွက်ဆိုလိုက်လျှင် ဆိုင်ရာပုဂ္ဂိုလ်များက ဆက်လက်ဆောင်ရွက်ပြီး အရေးယူသွားမည် ဆိုသော ကိစ္စရပ်များမဟုတ်ပါ။ ရာဇဝတ်မှုခင်း အတွက် ကျွမ်းကျင်မှု နယ်ပယ်အရ အဖြူအမဲ သဲကွဲနိုင်သော်လည်း၊ ရံဖန်ရံခါ တရားမမှုခင်း များသည် အချိန်ကြာမြင့်စွာ ရင်ဆိုင်ဖြေရှင်း သည့်တိုင် အချိန်ကုန်၊ လူပန်းဖြင့် နောက်ဆုံး ဘာအဖြေမှ မထွက်သည်ကို ဂရုပြုစေချင်ပါတယ်။

ကုမ္ပဏီမှတ်ပုံတင်ကိစ္စဆိုတာ မှတ်ပုံတင်လိုသူ နှင့် မှတ်ပုံတင်ဌာနကြား ဆက်သွယ်ဆောင်ရွက် မှုများဖြင့် လုပ်ငန်းဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ စာရွက်စာတမ်းတွေနဲ့ အလုပ်လုပ်သည် ဖြစ်စေ၊ အီလက်ထရောနစ် နည်းလမ်းဖြင့် အလုပ်လုပ် သည်ဖြစ်စေ စာတွေရေး/ ရိုက်ရတယ်၊ အချက် အလက်တွေပါတယ်၊ အကြောင်းအရာတွေ ဖော်ပြ ရတယ်။ လူသဘာဝအရ လူသားသည် အမှားနှင့် မကင်းနိုင်ပါ။ ငယ်စဉ်က စာရေးစဉ် ခဲတံမကုန် သေးပါဘဲ ခဲတံအနောက်မှ ခဲဖျက်ကုန်သွားသည့် အဖြစ်ကို မှတ်မိမည်ဟု ထင်ပါတယ်။ သင် ကွန်ပျူ တာနဲ့ စာရိုက်နေတုန်း Delete/Backspace ခလုတ်အား အကြိမ်ရေမည်မျှနှိပ်သည်ကို သတိ ထားမိပါသလား။

အီလက်ထရောနစ် မှတ်ပုံတင်လုပ်ငန်းစဉ်များ ၏ အတွေ့အကြုံအရ လက်တွေ့တွင် သိလျက် နဲ့မှားသည်။သတိမထားမိသဖြင့်မှားသည်။ မကျွမ်း ကျင်၍ မှားသည်။ ပထမဆုံး အတွေ့အကြုံဖြစ်၍ မှားသည်။ အမည်စာလုံး ပေါင်းမှားသည်။ ကုမ္ပဏီ အမည်၊ မိမိ အမည်၊ အဆောက်အဦအမည်၊ လမ်းအမည်၊ မြို့နယ် အမည်၊ စသည် စသည်။ မွေ့နေ့သက္ကရာဇ် မြန်မာလိုသာသိ၍ ခရစ်နှစ် မသိသဖြင့် မှားသည်။ မှတ်ပုံတင် မှတ်တမ်းများ အရ ခုနှစ် ၁၃-- မြန်မာ နှင့် ၁၉--/၂၀-- ခရစ်နှစ် မှား သည်။ မြန်မာလို ဝါခေါင် လကွယ်နေ့မှာ မွေးသည်ကို အင်္ဂလိပ်လို မည်သည့်လမှာ မွေးမှန်း မသိ၍ မှားသည်။ လိပ်စာ နံပါတ်မှားသည်။ မှတ်ပုံတင် နံပါတ်မှားသည်။ ကိန်းဂဏန်းများ ပိုမှား သည်။ သခ်ၤ ၏ ယူနစ် သဘော တရားများမှားသည်။ (အစုရှယ်ယာနှင့် ပတ်သက်သော အချက်အလက်များ သည် ကိန်းဂဏန်း များဖြစ်သည်။) အီလက်ထရောနစ် ပုံစံများပေါ်တွင် ဖြည့်ရမည့် အချက်အလက်များ သေချာ မဖတ်မိ၍မှားသည်။ သေချာဖတ်မိသော်လည်း နားမလည်၍ မှားသည်။ နားလည်သော်လည်း အယူ အဆ လွဲ၍မှားသည်။ ကုမ္ပဏီမှတ်တမ်းများတွင် ယင်းကဲ့သို့ အမှားများစွာရှိနိုင်သည်။ အီလက်ထရောနစ် ကူးပြောင်းရာတွင် အချက်အလက်များ ပမာဏ၏ ၂၀ % ခန့်မှာ ယင်းကဲ့သို့ အမှားများဖြစ်ကြောင်း တွေ့ခဲ့ရ သည်။ ကျွမ်းကျင်သူတို့၏ အတွေ့အကြုံအရ အခြား နိုင်ငံများ ထက် စံချိန်တင်သည်ဟု မှတ်ချက်ပေးသည်။

ယင်းကဲ့သို့သော စာရွက်စာတမ်းများပေါ်မှ အမှား များကို သင်လက်ခံနိုင်ပါသလား။ အများစုမှာ လက်မခံ ချင်ပါ။ တစ်ခုမေးပါမည်။ ထိုအမှားကြောင့် သင်မှာ ထိခိုက်မှုရှိပါသလား။ လိပ်စာ အမှားတစ်ခုကြောင့် “အဲ့ကို သွားရှာတာ မတွေ့လို့ ဖပ်ဖပ်မောတယ်” ဆို သော စကားကြားဖူးပါမည်။ သွားလိုက်ရတာ အရာ မထင်သဖြင့် စကားအရ ညီးကောင်း ညီးပါ လိမ့်မည်။ နောက်ထပ်တစ်ဆင့် မေးခွန်းတစ်ခုမေးလိုပါသေးသည်။ ထိုဖော်ပြပါ လိပ်စာအမှားကြောင့် သင်က နစ်နာသဖြင့် တရားမမှု တစ်ခုအတွက် တရားလို ပြုချင်ပါသလား။ မည်သူမျှ မဆောင်ရွက်လိုပါ။ လူ၏ သဘာဝကို နား လည်သင့်ပါသည်။ မှားသည်ဟုသာ ရိုးသားစွာ မြင်အပ် သည်။ မှားသည်ဟု ရိုးသားစွာ မမြင်ပါဘဲ၊ မရိုးမသား ပြုကျင့် သည်၊ လိမ်လည်လှည့်ဖျားလိုသည်၊ ထိန်ချန် ကွယ်ဝှက်လိုသည် စသည့် ရာဇဝတ်မှုဖြင့် မကင်းသော ခေါင်းစဉ်များ ဘာကြောင့် တပ်ကြပါသနည်း။

ဤနေရာတွင် နှစ်ဖက်စဉ်းစားရန် လိုအပ်ပါသည်။ ကုမ္ပဏီမှတ်ပုံတင်စနစ်ပေါ်တွင် ယင်းကဲ့သို့ ကာယကံ ရှင်ကိုယ်တိုင် မသိလိုက် သော အချက်အလက်အမှား တစ်ခုကြောင့် ကိုယ်တိုင် နစ်နာပါသလား။ မြန်မာနိုင်ငံ ကုမ္ပဏီများ ကုမ္ပဏီ၏ ပြဋ္ဌာန်းချက်တစ်ခုသည် အံ့ဖွယ် ဖြစ်သည်။ လူသဘာဝ၏ သရုပ်သကန်ကို အရှိ အတိုင်း

လိုပါသည်။ **မှတ်ပုံတင် အကြောင်းအရာ တစ်ခု အတွက် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်မပြုခြင်းသည် အဆိုပါ အကြောင်းအရာ၏ တရားဝင်မှုကို သော်လည်း၊ တရားမဝင်မှုကိုသော်လည်း၊ အဆိုပါအကြောင်း အရာ၏ မှန်ကန်မှုကိုသော်လည်း၊ မမှန်ကန်မှုကို သော်လည်း တစ်စုံတစ်ရာ ဖြစ်ပေါ်စေခြင်း၊ ထိခိုက်စေခြင်းမရှိစေရဟု ပါရှိပါသည်။**

ကုမ္ပဏီဆိုင်ရာ ကိစ္စတစ်ခုသည် ကာယကံရှင်တို့ ဆုံးဖြတ်ဆောင်ရွက်ခဲ့သည့် အတိုင်း သို့မဟုတ် မူလအရင်းခံထဲက အရှိအတိုင်း ဖြစ်ပါလိမ့်မယ်။ Accountability ဆိုသော ဝေါဟာရသည် ယနေ့ အခါ မြန်မာပြည် ရုံးဌာနများတွင် ခေတ်စားသည်။ လူပြောများသည်။ အထင်ကရ ဆရာတစ်ဦးက ရိုးရှင်းစွာ ဘာသာပြန်ပြထားသော အဓိပ္ပါယ်ကို နှစ်သက်မိသည်။ Account ဆိုသည်မှု စာရင်းဖြစ်ပါသည်။ “**Accountability** ကို **စာရင်း ရှင်းပြနိုင်ရမည်**” ဟု သူက ဘာသာပြန်သည်။ လွန်စွာ ထိမိလှပါသည်။ ကုမ္ပဏီတစ်ခု အတွက် မည်သည့် ကိစ္စတစ်ခု ဖြစ်ပါစေဆိုင်ရာသူက စာရင်း ရှင်းပြနိုင်ရပါမည်။ ထို့အတူ မှတ်ပုံတင်ဌာနဘက်မှလည်း ဆိုင်ရာ ကိစ္စတစ်ခုအတွက် ဥပဒေ၏ သဘော သဘာဝကို ရှင်းပြနိုင်ရမည် ဖြစ်သည်။ တရားဝင်မှု၊ တရားမဝင်မှုသည် မူလကတည်းက အရှိအတိုင်း ဖြစ်ပါသည်။ မည်သူကမှ ဆုံးဖြတ်ပေးရမည့်ကိစ္စ မဟုတ်ပေ။

ဒါရိုက်တာအဖွဲ့၏အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်ဟု ဆိုကြပါစို့။ ယင်းအစည်းအဝေး တကယ် ကျင်းပခဲ့သလား၊ မကျင်းပဘဲနဲ့ အလွယ်ပြောတာလား၊ ကိုယ်တိုင်အသိဆုံး ဖြစ်ပါလိမ့်မည်။ အီလက်ထရောနစ် မှတ်ပုံတင်စနစ်အရ လည်း ကောင်း၊ ဥပဒေအရ လည်းကောင်း ယင်းတင်ပြ ချက်တစ်ခုကို လွယ်ကူအောင် ဆောင်ရွက်ပေး ထားသည်။ ဘယ်နေ့က ကျင်းပခဲ့သလဲ ဆိုသော ကိစ္စသာမှတ်ပုံတင်ဌာနသို့တင်ပြရန်ဖြစ်သည်။ ဘယ်လို ကျင်းပခဲ့သလဲ၊ ဘာဆုံးဖြတ်ခဲ့သလဲ ဆိုသော နောက်ဆက်တွဲ ကိစ္စများကို ကုမ္ပဏီမှတ်တမ်းများမှာ မည်သို့သိမ်း ဆည်းရမည်ဟု ဥပဒေအရ အပြည့်အစုံ ဖော်ပြထား သည်။ ဆိုင်ရာ ကိစ္စတစ်ခုဖြစ်ပေါ်လာ ပါက အထက်က ဆိုခဲ့သည့်အတိုင်း “**စာရင်း ရှင်းပြနိုင်ရမည်**” ဖြစ်သည်။ အချက်အလက်များနှင့် အထောက်အထား များပေါ်မူတည်၍ တရားဝင်ခြင်း၊ မဝင်ခြင်း၊ မှန်ခြင်း၊ မှားခြင်းကို ကိုယ်တိုင် ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ အစည်းအဝေး ကျင်းပရန် အနည်းဆုံးဦးရေ ကန့်သတ် ချက်ပြည့်ပါသလား။ ပြည့်ရင်၊ ပြည့်တယ် ကုမ္ပဏီမှာ မှတ်တမ်းရှိရ ပါမယ်။ ထိုသို့ မဟုတ်ပါဘဲ အစည်းအဝေး တက်ရောက်မည့်ဦးရေ အနည်းဆုံးမပြည့်ပါက မူလထဲက ထိုအစည်းအဝေးသည် တရားဝင်ခြင်းမရှိဟု ကိုယ်တိုင် ဆုံးဖြတ်နိုင်မည်ဖြစ်မည်။ အစည်းအဝေး အထမမြောက်ပါဘဲ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် ဘယ်မှာလာပြီး ယုတ္တိတန်ပါတော့မလဲ။ “ဝ” မရှိပါဘဲ ဘယ်လိုမှ “၀” လို့မည် မဟုတ်ပေ။ Accountability စာရင်းရှင်း ပြခြင်း ကိစ္စအတွက်မည်သို့မျှ တတ်နိုင်မည် မဟုတ်ပေ။ ကုမ္ပဏီသည် မိမိကိုယ်တိုင် တရားဝင်မှုကို ဖျက်ဆီး ခြင်းပေ ဖြစ်ပေလိမ့်မည်။

ဆိုခဲ့သည်မှာ ရိုးရှင်းသော ကိစ္စတစ်ခုပင်ဖြစ်သည်။ ကုမ္ပဏီနှင့်ဆိုင်သော ကိစ္စများအားလုံး၌ တရားဝင် ခြင်း၊ မဝင်ခြင်း၊ မှန်ခြင်း၊ မှားခြင်းကို ကုမ္ပဏီက မိမိတို့ ထိန်းသိမ်းထားသော မှတ်တမ်းများနှင့် တိုက်ဆိုင်ပြီး ဆုံးဖြတ်ရန်သာဖြစ်သည်။ တရားရုံးတွင်လည်း ယင်းကဲ့သို့အထောက်အထားများကို အကိုးအကားပြု၍ ဖြေရှင်း ရခြင်းများဖြစ်သည်။ မှတ်ပုံတင်အရာရှိ သို့မဟုတ် မှတ်ပုံတင်ဌာနက ဆုံးဖြတ်ပေးရမည့် ကိစ္စများမဟုတ်ပါ။ ဤသည်ကိုပင် ကုမ္ပဏီများကို ဥပဒေနှင့်အညီ ထိန်းကျောင်းခြင်း နည်းလမ်းတစ်ခုဟု ဆိုအပ်ပေသည်။

အမ်တူး

ကျွန်တော်သိသော ဟံသာဝတီ နှင့် အနာဂါတ်အလားအလာ

ဟံသာဝတီ(ခေါ်) ပဲခူးမြို့သည် ၁၆ ရာစု ဝန်းကျင်က မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သလို နိုင်ငံရပ်ခြား ကူးသန်းရောင်းဝယ်မှု ထွန်းကားသော မြို့ဖြစ်ခဲ့သည်။ ကျွန်တော်အနေဖြင့် ယခင်က စွမ်းအင်ဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်နေရာမှ ၂၀၁၆ ခုနှစ်တွင် ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ပြောင်းရွှေ့ရဖို့ အကြောင်းဖန်လာတော့ ပဲခူးနှင့် စတင် ရေစက်ဆုံရသည်ဟုပဲ ပြောရမည် ထင်၏။ ထိုစဉ်က ယခုမိမိတာဝန် ထမ်းဆောင်နေသည့် DICA သည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်၌ပင် ရှိနေပါသေးသည်။ ၂၀၁၈ ခုနှစ် ရောက်မှသာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မူလဖွဲ့စည်းရာ ဌာနတစ်ခုအဖြစ် ပါဝင်လာပါသည်။ ယခုလို ကျွန်တော်ရယ် ပဲခူးရယ် DICA ရယ် ရေစက်ဆုံတုန်းကြုံတွေ့ရသမျှကို ဦးကာဖွဲ့တင်ပြချင်ပါသည်။

ကျွန်တော်အနေနဲ့ DICA ကို စရောက်တော့ ၂၀၁၆ ခုနှစ်၊ ရောက်ပြီးသိပ်မကြာ ရုံးချုပ်မှာ လို အပ်သည့်ကိစ္စများ ဆောင်ရွက်သင်တန်းတက်ပြီး နောက်မှာတော့ အသစ်ဖွင့်လှစ်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ညွှန်ကြားရေးမှူး အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရပါတော့သည်။ စစချင်းဆိုတော့လဲ ကိုယ့်အတွက် ပဲခူးအကြောင်း ဂဃနဏ သိနိုင်ဖို့ အကြောင်းဖန်လာသည်ပေါ့။ အမှန်တော့ ပဲခူးသည် ကျွန်တော်နဲ့ သိပ်မစိမ်း၊ မိခင်၏ ဇာတိမြို့ဖြစ်သလို ဆွေမျိုးများ နေထိုင်ရာမြို့လည်းဖြစ်သည်ကိုး။ ပဲခူးကို ၂၀၁၆ ခုနှစ် နှောင်းပိုင်းမှာ ရောက်ရှိကာ လိုအပ်သည့် အုပ်ချုပ်မှု ကိစ္စအဝဝကို ဆောင်ရွက်ပြီးချိန် ၁၁-၁-၂၀၁၇ မှာတော့ DICA ပဲခူးရုံးခွဲကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ရုံးစတင်ဖွင့်လှစ်စဉ် ဝန်ထမ်းအင်အားမှာတော့ အရာထမ်း ၅ ဦး၊ အမှုထမ်း ၂ ဦး ဖြစ်ပါသည်။ ပဲခူးနဲ့ ပတ်သက်၍ ပထမဆုံးကြုံရတာကတော့ ဆိုင်ကယ် အလွန်များသောမြို့ဖြစ်ပြီး ကားမောင်းလျှင် မနည်းရှောင်မောင်းရခြင်းပင်။ ရုံးစတင်ဖွင့်လှစ်စဉ်က ၂၀၁၇ နှစ်ဆန်းပိုင်းက မိမိတို့ရုံးအနေဖြင့်ကုမ္ပဏီတည်ထောင်ခြင်းကိစ္စရပ်များသာ ဆောင်ရွက်နိုင်ပါသေးသည်။ ၂၀၁၇ စက်တင်ဘာလတွင်တော့ ပဲခူးရုံးခွဲအတွက် အမှုထမ်း ၃ ဦး အားသစ်လောင်းခန့်ထားနိုင်ခဲ့ပြီမို့ ရုံးလုပ်ငန်းများ စတင်အရှိန်ရလာ၏။ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင်တော့ တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများ ဖွဲ့စည်းပြီးသည့် အချိန်၌ ပဲခူးနှင့် Investment ဆိုသော အသုံးအနှုန်း စတင် မိတ်ဆက်မိပါတော့သည်။ များမကြာမီပင် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (BRIC) မှ ပထမဆုံးအနေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုအား အတည်ပြုမိန့် ထုတ်ပေးနိုင်ခဲ့သည်။ မှတ်မှတ်ရရပင် ထိုကုမ္ပဏီမှာ Cobes Industries Bago Company Limited ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဆေးရုံသုံး PPE ဝတ်စုံများနှင့် ခွဲစိတ်ခန်းသုံး ဝတ်စုံများ ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်ပါသည်။ ကိုဗစ်-၁၉ နဲ့ စတွေ့ချိန်မှာတော့ ထိုကုမ္ပဏီမှ ပဲခူးတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအတွက် လိုအပ်သော PPE ဝတ်စုံများ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ရောက်လာချိန်မှာတော့ နောက်ထပ် အမှုထမ်း ၃ ဦး ထပ်မံခန့်ထားလာနိုင်ခဲ့ပြီး ရုံးလုပ်ငန်းများ မြိုင်ဆိုင်သွက်လက်လာသလို ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်းများပြားစွာဝင်ရောက်ရင်းနှီး၍ လုပ်ငန်းလုပ်ကိုင် လာကြပါသည်။ ထို့အတူ ယခင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ခွင့်ပြု

ပေးထားသည့် လုပ်ငန်းများကိုလည်း ကွင်းဆင်း ဝန်ဆောင်မှု ပေးနိုင်လာပါသည်။ ကုမ္ပဏီများ/ လုပ်ငန်းများကလည်း အခက်အခဲ အမျိုးမျိုးကို ပြောပြ အကူအညီတောင်းခံသည့်အခါ တတ်နိုင် သမျှ ဆောင်ရွက်ပေးရပါသည် Investment Facilitation ပေါ့ခင်ဗျာ။ တစ်ဖက်မှာလည်း Investment Promotion အတွက် သွယ်ဝိုက်အကျိုး သက်ရောက်သည် မဟုတ်ပါလား။ ဒါ့အပြင် ပြည်တွင်း/ပြည်ပက ရင်းနှီးမြှုပ်နှံသူများ အနေနဲ့လည်း လာရောက် ဆွေးနွေးအကြံဉာဏ် တောင်းခံလာကြတော့ အဖြစ်နိုင်ဆုံး အလားအလာတွေကိုလည်း ချပြဆွေးနွေးရပါသေးသည်။ ၂၀၁၈ ခုနှစ်၊ သြဂုတ်လ၌ Myanmar Companies Online (MyCO) စနစ် အသက်ဝင်လာမှုနဲ့အတူ ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းများအတွက် လည်ပတ်မှုအားပိုမို ကောင်းမွန်လာသလို တစ်ဖက်မှာလည်း အွန်လိုင်းစနစ်နဲ့ မရင်းနှီးသေးတဲ့ ပြည်တွင်းလုပ်ငန်းရှင်များအတွက် ကုမ္ပဏီ တည်ထောင်ခြင်းကိစ္စရပ်တွေကို ရှင်းပြရပါသည်။ ဤသို့ဖြင့် ရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာခဲ့ပြီး မိမိတို့ရုံးရှိ အရာထမ်း/ အမှုထမ်းများ၏ ဟန်ချက်ညီညီ ကြိုးပမ်းမှုများကြောင့် ၂၀၁၉ ခုနှစ် အရောက်တွင် အရှိန်ဟုန် အကောင်းဆုံးဖြစ်ခဲ့သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှုက ၂၀၂၀ ပြည့်နှစ် ကိုဗစ် ကပ်ရောဂါကြောင့် နိုင်ငံတကာတွင် ရင်းနှီးမြှုပ်နှံမှုများ လျော့ကျ အားနည်းချိန်၌ပင် ပဲခူးတိုင်းဒေသကြီး အတွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားမှုများ လျော့နည်း သွားခြင်းမရှိပေ။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် DICA ပဲခူး ရုံးခွဲအား ယခင်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝန်းမှ တိုင်းဒေသကြီးဌာနဆိုင်ရာ စုပေါင်း ၆ ထပ်ရုံးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ ရုံးဖွင့်လှစ်ချိန်များမကြာခင်၌ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့မှ လာရောက်ကြည့်ရှုခဲ့ကြသည်။ ထိုအခါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝင်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများ အားပေးစကားပြောကြားသဖြင့် တစ်တပ် တစ်အားဖြစ်ရပြီး ဝန်ထမ်းအားလုံး စိတ်အား ထက်သန်မှုများ တိုးပွားကြရပါသည်။ ဒါလေးတွေကတော့ ပဲခူးရုံးမှာ တာဝန်ထမ်းဆောင်စဉ် နေ့စဉ်တွေ့ကြုံရတာလေး တွေပေါ့ခင်ဗျာ။

ယခုလက်ရှိ ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်လေးတွေကိုလည်း တင်ပြသွားမည်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအနေဖြင့် လက်ရှိတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု ၁၃၆ ခု၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂.၂ ဘီလျံ၊ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၉ ခု တန်ဖိုးကျပ်ငွေ ၉၇၆ ဘီလျံ ကျော်ခန့် လည်ပတ်လျက်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်း ငါးသောင်းခန့် ဖန်တီးပေးလျက်ရှိပါသည်။ စက်တင်ဘာလက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခဲ့တဲ့ Panko Bago Co.,Ltd.သာလုပ်ငန်းစတင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းတစ်သောင်းထပ်မံဖန်တီးပေးနိုင်မည်ဖြစ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်း ခြောက်သောင်းခန့် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည် ခင်ဗျာ။ ဒါ့အပြင် ပဲခူးတိုင်းဒေသကြီးအတွင်း၌ တိရစ္ဆာန်အစာအစာထုတ်လုပ်သည့်စက်ရုံများ၊ပန်းအတုအလှဆင်ပစ္စည်းစက်ရုံများ၊ ကျန်းမာရေးပစ္စည်း ထုတ်လုပ်သည့် စက်ရုံများ၊ မော်တော်ယာဉ် (အိမ်စီး၊ ထရပ်၊ ဘတ်စ်) ထုတ်လုပ်သည့်စက်ရုံများ၊ Carlsberg Beer စက်ရုံစသည့် ထူးခြားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်နေကြသလိုပင်၊ အလုပ်အကိုင် အခွင့်အလမ်းအများဆုံးဖန်တီးပေးနိုင်သော CMP အထည်ချုပ်စက်ရုံကဏ္ဍ၌ရင်းနှီးမြှုပ်နှံမှုအများဆုံးဝင်ရောက်လျက်ရှိပါသည်။ ပဲခူးမြို့သည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ် ၆ ခုနှင့် ဆက်စပ်နေကာ လမ်းပန်းဆက်သွယ်ရေး အချက်အချာ ကျရာတွင် တည်ရှိသော မြို့တစ်မြို့ဖြစ်ပြီး စီးပွားရေးမြို့တော် ရန်ကုန်နှင့် ကီလိုမီတာ ၈၀ ခန့်သာ ဝေးကွာ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ယခုကဲ့သို့

ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာဖို့ အလားအလာ ကောင်းမွန်ခြင်း ဖြစ်ကြောင်း သုံးသပ်မိပါသည်။ လည်ပတ်စရာနေရာ ဒေသများသည့်အပြင် ဗမာနှင့် မွန် လူမျိုးများ၏အနုသုခုမလက်ရာများ၊ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းဝင်စေတီ ပုထိုး များနှင့် နိုင်ငံခြားခရီးသွားများအတွက် ဆွဲဆောင်မှု တစ်ခုဖြစ်သည့် ကမ္ဘောဇသာဒီနန်းတော်၊ မိုးယွန်းကြီး အင်း စသည်တို့ကိုလည်း လည်ပတ်တွေ့ရှိနိုင်ပါ သည်။ အခြေအနေအချိန်ခါ သင့်တင့်ချိန်တွင် ပဲခူးတိုင်းဒေသကြီးသည် ခရီးသွားလုပ်ငန်းများ အတွက် အလားအလာရှိသော ဒေသတစ်ခု ဖြစ်သည် နှင့်အညီ ဟိုတယ်နှင့်ခရီး သွားကဏ္ဍာ၌လည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ကြောင်းသုံးသပ်

မိပါသည်။

ထို့အပြင် ပဲခူးတိုင်းသည် ဧရာဝတီပြိုးလျှင် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန် အများဆုံး ထုတ်လုပ်သည့် တိုင်းဒေသကြီး ဖြစ်သည့်အတွက် ၎င်းကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာစသည် များကိုတိုးမြှင့်ထောက်ပံ့ခြင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပံ့ပိုး ဖြေလျှော့ခြင်းများ လုပ်ဆောင်မည် ဆိုပါက တိုင်းဒေသကြီး၏ ဂျီဒီပီ တိုးတက်ရေးအတွက် အလားအလာ အလွန်ကောင်းမည် ဖြစ်ပါသည်။ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည့် အချိန် တွင်လည်း တိုးတက်ထွန်းကားလာမည့် နည်းပညာ ဆိုင်ရာ ထုတ်ကုန် ကဏ္ဍများ၊ ဝန်ဆောင်မှုဆိုင်ရာ ကဏ္ဍများအတွက် အခြေခံအဆောက်အဦ ကောင်းများ တည်ရှိနေသကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက် ဆဲစက်မှု ဇုန် ၁၀ ခု ခန့် ရှိနေသည့်အတွက် အနာဂတ် တွင် စီးပွားရေး တိုးတက်မှုအလားအလာ အလွန် ကောင်းမွန်သော တိုင်းဒေသကြီး ဖြစ်ပါကြောင်းနှင့် ယခုဝန်ကြီးဌာနလမ်းညွှန် ဆောင်ပုဒ်ဖြစ်သည့် " Refreshed to go farther." ဆိုသည့် စကားရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီး ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိတ်သစ် လူသစ်ဖြင့် တိုင်းပြည် အကျိုးထမ်းဆောင်ရန် မိမိတို့ DICA ပဲခူးရုံးအနေနှင့် အမြဲမပြတ်ဆောင်ရွက်နေကြောင်း နိဂုံးချုပ် တင်ပြအပ် ပါသည်ခင်ဗျား။

ဦးကိုကိုလတ်

JAPFA

GROWING TOWARDS
MUTUAL PROSPERITY

BENEFEED
Premium Quality Feed
အရည်အသွေးအကောင်းဆုံးအစာ

Techno
Hi-GRADE QUALITY
အဆင့်မြင့် အရည်အသွေး

Japfa Comfeed Myanmar Pte Ltd

Head Office: No.264, 6th Street, Yangon Industrial Zone,
Mingalardon Township,Yangon, Myanmar.
Ph : (09) 453631126, 73108415, 73129720

MDY Office :
No.(C2-3), Myo Thar Industrial Park,
Nga Zun Township, Myin Gyan District,
Mandalay Region.
Ph : (09) 453631128, 420719459

ဖိတ်ခေါ်ပါသည် အနောက်မြောက်တိုင်းရွှေပြည်...

မြန်မာနိုင်ငံအနောက်မြောက်ပိုင်းတွင် တည်ရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီးသည် လူသိများပြီး တစ်မူထူးခြားထင်ရှားတဲ့ ဝိသေသလက္ခဏာများ ရှိနေရုံသာမက တိုင်းဒေသကြီး၊ ပြည်နယ်များအနက် ရှမ်းပြည်နယ်ပြီးလျှင် အကြီးဆုံးသော တိုင်းဒေသကြီး တစ်ခုလည်းဖြစ်ပါတယ်။ ခရိုင်အသီးသီးမှာရှိနေတဲ့ မြို့အသီးသီးမှာလည်း ကိုယ်ပိုင်ထင်ရှား လူသိများတဲ့ ဘုရားပုထိုးစေတီများ တည်ရှိကြတဲ့ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ်ဟူသော မြစ်ကြီးလေးစင်းရှိရာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့မှာ စစ်ကိုင်းတိုင်းဒေသကြီးအား ဖြတ်သန်းစီးဆင်းပြီး ကုန်းလမ်း၊ ရေလမ်း၊ မီးရထားလမ်း၊ လေကြောင်းလိုင်းတို့ဖြင့် အလွယ်တကူ လာရောက်နိုင်တဲ့ ဒေသကြီးတစ်ခုလည်းဖြစ်ပါတယ်။ တိုင်းဒေသကြီး၏ စုစုပေါင်းဧရိယာမှာ ၉၃,၅၂၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး လူဦးရေစုစုပေါင်း ၅.၅ သန်းခန့် နေထိုင်လျက်ရှိပါတယ်။အရှေ့ဘက်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ တောင်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင်ချင်းပြည်နယ်နှင့် မြောက်ဘက်တွင်အိန္ဒိယနိုင်ငံ၏ နာဂနယ်မြေ၊ အရှုနာချယ်ပရာဒေ့ရှ်ပြည်နယ်၊ မဏိပူရပြည်နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် တမူး၊ တမူးမှ မန္တလေး၊ မန္တလေးမှ မူဆယ်၊ မူဆယ်မှ တရုတ်နိုင်ငံတို့အကြား မဟာဗျူဟာကျသော ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင်ရှိနေပါတယ်။

မြေဆီမြေလွှာ ကောင်းမွန်ပြီး စိုက်ပျိုးရေးအတွက် သင့်တော်တဲ့ ရာသီဥတုရှိတာကြောင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကြံ၊ ဝါး၊ ပြောင်း တို့ကိုစိုက်ပျိုးပြီး နှစ်ရှည်သီးနှံပင်များအနေနဲ့ ခရိုင်အ လိုက် အုန်း၊ ကွမ်းသီး၊ ကွမ်းရွက်၊ သစ်ဆိမ့်၊ ရာဘာ၊ လက်ဖက်၊ သရက်၊ ငှက်ပျော၊ ထန်း၊ ငရုပ်ကောင်း၊ ဝိလောပိန်၊ လျှော်ဖြူ၊ သနပ်ခါး၊ မဟော်ဂနီ၊ သစ်မွေး၊ ထန်း၊ သံပုရာ၊ လိမ္မော်၊ ဩဇာသီး၊ လိုင်ချီး၊ ဇီးသီး၊ မန်ကျည်းသီးတို့ကို ဒေသခံတောင်သူများမှ စိုက်ပျိုး လျက်ရှိပါတယ်။ ရွှေဘိုကထွက်ရှိတဲ့ "ပေါ်ဆန်းမွေး" ဆို လျှင် လူသိများပြီး အရည်အသွေးကောင်းမွန်တဲ့ အတွက် နိုင်ငံခြားသို့လည်း တင်ပို့လျက်ရှိရာ ရင်းနှီးမြှုပ်နှံသူများသည် ဒေသခံစီးပွားရေးသမားများနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းအောင် တန်ဖိုးမြှင့်ထွက် ကုန်များကို စိုက်ပျိုးရေးထွက်ကုန်နှင့် ဆန်ထွက်ပစ္စည်း များမှဖက်စပ်ဆောင်ရွက်ထုတ်လုပ်နိုင်တဲ့အပြင် စိုက်ပျိုးရေးနှင့် ဆက်စပ်တဲ့ လုပ်ငန်းများဖြစ်တဲ့ သိုလှောင်ရုံများ၊ အခြောက်ခံစက်များ၊ အအေးခန်းများ၊ ဆန်စက်ရုံ၊ ဆီစက်ရုံ၊ သကြားစက်ရုံ၊ စားသုံးဆီစက်ရုံ၊ ကြာဆံ/ ခေါက်ဆွဲစက်ရုံ၊ စည်သွပ်ဗူးစက်ရုံများ၊ ချည်စက်ရုံ၊ စောင်စက်ရုံ၊ သစ်အခြေခံပစ္စည်း ထုတ်လုပ်သည့် စက်ရုံများလည်း ဖက်စပ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှာ ရွှေဘိုစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ ကလေးစက်မှုဇုန်နှင့် စစ်ကိုင်းစက်မှုဇုန်တို့ဖြစ်ပြီး ရေအသုံးပြုမှုနှင့် လျှပ်စစ်မီးရရှိမှု လွယ်ကူအဆင်ပြေရုံသာမကတိုင်းအစိုးရမှ ရင်းနှီးမြှုပ်နှံသူများကို မြေအသုံးချခွင့်ရရှိရေး အကူအညီပေးနေတဲ့ အတွက်ကြောင့် အဆင့်မြင့် နည်းပညာအသုံးချပြီး စည်သွတ်ဗူးများ၊ အဆင်သင့်စားနိုင်သော သစ်သီးများ၊ အေးခဲအသားနှင့်

ထုပ်ပိုးပြီးနို့ထွက် ပစ္စည်းများ၊ ဥပမာ-သရက်သီးမှ သရက်ယို၊ သရက်ပြား၊ သရက်သီး ဖျော်ရည်များ ထုတ်လုပ်၍လည်းကောင်း၊ တိရစ္ဆာန် အသားများ ကိုလည်း အကောင်လိုက်ရောင်းမယ့်အစား ခေတ်မီ နည်းစနစ်များဖြင့် ထုတ်ပိုး၍ နိုင်ငံခြားသို့ တင်ပို့ ရောင်းချရာတွင် လည်းကောင်း၊ Bamboo Fibre များကို ဝါးပင်မှ ကုန်ကြမ်းအဖြစ် အသုံးပြုပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိအောင်၊ လူမှုဘဝရေရှည် ကျန်းမာရေး ထိခိုက်မှု မရှိအောင် အဝတ်အထည်နဲ့ လူသုံးကုန် ပစ္စည်း အမျိုးမျိုး ထုတ်လုပ်၍ လည်းကောင်း၊ လူသိများ ထင်ရှားတဲ့ ရွှေဘို "သနပ်ခါး" မှာလည်း နိုင်ငံတကာ အဆင့်မီ သနပ်ခါး ပေါင်ဒါမှုန့်၊ သနပ်ခါး မိတ်ကပ် အရည်၊ သနပ်ခါး မိတ်ကပ် အစရှိသည်များကို ထုတ်လုပ်၍ Made in Shwe Bo ဟုလည်း ကောင်း၊ စစ်ကိုင်းမှထွက်ရှိသည့်ငွေထည်၊ယွန်းထည်၊ မြေအိုး၊ ကျောက်ပျဉ်၊ ဂီတာများကိုလည်း Made in Saga-ing ဟုလည်းကောင်း အဆင့်မြှင့်တင်ပြီး စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုအပြန် လက်ဆောင်များအဖြစ် ထုတ် လုပ်၍ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ တင်ပို့ သွားနိုင်ရေး ဆောင်ရွက်နိုင်မယ်ဆိုရင် ဒေသခံ ပြည် သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမယ့် အပြင် စီးပွားရေးလဲ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မွေးမြူရေး ကဏ္ဍနှင့်စပ်လျဉ်း၍ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင် ကြပြီး အများဆုံးမွေးမြူသော တိရစ္ဆာန်များမှာ ကြက်၊ ဘဲ၊ ဆိတ်၊ သိုး၊ ကျွဲ၊ ဝက်၊ နွား၊ ငုံးများ ဖြစ်ပါတယ်။ စားကျက်မြေပေါများခြင်း၊ ရေရရှိခြင်း၊ သယ်ယူပို့ဆောင်မှု လွယ်ကူသည့်အတွက်ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံပြည်သူများ နှင့် ဖက်စပ်ဆောင်ရွက်၍ တိရစ္ဆာန်ထုတ်ကုန်များ၊ စည်သွပ်အသားဗူးများ၊ နို့ထွက် ပစ္စည်းများ ထုတ်လုပ်၍ နိုင်ငံခြားသို့တင်ပို့ ရောင်းချပါက အကျိုးအမြတ် ပိုမိုရရှိမှာ ဖြစ်ပါတယ်။

သဘာဝသစ်တောများ၊ရှုခင်းများအပါအဝင်သဘာဝ အလှများပေါကြွယ်ဝသလို စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင် မြို့နယ် အသီးသီးမှာလည်း ထုံးဖြူတဖွေးဖွေးနှင့် စေတီ တော်များ၊ ရွှေရောင်တဝင်းဝင်း ရှေးဟောင်းဘုရား ပုထိုးစေတီများ၊ ဘုန်းတော်ကြီး ကျောင်းများမှာ လက်ညှိုးထိုးမလွဲ တည်ရှိနေကြပါတယ်။ ရွှေဘိုခရိုင် အ တွင်းရှိ ဦးအောင်ဇေယျ နန်းတော်၊ ကန့်ဘလူခရိုင် အတွင်းရှိ မဟာရွှေစည်ဘုရားကြီး (ကန့်ဘလူ)၊ သီတဂူ ဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)၊ စစ်သူကြီးဘုရား(တန့်ဆည်)၊ မယ်နုအုတ်ကျောင်း၊ တမူးခရိုင်ရှိ တမူးနယ်စပ်ဂိတ်၊ ကလေးခရိုင်ရှိ ပျားဆွဲဆင်စခန်း၊ မော်လိုက်ခရိုင်ရှိ စစ် ဆောင်စစ်အောင် ဗုဒ္ဓရုပ်ပွားတော်၊ ကသာခရိုင်ရှိ ဇလုံ တောင်၊ မုံရွာခရိုင်ရှိ ဗောဓိတစ်ထောင်ဘုရား၊ မိုးညှင်း သမ္မုဒ္ဒေ၊ စစ်ကိုင်းခရိုင်ရှိ မင်းကွန်းပုထိုးတော်ကြီး စေတီနှင့် မင်းကွန်းခေါင်းလောင်းကြီးတို့ဟာ ပြည် တွင်း/ ပြည်ပ ခရီးသွားဧည့်သည်တွေအတွက် မရိုး နိုင်အောင် အကြိမ်ကြိမ်လာရောက် လည်ပတ်ချင်တဲ့ နေရာတွေပဲဖြစ်လို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် တယ်လို့ ဆိုရင်လည်း မှားမယ်မထင်ပါ။ ဒါ့အပြင် တိုင်းဒေသကြီးအတွင်းရှိ တမူးဒေသဟာ ဗုဒ္ဓဂါယာ တည်ရှိပြီး အိန္ဒိယနိုင်ငံနှင့် နီးကပ်လျက်ရှိတာ ကြောင့် ဗုဒ္ဓဂါယာသို့ လေယာဉ်ဖြင့် သွားရောက်မယ့် အစား တမူးနယ်စပ်မှကုန်းလမ်းဖြင့် သွားမယ်ဆိုပါက ကုန်ကျ စရိတ်ပိုမိုသက်သာနိုင်လို့ တမူးဒေသဟာလည်း ခရီး သွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာဖွယ် မြင်တွေ့ ရပါတယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတာနဲ့အမျှ ဆက်စပ် လုပ်ငန်းများဖြစ်တဲ့ စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ် လုပ်ငန်း၊ အင်္ဂါးကား ဝန်ဆောင်မှုလုပ်ငန်း၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း၊ ကောဘယ်ကား ပို့ဆောင်ရေး

လုပ်ငန်း၊ ဒေသထွက်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပြုလုပ် ရောင်းချတဲ့ လုပ်ငန်းများလည်း လာရောက်လုပ်ကိုင်သင့်တဲ့ ဒေသကြီးတစ်ခုလည်း ဖြစ်ပါတယ်။

သဘာဝသယံဇာတပေါကြွယ်ဝပြီး တိုင်းဒေသကြီး အတွင်းကြေးနီ၊ နီကယ်၊ ဖယ်ရိုနီကယ်၊ ရွှေ၊ ကျောက်မီးသွေးများ ထွက်ရှိတဲ့အတွက် ရင်းနှီးမြှုပ်နှံသူများအနေနှင့် ဒေသခံလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီးသတ္တုသန့်စင်ခြင်းလုပ်ငန်း၊ကျောက်စိမ်းအချောထည်နှင့်လက်ဝတ်ရတနာများထုတ်လုပ်ခြင်းလုပ်ငန်း၊ ရွှေတူးဖော်ရေးလုပ်ငန်း၊ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်း၊ နီကယ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကြေးနီကိုအသုံးပြု၍ဝါယာကြိုးများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ရေနံနှင့်သဘာဝခါတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ဖို့ အထူးသင့်တော်ကြောင်း တွေ့ရပါတယ်။

သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ပတ်သက်လို့ ဧရာဝတီနှင့် ချင်းတွင်းမြစ်တို့မှာ စစ်ကိုင်းတိုင်းကို ဖြတ်သန်းစီးဆင်းတဲ့အတွက် တိုင်းအတွင်းရှိ ဒေသများအကြားကုန်စည်သယ်ယူပို့ဆောင်ရာမှာရေလမ်းကြောင်းသည် ကားလမ်း၊ ရထားလမ်းများထက် ကုန်ကျစရိတ်သက်သာတဲ့အတွက်ကြောင့် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှုတို့အတွက် ကုန်တင်သင်္ဘောများ၊ ရေယာဉ်များ၊ အဆင့်မြင့်ခရီးသည်တင်ရေယာဉ်များ၊မြစ်များ ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများ၊ သင်္ဘောကျင်းလုပ်ငန်းများ လာရောက် ရင်းနှီးမြှုပ်နှံနိုင်မှာ ဖြစ်ပါတယ်။

အချုပ်ဆိုရပါမူ မြန်မာပြည် အနောက်မြောက်ပိုင်းရှိ **"ဧယျာရွှေမြေ"** ဟုခေါ်သော စစ်ကိုင်း တွင်ဖြစ်ဖြစ် **"သလွာဝတီမြို့"** ဟုခေါ်သော မုံရွာမြို့တွင်ဖြစ်ဖြစ်၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အခြား ဒေသများတွင် ဖြစ်ဖြစ်၊ ဖော်ပြပါ လုပ်ငန်းများအပြင် အခြားလုပ်ငန်းများကိုလာရောက် လုပ်ကိုင်မယ်ဆိုပါက ဇုန်သတ်မှတ်ချက်ပေါ်မူတည်၍ ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ် သို့မဟုတ် ၇ နှစ် ခံစားရမှာ ဖြစ်ပါတယ်။ ပြည်တွင်း/ ပြည်ပက ရင်းနှီးမြှုပ်နှံသူများမှ စီးပွားရေးလုပ်ငန်း ထူထောင်လိုလျှင်သော်လည်းကောင်း၊ အကြံဉာဏ်များ ရယူလိုလျှင်သော် လည်းကောင်း၊ အခက်အခဲများကို ကူညီဖြေရှင်းရန် အတွက်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံ ခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(အတွင်းရေးမှူးရုံး)၊ တိုင်းရင်းဆေးရုံအနီး၊ မေတ္တာရိပ်မြုံလမ်း၊ ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၉၂၆၄၅၅၈၇၇၈၊ ဖက်စ်-၀၇၁-၂၀၂၆၂၇၅၊ ၀၇၁-၂၀၂၆၅၉၂၊ အီးမေးလ် dicamonywa@gmail.com၊ maymyozaw 1972 @gmail.com သို့ လူကိုယ်တိုင်ဖြစ်စေ၊ကိုယ်စားလှယ်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ လာရောက်၍ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ ဒါ့အပြင် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ website ဖြစ်သော www.dica.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါကြောင်း မြန်မာပြည် အနောက်မြောက်ပိုင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်မျှော်၍ ဖိတ်ခေါ်တင်ပြလိုက်ရပါတော့ တယ်။

မေဇော်

ဖွံ့ဖြိုးဝေစည် ဧရာဝတီ

၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် ၂၅/ ၂၀၂၁ ဖြင့် ဧရာဝတီတိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ရာ အဖွဲ့ဝင်(၇)ဦးပါရှိပြီး ဥက္ကဋ္ဌမှာ ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖြစ်ပါသည်။ ကော်မတီအတွင်းရေးမှူးမှာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးဖြစ်၍ အဖွဲ့ဝင်ဌာနများမှာ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်-၂၊ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနတို့ ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အများအပြားလာရောက်ဆောင်ရွက်လျက်ရှိပြီး စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းများလည်း အပါအဝင်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်း၌ ပုသိမ်စက်မှုမြို့တော်စီမံကိန်း၊ ပုသိမ်စက်မှုဇုန်၊ မအူပင်စက်မှုဇုန်၊ မြောင်းမြစက်မှုဇုန်တို့ တည်ရှိပြီး ညောင်တုန်းစက်မှုဇုန်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုးစားလျက်ရှိသည်။

ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအများစုမှာ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းများဖြစ်ပြီး ပုသိမ်မြို့နယ်တွင် စက်ရုံ ၁၁ ရုံ၊ မအူပင်မြို့နယ်တွင် စက်ရုံ ၃ ရုံ၊ ကန်ကြီးထောင့် မြို့နယ်တွင် စက်ရုံ ၁ ရုံ၊ ဒေးဒဲရဲမြို့နယ်တွင် စက်ရုံ ၁ ရုံနှင့် ညောင်တုန်းမြို့နယ်တို့တွင် စက်ရုံ ၄ ရုံတို့ဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးမြေ ပေါများ၍ စိုက်ပျိုးရေးအဓိက လုပ်ကိုင်ဆောင်ရွက်သော

တိုင်းဒေသကြီးတစ်ခုဖြစ်သည့်အတွက် ဆန်စပါးကို အများဆုံး စိုက်ပျိုးလျက်ရှိပြီး ပဲလေပဲနံစိုက်ပျိုးခြင်းကို ကျုံပျော်မြို့၊ မြန်အောင်မြို့တို့တွင်လည်းကောင်း၊ အကေးရှား၊ မန်ဂျန်ရှားစိုက်ပျိုးမှုလုပ်ငန်းများကို ကန်ကြီးထောင့်မြို့၊ သာပေါင်းမြို့ တို့တွင်လည်းကောင်း အများဆုံး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး Contract Farming စနစ်ဖြင့် ၄ာက်ပျောနှင့် သရက်စိုက်ပျိုးမှုလုပ်ငန်းကိုလည်း ပန်းတနော်မြို့တွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက် ရှိပါသည်။

ပင်လယ်၊မြစ်၊ချောင်းပေါများ၍ ရေခဲ၊မြေခဲကောင်းမွန်သောကြောင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြရာ လပွတ္တာမြို့နှင့် ငွေဆောင်မြို့တို့တွင် ငါး၊ ပုစွန်နှင့် ဂဏန်းပျော့မွေးမြူရေးလုပ်ငန်းများအတွက် အများဆုံး ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြပြီး တိရစ္ဆာန်အစာထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း ဆက်စပ်လုပ်ကိုင်လျက် ရှိကြသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် ဒုတိယလူဦးရေ အများဆုံးတိုင်းဒေသကြီး ဖြစ်သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်စက်ရုံ၊အလုပ်ရုံများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုယခုထက်ပိုမို၍ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ကြိုးစား ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

သက်ဝိုင်

ဖားစည်မြေ၏ အရှဏ်ဦး

အရှေ့-အနောက် စီးပွားရေးစင်္ကြံကို အရှေ့တောင်အာရှနိုင်ငံ (၅) နိုင်ငံဖြစ်သော မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး အစီအစဉ်အဖြစ် အကောင်အထည်ဖော်ရန် ၁၉၉၈ ခုနှစ် မဟာမဲခေါင်ဒေသခွဲ အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် အာရှဖွံ့ဖြိုးရေးဘဏ်၏ ကမကထပြုမှုဖြင့် ၁၉၉၂ ခုနှစ်တွင် အစပြုလာခဲ့သည်။ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံစသည့် အရှေ့တောင်အာရှနိုင်ငံ (၅) နိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ပါဝင်သော မဲခေါင်မြစ်ဝှမ်းဒေသသည် စတုရန်းကီလိုမီတာ ၂.၆ သန်းကျယ်ပြန့်၍ လူဦးရေသန်း (၃၂၀) ကျော် မှီတင်းနေထိုင်သောဒေသဖြစ်သည်။

အရှေ့- အနောက်စင်္ကြံ၊ တောင်- မြောက် စင်္ကြံနှင့် တောင်ပိုင်းစင်္ကြံစသော အဓိကလမ်းမကြီး သုံးခုသည် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံခန့်ရှိသောဒေသ၏ အနာဂါတ်ရည်မှန်းချက်ဖြစ်သည့်အပြင် တောင်အာရှရှိ အိန္ဒိယနိုင်ငံနှင့် တောင်တရုတ်ပင်လယ်ကြား ကုန်းလမ်းပို့ဆောင်ရေးလမ်းကြောင်းကြီး ပေါ်ထွန်းလာစေရန် မျှော်လင့်ခဲ့သည်။ အာရှတိုက်၏ အဓိက ကျွန်းဆွယ်ကြီး နှစ်ခုအကြား ကုန်းလမ်းခရီးဖြင့် ကုန်သွယ်မှုပြုလုပ်ရန်နှင့် ကူးသန်းသွားလာရန် အိပ်မက်ကား စတင်ထုဆစ်ခဲ့လေပြီ။

အဆိုပါ အိပ်မက်များ၏ အဦးအစကား အရှေ့-အနောက်စီးပွားရေးစင်္ကြံပင်ဖြစ်တော့သည်။ ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းမှ အစပြု၍ လာအိုမှ စဗန်နာဗက်ခရိုင်၊ ထိုင်းနိုင်ငံမှ ခွန်ခမ်း၊ ပစ်စနုလောက်၊ ဆူခိုထိုင်း၊ တာ့ခ်ခရိုင်၊ မြန်မာနိုင်ငံအတွင်းရှိ ကရင်ပြည်နယ်၊ ဘားအံ၊ မြဝတီမြို့များကို ဖြတ်သန်းလာသောစင်္ကြံသည် မော်လမြိုင်တွင် ခရီးစဉ်ဆုံးကာ အက်ဒမန်ပင်လယ်ဆီသို့ မျှော်ကြည့်နိုင်ပြီဖြစ်သည်။ ဘန်ကောက်ဆိပ်ကမ်းနှင့် ရန်ကုန်ဆိပ်ကမ်းကြား သုံးရက်ခန့်နှင့် ရောက်ရှိနိုင်သော ကုန်းလမ်းခရီးသည် မလက္ကာရေလက်ကြားကို ဖြတ်သန်းရသည့် ရက်သတ္တပါတ် (၃) ပတ်ခန့်ကြာမြင့်တက်၍ ကြပ်တည်းသော ရေလမ်းခရီးထက်များစွာ တိုတောင်းလှပေသည်။ ထူးခြားသော စင်္ကြံလမ်းမကြီး၏ ထိုင်း- မြန်မာကြား ဂိတ်ပေါက်တွင်ကား ကရင်ပြည်နယ် တည်ရှိနေသည်။

ဧရိယာ စတုရန်းကီလိုမီတာ ၃၀,၃၈၃ ကျယ်ဝန်းသော ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းများအနက် ကျယ်ဝန်းမှု အဆင့် (၁၁) တွင် တည်ရှိသည်။ နှစ်ပေါင်းများစွာ ပြည်တွင်းပဋိပက္ခဒဏ်ခံခဲ့ရသောပြည်နယ်လေးသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုနှင့် နောက်ဆက်တွဲ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်း၊ ဆင်းရဲမွဲတေခြင်း၏ ဖိစီးမှုတို့ဒဏ်ခံခဲ့ရသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ငြိမ်းချမ်းရေးရောင်နီဖြင့် နိုးထလာသော ပြည်နယ်လေးသည် မိမိထက်နှစ်စဉ် GDP သာလွန်သော ထိုင်းနိုင်ငံမှ တာ့ခ်ခရိုင်နှင့် မွန်ပြည်နယ်ကဲ့သို့ အိမ်နီးချင်းများကို မှီရန် ကြိုးစားခဲ့ရပြန်သည်။

လိုအပ်ချက်များစွာနှင့် တည်ရှိနေသော ကရင်ပြည်နယ်၏ စီးပွားရေးကဏ္ဍ၌ အရှေ့-အနောက် စီးပွားရေးစင်္ကြံနှင့် အာရှလမ်းမကြီးသည် ကြီးမားသော မျှော်လင့်ချက်တို့ဖြစ်လာခဲ့သည်။ မွန်- ကရင်နယ်ခြား ဒုံသမိတံတားမှ မြဝတီမြို့ထိ ၁၆၅.၃၆ ကီလိုမီတာရှည်သော အာရှလမ်းမကြီး ကရင်ပြည်နယ်လမ်းပိုင်းနှင့် အရှေ့-အနောက်စီးပွားရေးစင်္ကြံ၏ ဆုံမှတ်ကား ဘားအံမြို့၏ အရှေ့ တောင်ဘက်ရှိ အိန္ဒုကျေးရွာပင် ဖြစ်တော့သည်။

အနောက်စီးပွားရေးစင်္ကြံ၏ ဆုံမှတ်ကား ဘားအံမြို့၏ အရှေ့တောင်ဘက်ရှိ အိန္ဒြကျေးရွာပင် ဖြစ်တော့သည်။

၂၀၁၅ ခုနှစ်တွင် စတင်အသုံးပြုခဲ့သော ၄၄ မိုင်ရှည်လျားသည့် ကော့ကရိတ်- မြဝတီ အာရှလမ်းပိုင်းသည် ကရင်ပြည်နယ်၏ ကုန်သွယ်မှုကဏ္ဍတွင် သာမက မြန်မာ့နယ်စပ်ကုန်သွယ်မှု အတွက်ပါ အရေးပါလာခဲ့သည်။ ယခင်က အတက် (၁) ရက်၊ အဆင်း (၁) ရက် သွားခဲ့ရသော အဆိုပါလမ်းပိုင်းကို မိနစ် (၄၀) ခန့်ဖြင့် ဖြတ်သန်းနိုင်ခြင်းမှာ ဒေသခံတို့အတွက် အံ့သြဘနန်းဖြစ်စေခဲ့သည်။

မြဝတီမြို့တွင် အကောက်ခွန် ရှင်းလင်းရေးစနစ် (MACCS) တပ်ဆင်နိုင်ခြင်းနှင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်သော အမှတ် (၂) ထိုင်း-မြန်မာချစ်ကြည်ရေးတံတားတို့က မြန်မာနယ်စပ်ကုန်သွယ်ရေးအတွက် စာမျက်နှာသစ်များ ဖြစ်လာပေသည်။ အာဆီယံတွင် မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်စဉ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်ရှိသည့်အနက် နယ်စပ်ကုန်သွယ်မှု ပမာဏ၏ ၇၀ % ကျော်သည် မြဝတီမြို့ကို ဖြတ်သန်းသွားလျက်ရှိပေသည်။

၂၂-၅-၂၀၂၁ ရက်နေ့တွင် အိန္ဒြ-ကော့ကရိတ် အကြား မိုင် ၅၀ ကျော် လမ်းပိုင်းအဆင့်မြှင့်တင်မှု ပြီးစီး ဖွင့်လှစ်နိုင်ခြင်းမှာ အချို့ပေါ်သကာလောင်းသည့် အောင်မြင်မှုဖြစ်တော့သည်။ ၂၀၁၉ ခုနှစ်တွင် စတင်တည်ဆောက်သည့် ဂျိုင်းတံတားသစ် ပြီးစီးချိန်တွင် မြဝတီ- ရန်ကုန် ခန့်မှန်းယာဉ်မောင်းနှင်ချိန်မှာ (၆) နာရီခန့်သာ ကြာမြင့်ပေလိမ့်မည်။

ကုန်သွယ်ရေးကဏ္ဍနှင့်အတူ ကျွဲကူးရေပါ ပါဝင်လာမည့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၊ တန်ဖိုးမြင့်ထုတ်ကုန်နှင့် လုပ်သားအခြေပြုထုတ်ကုန် ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ကရင်ပြည်နယ်၏ မျှော်လင့်ချက်အသစ်များက စီးပွားရေး စင်္ကြံလမ်းမကြီး၏ အောင်မြင်စွာ အဆင့်မြှင့်တင်သုံးစွဲနိုင်မှုနှင့်အတူ ပေါ်ပေါက်လာတော့မည့် နေ့သစ်၏အရုဏ်ဦးပင် ဖြစ်ပါတော့သည်။

နိုင်ဝင်းတိုး (ဘားအံ)

ကိုဗစ်- ၁၉ အလွန် လူမှု- စီးပွား ပြန်လည်ဦးမော့စေရန် မူဝါဒများရေးဆွဲရာတွင်

ကပ်ရောဂါကိုအမျိုးသားရေးအသွင်ဖြင့်ကျော်လွှားရန် လူမှု-စီးပွား သက်ရောက်မှု ကွင်းဆက်

ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့တစ်ဝှမ်းတွင် လူမှု- စီးပွားထိခိုက်မှုနှင့် အသက်ပေါင်းများစွာ ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံအသီးသီးတွင် ကပ်ရောဂါနှင့် အတူယှဉ်တွဲနေထိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိကြသည်။ ကပ်ရောဂါ ကျော်လွှားနိုင်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် ကာကွယ်ဆေးရရှိရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းများ ပြန်လည် ဦးမော့လာစေရန်နှင့် ရေရှည် အကျိုးရှိစေမည့် မူဝါဒများ ချမှတ် ဆောင်ရွက်လျက်ရှိကြသည်။ အစိုးရများအနေဖြင့် နိုင်ငံ့ဘဏ္ဍာရင်းမြစ်များကို ကာကွယ်ဆေးများဝယ်ယူခြင်းနှင့် စီးပွားရေး ပြန်လည်ဦးမော့စေမည့် အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်းတို့တွင် မျှတစွာ ချိန်ဆ အသုံးပြုလျက်ရှိပြီး နိုင်ငံအလိုက် သာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကပ်ရောဂါကို ခုခံကာကွယ်လျက်ရှိကြသည်။ သို့သော် ကိုဗစ်-၁၉ သည် မျိုးကွဲများ ထပ်မံပြောင်းလဲလျက် ရှိရာကဏ္ဍအသီးသီးတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရလျက်ရှိသည်။



ရင်းမြစ် ။ ကမ္ဘာ့ဘဏ်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အခြေအနေသည် ကပ်ရောဂါ၏ ရိုက်ခတ်မှု၊ အခြားကဏ္ဍများသို့ သက်ရောက်မှု၊ အစိုးရ၏ မူဝါဒနှင့် အစိုးရ၏ စီးပွားရေး တုန့်ပြန်ဆောင်ရွက်ချက်များပေါ် မူတည်ပါသည်။ ရောဂါကူးစက်မှုကို လျှော့ချရန် ခပ်ခွာခွာနေခြင်း Social Distancing နှင့် အသွားအလာ ကန့်သတ်ခြင်း Lockdown များကြောင့် တုန့်နှေးလျက်ရှိသည့် စီးပွားရေးကို ပြန်လည်ဦးမော့စေရန် ဖြေလျှော့မှုများကို ချိန်သားကိုက်ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏ စီးပွားရေးသည်အတက်ဘက်သို့ ဦးတည်နိုင်မည် ဖြစ်သည်။

ကပ်ရောဂါကို ခံနိုင်ရည်ရှိရန် မည်ကဲ့သို့ဆောင်ရွက်ကြမည်နည်း။

ကပ်ရောဂါကို ရင်ဆိုင်လျက်ရှိသည့် နိုင်ငံများအနေဖြင့် ရောဂါပိုးနှင့် အတူယှဉ်တွဲနေထိုင်ကြရန် ကာကွယ်ဆေးရရှိမှု၊ ရောဂါ ထိန်းချုပ်ခြင်းနှင့် ငွေကြေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ကို ဦးစားပေး လုပ်ဆောင် ကြရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်မှစ၍ တစ်နှစ်ခွဲကြာကာလအထိ ကမ္ဘာတစ်ဝှမ်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူဦးရေ ၁၃၁ သန်း ကျော် ကူးစက်ခံရပြီး ၂.၈ သန်းခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ဒုတိယလှိုင်းနှင့် တတိယလှိုင်း၏ အတွေ့အကြုံများအရ ကပ်ရောဂါသည် အုပ်စုလိုက် ရောဂါပိုးယဉ်ပါးခြင်း Herd Immunity ရရှိမှသာ အရှိန်လျော့ရပ်တန့်သွားမည်ဟု သုံးသပ်ကြပြီး ကာကွယ်ဆေးရရှိမှုသည် အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်သည်။

Herd Immunity နှင့် ကာကွယ်ဆေး

လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ရောဂါကူးစက်မှုကို ခံနိုင်ရည်ရှိပြီး ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းနှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးမှသာ

အုပ်စုလိုက် ရောဂါပိုး ယဉ်ပါးသည့် အခြေအနေသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံများ အနေဖြင့် ကာကွယ်ဆေးကို COVAX အစီအစဉ်အရ အဖိုးနှုန်း သက်သာစွာဖြင့် အလွယ်တကူရရှိရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဆောင်ရွက်ရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအထိ ကမ္ဘာတစ်ဝှမ်းတွင် ကာကွယ်ဆေး ၄.၅၈ ဘီလီယံထိုးနှံခဲ့ပြီး လူဦးရေ ၁၀၀တွင် ၆၀ ဦး ကာကွယ်ဆေးရရှိပြီးဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ဥရောပတိုက်၏ ကာကွယ်ဆေးရရှိမှုသည် လူဦးရေ ၁၀၀ တွင် ၉၁ ဦး၊ မြောက်အမေရိကတိုက်တွင် ၈၈ ဦး၊ တောင်အမေရိကတိုက်တွင် ၆၈ ဦး၊ အာရှတိုက်တွင် ၆၄ ဦး၊ သမုဒ္ဒရာ အတွင်းရှိ ကျွန်းနိုင်ငံများတွင် ၄၁ ဦးနှင့် အာဖရိကတိုက်တွင် ၅.၈ ဦးတို့ဖြင့် ကာကွယ်ဆေးရရှိမှုသည် ကြီးမားစွာ ကွာဟလျက်ရှိသည်။ ၂၀၂၁ ခုနှစ်အကုန်တွင် ဝင်ငွေမြင့် နိုင်ငံများ အနေဖြင့် ၈၁ ရာခိုင်နှုန်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၅၅ ရာခိုင်နှုန်း ရရှိနိုင်မည်ဟု ခန့်မှန်းသည်။

ငွေကြေးဆိုင်ရာနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများ

အသွားအလာ ကန့်သတ်ခြင်းသည် ပြည်သူများ၏ အသက်ဆုံးရှုံးခြင်းမှ အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်သော်လည်း လူမှုဘဝနှင့်စီးပွားရေးတွင် နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ရသည်။ သို့သော် ကာလရှည်လည်ပတ်နိုင်ရေးအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ကြရမည်ဖြစ်ပြီးရောဂါထိန်းချုပ်ခြင်းနှင့်လူသားရင်းမြစ်ဆိုင်ရာမူဝါဒများကို အကောင်အထည် ဖော်ရာတွင် ရောဂါ ရာဇဝင်စစ်တမ်းကောက်ယူခြင်းနှင့် သီးခြားထားရှိခြင်း၊ ကာလရှည်ကြာကျောင်းများ ပိတ်ထားမှုကြောင့် လူစွမ်းအားရင်းမြစ်ကို ထိခိုက်စေခြင်းများကို ကာကွယ်နိုင်ရန် Smart Schooling များ ဆောင်ရွက်ခြင်း၊အလုပ်သမားများလုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ရန်နှင့် စားသောက်ကုန်စည်များ လွယ်ကူချောမွေ့စွာ စီးဆင်းနိုင်ရန်ဆောင်ရွက်ရမည် ဖြစ်သည်။

ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများကို ရေးဆွဲရာတွင် သက်ဆိုင်ရာ အစိုးရများ အနေဖြင့် လုပ်ငန်းစုများ ဒေဝါလီခံမှုနှင့် အလုပ်လက်မဲ့နှုန်း လျှော့ချရန် အထောက်အပံ့ပေးခြင်း၊ ငွေကြေးတည် ငြိမ်မှု မူဝါဒကို မထိခိုက်စေဘဲ ဖြေလျှော့မှုနှင့် ပြန် လည်ထူထောင်ရေးကို ပံ့ပိုးဆောင်ရွက်ခြင်း၊ ကုန် ထုတ်လုပ်မှုနှင့် အခြားကုန်ထုတ်လုပ်မှု ကဏ္ဍများ ကို ထိခိုက်စေမည့် ဖိအားပေးမှုများကို ရှောင်ကြဉ် ခြင်းနှင့် ကပ်ရောဂါကို ကျော်လွှားနိုင်မည့် ဒစ်ဂျစ် တယ်သုံးစွဲမှု အခွင့်အလမ်းများကို ထောက်ပံ့ပေး ရမည်ဖြစ်ပြီး ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးစသော ဝန်ဆောင်မှုကဏ္ဍများကို အကာအကွယ်ပေး ဆောင်ရွက်ရမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဒစ်ဂျစ်တယ်၏ အခန်း ကဏ္ဍကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည် ဖြစ် သည်။

ဒစ်ဂျစ်တယ် အသုံးပြုမှု ကွာဟချက်ကို မည်ကဲ့သို့ လျှော့ချမည်နည်း။

ဒစ်ဂျစ်တယ် အသုံးပြုမှုသည် ကပ်ရောဂါကာလ အတွင်း ထိရောက်သည့် ဆက်သွယ်မှု ပုံစံဖြစ်သော် လည်း နိုင်ငံများအကြား အခြေခံအဆောက်အအုံ ဆိုင်ရာ ကွာဟချက်များရှိသည်။အဆိုပါကွာဟချက် ကိုလျှော့ချရန် နိုင်ငံများအကြား ကာလရှည် ကြာစွာ အတူတကွ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် များ ချမှတ်၍ ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အ လက် မျှဝေခြင်းတို့ကို အဓိက ဆောင်ရွက်ရမည်ဖြစ် သည်။လက်ရှိတွင် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက် အအုံနှင့် ဒစ်ဂျစ်တယ် ချိတ်ဆက်ဆောင်ရွက်မှုသည် မျှခြေအဆင့်တွင် ရှိသော်လည်း သတင်းအချက်အလက် ဆိုင်ရာ အခြေခံအဆောက်အအုံများကို ပိုမိုတိုးမြှင့်၍ ခံနိုင်ရည်ရှိသော အသိုက်အဝန်း တည်ဆောက်ရန် ကြိုး ပမ်းကြရမည်ဖြစ်သည်။

အစိမ်းရောင်နှင့် ဒစ်ဂျစ်တယ် စီးပွားရေးတစ်ရပ် အဖြစ် ပြောင်းလဲရန် မည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက် မည်နည်း။

ကပ်ရောဂါအလွန် စီးပွားရေး ပြန်လည်ဦးမော့ စေရန်ဆောင်ရွက်ရာတွင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် စေရန်နှင့် အနာဂတ်ထိခိုက်မှုများကို ပိုမိုခံနိုင်ရည် ရှိသည့် အစိမ်းရောင်စီးပွားရေးကို ပြုပြင်ပြောင်း လဲရန်လိုအပ်ပြီး ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ ဖြစ်သောရေကြီးခြင်း၊တောမီးလောင်ကျွမ်းခြင်း၊မိုးခေါင် ရေရှားခြင်းစသည့် ဘေးအန္တရာယ်များကို ကြိုတင် ကာကွယ်၍ ကာလရှည်ကြာ စိန်ခေါ်မှုများအတွက် ပြင် ဆင်ကြရမည် ဖြစ်သည်။

ထို့ပြင် အစိမ်းရောင်စီးပွားရေးအတွက် မရှိမဖြစ် လိုအပ်သော ဒစ်ဂျစ်တယ် အဆောက်အအုံများ တိုးမြှင့် ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ သယ်ယူပို့ဆောင်ရေး နှင့် အခြားရုပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံ များကို လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေ ဖြစ်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။ အလားတူ ဆိုက်ဘာလုံခြုံရေး၊ ငွေကြေးခဝါချမှုနှင့်နယ်စပ်ဖြတ် ကျော်အခွန်ရှောင်မှု၊ ဒစ်ဂျစ်တယ်ဆိုင်ရာ ကုန်သွယ်မှု၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ပညာရေးနှင့် ကျန်းမာ ရေးဆိုင်ရာ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းများကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု ပုံစံဖြင့်

ဆောင်ရွက်ရမည် ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်ရာတွင် မူဝါဒ အကြံပေး သုတေသနအဖွဲ့များနှင့် ပြည်သူများအထူးသဖြင့် လူငယ်များ ပါဝင်သည့် နှီးနှောဖလှယ်ပွဲများနှင့် စကားဝိုင်းများ ကျင်းပ၍ အမြင်များ ဖလှယ်ကြရမည် ဖြစ်သည်။ အားလုံးပါဝင်၍ ပွင့်လင်းမြင်သာမှုရှိပြီး ခွဲခြားမှုမရှိမှသာ အပြန်အလှန်အကျိုးရှိသည့် ဝန်းကျင်ကောင်းတစ်ရပ် တည်ဆောက်နိုင်မည် ဖြစ်သည်။

အခက်အခဲအားလုံးကို နည်းလမ်းတစ်ခုတည်းဖြင့် ဖြေရှင်းနိုင်ခြင်းမရှိရာ နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ အနေအထားနှင့် ကိုက်ညီမည့် မူဝါဒများ ရေးဆွဲ၍ ကမ္ဘာတစ်ဝှမ်းအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ နိုင်ငံအသီးသီး အနေဖြင့် အပြန်အလှန် ချိတ်ဆက်၍ အားသာချက်/အားနည်းချက်များကို ဝေမျှခြင်းမှတစ်ဆင့် ပိုမို ကောင်းမွန်သည့် အစိမ်းရောင်ဒစ်ဂျစ်တယ် ဝန်းကျင် ကောင်းတစ်ရပ် ဖန်တီးနိုင်မည် ဖြစ်သည်။

နိဂုံး

ကမ္ဘာတစ်ဝှမ်းတွင် ကပ်ရောဂါနှင့် အတူယှဉ်တွဲ နေထိုင်ရန် အလေးထား ဆောင်ရွက်ကြရာတွင် စီးပွားရေး ပြန်လည်ဦးမော့လာစေရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်သည်။ မူဝါဒများရေးဆွဲရာတွင် ကပ်ရောဂါကိုကျော်လွှားရန်နှင့် ခံနိုင်ရည်ရှိရန် ကာကွယ်၊ ကုသရေးဆေးဝါးများရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ကပ်ရောဂါအလွန် လူမှု- ဘဝနှင့်ကိုက်ညီမည့် အစိမ်းရောင်နှင့် ဒစ်ဂျစ်တယ် စီးပွားရေးကဏ္ဍ၏ အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုင်းဝန်းဆောင်ရွက်မည်ဆိုပါက ဓလေ့သစ် New Normal သို့ မကြာမီကာလအတွင်း ပြန်လည် ရောက်ရှိနိုင်မည်ဖြစ်သည်။

ကိုးကား

1. Uneven Recovery: World Bank, East Asia and Pacific Economy Update, April 2021
2. Supporting Post- COVID-19 Economic Recovery in Southeast Asia: No. 175 March 2021
3. Report on ASEF Expert Webinar Series on ASEM's Post- Pandemic Socio- Economic Recovery Efforts: Asia- Europe Foundation

ဒေါက်တာပင်လုံအေး

စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လှုပ်ရှားမှုများ

ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်း နိုင်ငံတိုင်းကတော့ သူတို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းလမ်းမျိုးစုံသုံးပြီး ဆောင်ရွက်နေကြတာပါပဲ။ ဒီလို ဆောင်ရွက်ကြရာမှာ နည်းလမ်းတွေမျိုးစုံ ရှိနေပေမယ့် လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းတွေကတော့ တိုင်းပြည်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတိုင်း အလေးအနက်ထား လုပ်ဆောင်ရတဲ့ ကဏ္ဍတွေပါပဲ။ ဒီလိုပါပဲ မြန်မာနိုင်ငံအနေနဲ့လည်း အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှု တာဝန်ခံမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေက တိုင်းပြည်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အပံ့ကြီးကြီးမားမားဖြစ်စေတယ်ဆိုတာကိုအားလုံးသိရှိနားလည် ပြီးသားပါ။ ဒါကြောင့်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန လက် အောက်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး အဂျင်စီအဖြစ် တာဝန်ယူပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လှုပ်ရှားမှုတွေကို စဉ် ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) နှင့်အညီ အလေးပေးဆောင်ရွက်နေတာပေါ့။ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အဂျင်စီအဖြစ် ဆောင် ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြား မှု ဦးစီးဌာနအနေနဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနဲ့ သက်ဆိုင်တဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ ပြုလုပ်တဲ့ နေရာမှာ ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေရော ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေကပါ မြန်မာနိုင်ငံမှာ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းတွေနဲ့ ပတ်သက်လာရင် “ဟာ ... ပွင့်လင်း မြင်သာမှုရှိလိုက်တာ၊ အင်း ... ငါတို့ ယုံ ကြည်လို့ ရနိုင်တာပဲ” ဆိုတဲ့ အသိအမှတ်ပြုမှုမျိုး ရသွားလောက်တဲ့အထိ စီးပွားရေးအခြေခံတွေ တည် ဆောက်ပေးဖို့ ကြိုးစားနေသလို မြန်မာနိုင်ငံရဲ့ တန်ဖိုး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်တွေကို အလေး ထားတဲ့ တာဝန်ယူမှုရှိပြီး အရည်အသွေးပြည့်ဝတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေအတွက် အခွင့်အလမ်း အမြောက်အမြားဖော်ထုတ်ပေးနိုင်ဖို့အားထုတ်ကြိုးပမ်း နေပါတယ်။

အားလုံးသိကြတဲ့ အတိုင်းပါပဲ မြန်မာနိုင်ငံကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် MSME လိုလုပ်ငန်းတွေ ကနေ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေအထိ ပါဝင်တဲ့ ပုဂ္ဂလိ က ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဟာ အသက်ပါပဲ။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအဖြစ် ဆောင်ရွက် နေတဲ့ စာရေးသူတို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ဒီလိုလုပ်ငန်းတွေကို ကူညီ ထောက်ပံ့ပေးနိုင်တဲ့၊နောက်တစ်နည်းပြောရရင် လက်ရှိ အခြေအနေထက် ပိုပြီးအားကောင်းတဲ့ အဆင့်ဆီဆွဲခေါ် မြှင့်တင်ပေးနိုင်တဲ့ စီးပွားရေးဝန်းကျင် တစ်ရပ်ပေါ် ထွန်းလာအောင်ပြင်ဆင်တာနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့် တင်တာတွေဟာ ပုဂ္ဂလိက ကဏ္ဍရှင်သန်ရေးကို သိသိ သာသာ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ပါတယ်။ ဒါကြောင့် မို့လည်း စာရေးသူတို့အနေနဲ့ ပြည်တွင်းရင်းနှီး မြှုပ်နှံမှု တင်မကဘူး ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေပါ ပိုမိုပေါ် ထွန်းလာအောင် ဦးတည်ချက်ထားပြီး ရင်းနှီးမြှုပ်နှံ မှုမြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုပေါင်း အမြောက် အမြားကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဆောင်ရွက် နေပါ တယ်။ ရင်းနှီးမြှုပ်နှံသူတွေဆိုတာကလည်း သူတို့ စိတ်ဝင်စားတဲ့ နိုင်ငံတစ်နိုင်ငံရှိလာပြီဆိုရင် အဲ့ဒီနိုင်ငံထဲ မှာ လာပြီးရင်းနှီးမြှုပ်နှံမှု မလုပ်ခင်မှာ သူတို့သိချင်တဲ့ အချက်တွေကို အရင်ရှာဖွေစုံစမ်းလေ့ရှိပါတယ်။ ဒီလို

သဘာဝမျိုးရှိလေတော့ မြန်မာနိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဆထက်ထမ်းပိုး တိုးတက် ဖြစ်ထွန်းလာဖို့ဆိုရင်တော့ နိုင်ငံရဲ့စီးပွားရေး ဝန်းကျင် အခြေအနေကို ရင်းနှီးမြှုပ်နှံလိုတဲ့သူတွေ အခုထက်ပိုပြီး သိလာအောင် ဖော်ထုတ်ပေးဖို့ လို လာတာပေါ့။ ဒါ့ကြောင့်မို့လည်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနည်းလမ်းတွေထဲကတစ်ခုဖြစ်တဲ့ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးနဲ့ဆိုင်တဲ့ အထောက်အကူပြု စာအုပ် စာတမ်းတွေ အမြောက်အမြား ထုတ်ဝေခဲ့ ကြပါတယ်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလှုပ်ရှား ဆောင်ရွက်မှုတွေ မလုပ်ခင်မှာ ပထမဆုံးလုပ်ရတဲ့ ကိစ္စကတော့ စီမံကိန်းရေးဆွဲရတာပါ။ ဒီလိုစီမံကိန်း ရှိထားမှပဲ ကာလတို လုပ်ဆောင်ရမယ့် လုပ်ငန်း တွေရောကာလရှည်ရည်မှန်းချက်တွေကိုပါ သေသေ ချာချာ ချိန်ဆဆောင်ရွက်နိုင်မှာပါ။ ဒါကြောင့်လည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း (Myanmar Investment Promotion Plan–MIPP) ကို ၂၀၁၈ ခုနှစ်မှာ ရေးဆွဲထုတ်ပြန်ခဲ့ပြီး စီမံကိန်း လုပ်ငန်းရည်မှန်းချက် တစ်ဆင့်ချင်းစီကို တက်လှမ်း ကျော်ဖြတ်နိုင်ဖို့ ကြိုးပမ်းနေကြပါတယ်။

အဲဒီနှစ်အတွင်းမှာပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ တွေအနေနဲ့ မြန်မာနိုင်ငံကို လာရောက်ရာမှာ မြန်မာ နိုင်ငံအတွင်းက စီးပွားရေး အခွင့်အလမ်းတွေ အကြောင်းနဲ့ မြန်မာနိုင်ငံထဲ စီးပွားရေးလာရောက် လုပ်ကိုင်ရာမှာ ဖြတ်ကျော်ရမယ့်အဆင့်တွေကို ကြို တင် လေ့လာသိရှိနိုင်စေဖို့ Myanmar Investment Guide 2018 ကိုလည်း ရေးသားထုတ်ဝေနိုင်ခဲ့ပါ တယ်။

ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ နေရာဒေသသစ် တစ်ခုမှာလာပြီး ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါ ဒေသခံ တွေရဲ့ ရိုးရာဓလေ့နဲ့ အလေ့အထတွေ မသိတဲ့အတွက် အခက်အခဲပြဿနာတွေ တွေ့ရတတ်ပါသေးတယ်။ ရင်းနှီးမြှုပ်နှံသူက ရိုးရိုးသားသားပြောလိုက်မိတဲ့ စကား တစ်ခွန်း ဒါမှမဟုတ် ဖော်ပြမိတဲ့ အပြုအမူတစ်ရပ်ဟာ ဒေသခံဝန်ထမ်း ဒါမှမဟုတ် ရပ်ရွာလူထုကို မရည် ရွယ်ဘဲ စော်ကားမိသလို ဖြစ်သွားပြီး အဲဒီလုပ်ငန်း အတွက်မလိုလားအပ်တဲ့ ပြဿနာတွေ ကြုံတွေ့ရတတ် ပါတယ်။ မြန်မာနိုင်ငံမှာ လာပြီးရင်းနှီးမြှုပ်နှံတဲ့ ရင်းနှီး မြှုပ်နှံသူတွေအနေနဲ့လည်း စာရေးသူတို့ရဲ့ မြန်မာ့ ယဉ်ကျေးမှုကို သိရှိလေး စားတတ်ဖို့နှင့် တစ်ခါတစ်လေ ရိုးရာယဉ်ကျေးမှုအပေါ် နားလည်မှုလွဲမှားတဲ့အတွက် ရပ်ရွာလူထုနှင့် လုပ်ငန်းခွင်အတွင်းမှာ ဖြစ်ပေါ်လာ နိုင်တဲ့ ဒါမှမဟုတ် ဖြစ်ပေါ်လာတတ်တဲ့ ပြဿနာတွေကို ကြိုသိပြီး ရှောင်ရှားနိုင်ဖို့အတွက် “လုပ်ငန်းခွင်တွင် မြန်မာ့ယဉ်ကျေးမှုကို လေးစားလိုက်နာခြင်း” ဆိုတဲ့ စာစောင်ငယ်ကို ၂၀၁၉ ခုနှစ်မှာ ထုတ်ဝေခဲ့ပါတယ်။ အခုစာစောင်ကိုသာ ကြိုပြီး ဖတ်ထားမိမယ်ဆိုရင် ကုမ္ပဏီ အနေနဲ့ “လူထုသဘောတူခွင့်ပြုမှု” ကိုရဖို့ ကြိုး စားရာမှာ တစ်ဖက်တစ်လမ်းက အထောက်အကူပြု နိုင်မှာပါ။ ဒီစာစောင်ကိုလည်း မြန်မာဘာသာစကားနဲ့ တင်မဟုတ်ဘူးနော်။ အင်္ဂလိပ်၊တရုတ်နှင့် ဂျပန်ဘာသာ စကားတွေနဲ့လည်းထုတ်ဝေထားပါသေးတယ်။ ဒါတင်ပဲ လား ဆိုတော့ မဟုတ်သေးပါဘူး။ နိုင်ငံတကာရဲ့ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုတွေမှာ ကျယ်ကျယ် ပြန့်ပြန့်အသုံးပြုလေ့ရှိတဲ့ နည်းလမ်းတွေကို လေ့လာ ပြီး မြန်မာ့ရင်းနှီးမြှုပ်နှံမှု နယ်ပယ်မှာလည်း ပြန်ပြီး အသုံးချနိုင်ဖို့ဆိုပြီး “Handbook on Policies, Promotion and Facilitation of Foreign Direct Investment for Sustainable Development in Asia and the Pacific”စာအုပ်ကို“ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူ

ချောမွေ့စေရေးလက်စွဲစာအုပ်” အဖြစ် ၂၀၁၉ ခုနှစ်မှာအောင်မြင်စွာဘာသာပြန်ဆိုထုတ်ဝေနိုင်ခဲ့ပါသေးတယ်။

ဒီလိုစာအုပ်စာစောင်တွေအပြင် ရင်းနှီးမြှုပ်နှံမှုလက်ကမ်းစာစောင်တွေကို မြန်မာဘာသာ၊ တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာစသဖြင့် ဘာသာစကားမျိုးစုံနဲ့လည်း ထုတ်ဝေခဲ့ပြီးပါပြီ။ ဒါ့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်တွေရဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းစစ်တမ်းတွေ၊ သုတေသနစာအုပ်တွေ ထုတ်ဝေရာမှာလည်း လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးခဲ့ပါသေးတယ်။

စာအုပ်စာစောင်တွေ ထုတ်ဝေနေရုံနဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ဆောင်ချက်တွေက မပြည့်စုံသေးပါဘူး။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနဲ့ သက်ဆိုင်တဲ့ ညီလာခံတွေ၊ ပြပွဲတွေ၊ ဖိုရမ်တွေ၊ ဆွေးနွေးပွဲတွေစတဲ့ အခမ်းအနားမျိုးစုံကို မတူညီတဲ့ နေရာဒေသအစုံမှာ ကျင်းပပေးတာကလည်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို အထောက်အကူဖြစ်စေတဲ့ နောက်ထပ် နည်းလမ်းတစ်ခုပေါ့။ ဒီလိုဆိုတော့ စာရေးသူတို့ဘာတွေလုပ်ခဲ့ကြပြီးပြီလည်း တစ်ချက်ပြန်ကြည့်ရအောင်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီရဲ့ အဓိက ယန္တရားကြီးဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲအနေနဲ့ ပထမဦးဆုံး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးပြပွဲကို ၂၀၁၅ ခုနှစ်မှာ မန္တလေးတိုင်းဒေသကြီးမှာ ကျင်းပ ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီပွဲပြီးတဲ့နောက်မှာလည်း ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီးအခြားတိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာပါ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးပြပွဲတွေကို ဆက်ကာ ဆက်ကာ ကျင်းပနိုင်ခဲ့ပါသေးတယ်။ ကျင်းပ ပြီးခဲ့တဲ့ တိုင်းဒေသကြီး နှင့် ပြည်နယ်တွေကို ကြည့်လိုက်မယ်ဆိုရင် ရှမ်းပြည်နယ်အတွက် ၂၀၁၇ ခုနှစ်မှာ တစ်ကြိမ်နှင့် ၂၀၁၉ ခုနှစ်မှာ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ကျင်းပပြုလုပ်ပေးနိုင်ခဲ့သလို ရှမ်းပြည်နယ်လိုပဲ ရန်ကုန်တိုင်းဒေသကြီးမှာလည်း နှစ်ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဒါကတော့ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွေမှာ ကျင်းပခဲ့တာပါ။ ဒါ့အပြင် ၂၀၁၈ ခုနှစ်အတွင်းမှာဆိုရင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှာ ကျင်းပနိုင်ခဲ့သလို ၂၀၁၉ ခုနှစ်အတွင်းမှာတော့ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့မှာလည်း ဆက်လက် ကျင်းပနိုင်ခဲ့ပါသေးတယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ အားလုံးသိကြတဲ့အတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အခမ်းအနားတွေကို ခေတ္တရပ်နားထားရပါတယ်။ ဒီလိုရပ်နားထားရတယ် ဆိုပေမယ့်လည်း စာရေးသူတို့ဌာနရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုအရှိန်အဟုန်ကိုတော့ ဒီရောဂါဆိုးကကြာရှည်ဆွဲတားထားနိုင်စွမ်းမရှိပါဘူး။ ခေတ်ကာလနဲ့ကိုက်ညီတဲ့ Online Forum တွေကို ဆက်ပြီးကျင်းပနိုင်ဖို့ ကြိုးစားအားထုတ်ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အလမ်းတစ်ခုဖြစ်လာစေမယ့် “စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စကားဝိုင်း ဆွေးနွေးပွဲ” ကျင်းပပြုလုပ်ခဲ့တာ ကလည်း ၂၀၂၁ ခုနှစ်အတွင်း အောင်မြင်ခဲ့တဲ့ Virtual Meeting တွေထဲက တစ်ခုပါပဲ။

ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ သူတို့ရည်ရွယ် ထားတဲ့နိုင်ငံတစ်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု မလုပ်ခင် အဲ့ဒီနိုင်ငံရဲ့နိုင်ငံရေး၊စီးပွားရေးနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကို ရှာဖွေတွက်ချက်လေ့ရှိပြီးတော့ သူတို့အတွက် လုပ်ကိုင်ရတာလည်း အဆင်ပြေလွယ်ကူပြီး အကျိုးအမြတ်လည်း ရနိုင်တယ်ဆိုမှ ရင်းနှီးမြှုပ်နှံ

လေ့ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအဖွဲ့အစည်းတွေအနေနဲ့ မိမိတို့နိုင်ငံကို ရင်းနှီးမြှုပ်နှံသူတွေရဲ့အမြင်မှာ ပုံရိပ်ကောင်းတွေ ရရှိနိုင်ဖို့ အတွက် ရင်းနှီးမြှုပ်နှံသူနှင့် ဆက်ဆံရေးကောင်းမွန်အောင် ကနဦးတည်ဆောက်ကြရပါတယ်။ ဒီလိုပုံရိပ်ကောင်း တည်ဆောက်ထားနိုင်မှသာ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ရဲရဲဝံ့ဝံ့ရင်းနှီးမြှုပ်နှံရဲကြမှာပေါ့။

အင်တာနက်စနစ်ရဲ့ အရှိန်အဟုန်နဲ့ တိုးတက်လာမှုကြောင့်ပဲ ပြောရမှာပေါ့။ အခုဆိုရင် ရင်နှီးမြှုပ်နှံသူတွေအနေနဲ့ သူတို့စိတ်ဝင်စားတဲ့ နေရာဒေသတွေရဲ့အကြောင်းကို လေ့လာတဲ့အခါ Website ပေါ်ကနေ လေ့လာတာတွေ ပိုများလာပါတယ်။ Website တစ်ခုက ဌာနနဲ့ ရင်းနှီးမြှုပ်နှံသူအကြားက ဆက်သွယ်မှုတစ်ခု အဖြစ်တင်မကပါဘူး ယုံကြည်မှုကိုပါ တည်ဆောက်ပေးနိုင်ပါတယ်။ စာရေးသူတို့ရဲ့ဦးစီးဌာနအနေနဲ့လည်း ခေတ်စနစ်နဲ့လျော်ညီစွာ Website၊ Email နှင့် လူမှုကွန်ရက် (Social Media) တွေကို အသုံးပြုဆောင်ရွက်နေပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဌာနရဲ့ Website နှင့် Facebook Page ကို တည်ထောင်ပြီး ဦးစီးဌာနရဲ့ သတင်းအချက်အလက်တွေကို ရင်းနှီးမြှုပ်နှံသူတွေ သိရှိနိုင်ဖို့ ဖြန့်ဝေပေးတာတွေ၊ Messenger ကနေ ရင်းနှီးမြှုပ်နှံသူတွေ မေးမြန်းလာတဲ့ မေးခွန်းတွေကို အလိုအလျောက် ပြန်လည်ဖြေကြားတဲ့ စနစ်ထည့်သွင်းပေးတာတွေ၊ အီးမေးလ်က တစ်ဆင့် မေးမြန်းချက်တွေကိုလည်း အချိန်နှင့် တပြေးညီ ပြန်လည်ဖြေကြားပေးတာတွေ ဆောင် ရွက်ပေးနေပါတယ်။

လုပ်ဆောင်ချက်တွေက ဒါပဲလား၊ ကုန်ပြီလားလို့ မေးလာရင် စာရေးသူတို့ရဲ့အရွေ့က ဒီလောက် စွမ်းအား မနည်းဘူးလို့ပဲ ပြန်ဖြေပါရစေ။ ရင်းနှီး မြှုပ်နှံသူအချင်းချင်း ပူးပေါင်းဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေဖို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့ အခြေခံသတင်းအချက်အလက်တွေကို ဌာနရဲ့ Website မှာရှိတဲ့ မြန်မာရင်းနှီးမြှုပ်နှံမှုလမ်းညွှန် (Myanmar Online Investment Directory – MyInDy) မှာလည်း ဖော်ပြပေးထားပါသေးတယ်။ ဒီလိုဖော်ပြထားတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးလေ့လာချင်တဲ့အခါ ဒါမှမဟုတ် ဆက်သွယ်ချင်တဲ့အခါမှာ အလွယ်တကူ ဆက်သွယ်နိုင်ပါတယ်။ Website ပေါ်မှာလည်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အထောက်အကူပြု စာအုပ်စာစောင်တွေ၊ Video Clip တွေနှင့် လက်ကမ်းစာစောင်တွေကိုလည်း အလွယ်တကူ download ရယူနိုင်စေဖို့ မျှဝေပေးထားပါသေးတယ်။

မြန်မာစကားတစ်ခု ရှိပါတယ်။ ကျုံးသွင်းတယ်ဆိုတဲ့ စကားလုံးပါ။ ကျုံးသွင်းတယ်ဆိုတာ ဘာလဲ။ ကျုံးသွင်းတယ်ဆိုတာ ဆင်ရိုင်းတွေကို ဖမ်းတဲ့နေရာသုံးလေ့ရှိတဲ့နည်းလမ်းပါ။ ဆင်ရိုင်းတွေကို ဖမ်းတော့မယ်ဆိုရင် တောထဲမှာ ဝင်ပေါက်ကျယ်ရာကနေ တဖြည်းဖြည်း ကျဉ်းသွားတဲ့တိုင်တွေ အရင်စိုက်ထားရပါတယ်။ ပြီးရင်တော့ ဆင်ရိုင်းတွေထဲကမှ ကိုယ်တွေ ပစ်မှတ်ထားတဲ့ဆင်ကို အဲဒီလမ်းကြောင်းထဲ ရောက်အောင် မောင်းသွင်းရပါတယ်။ ဒီလိုသဘောတရားမျိုးပါပဲ စာရေးသူတို့ ဦးစီးဌာနဟာလည်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီတစ်ခုဖြစ်တာနဲ့အညီ မြန်မာနိုင်ငံကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး ဌာနကို ဆက်သွယ်လာတဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ပဲ လက်တွဲဆောင်ရွက်နေရုံနဲ့ ရောင့်ရဲတင်းတိမ်နေခြင်းမရှိပါဘူး။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီရဲ့ ပင်မအင်ဂျင်ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဌာနခွဲဟာ မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံစေလိုတဲ့ ကုမ္ပဏီ

တွေကို ပစ်မှတ်ထားရွေးချယ်ပြီး သွားရောက်ဆွေးနွေး ဖိတ်ခေါ်မယ့် အစီအစဉ်ဖြစ်တဲ့ Investor Targeting Campaign ကိုလည်း ဆောင်ရွက်နေပါတယ်။ ဒီအစီအစဉ်အတွက် ဌာနတွင်းလုပ်ငန်းအဖွဲ့ဖွဲ့စည်းထားသလို ဦးစားပေးကဏ္ဍ ရွေးချယ်ထားပြီး သတ်မှတ်ထား တဲ့နိုင်ငံမှာရှိတဲ့ ရင်းနှီးမြှုပ်နှံနိုင်ခြေရှိတဲ့ နောက်တစ်နည်းပြောရရင် နိုင်ငံရဲ့ ဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ကောင်း ဖြစ်စေမယ့် ကုမ္ပဏီတွေကို ကျူးသွင်းဆွဲဆောင်မယ့် အစီအစဉ် တစ်ခုဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်တယ်ဆိုတာ ပုံနှိုင်းပြရရင် ကုမ္ပဏီတစ်ခုက Marketingနဲ့ အလားသဏ္ဌာန်တူပါတယ်။ ရင်းနှီးမြှုပ်နှံမှု အေဂျင်စီရဲ့ အလုပ်က သူတို့ရဲ့တည်နေရာမှာ ရင်းနှီးမြှုပ်နှံသူတွေလာရောက်ရင်းနှီးမြှုပ်နှံချင်အောင်ဆွဲဆောင်ရပါတယ်။ တကယ်လို့များသာ ကိုယ့်ရဲ့တည်နေရာဟာ စီးပွားရေးလုပ်လို့ကောင်းတဲ့ အခြေအနေ (Business –friendly)ဖြစ်မနေဘူးဆိုရင် ကြော်ငြာ (Advertise) ရတာခက်ခဲလေ့ရှိပါတယ်။ နောက်တစ်နည်းပြောရရင် ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေနဲ့ နေရာသစ်တစ်ခုမှာ ရင်းနှီးမြှုပ်နှံမှုစဖို့ ပြင်ဆင်ရတာ ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်မယ့်နေရာကို ကွင်းဆင်းလေ့လာရတာတွေအတွက် သူတို့ရဲ့ အချိန်တွေ၊ ငွေတွေ၊ အင်အားတွေ စိုက်ထုတ်ပြီးကာမှ အရာရာဟာ သူတို့ ထင်သလို ဖြစ်မလာခဲ့ဘူးဆိုရင် ကဲ ... ဘာတွေဆက်ဖြစ်မယ်ထင်သလဲ။ပိုဆိုးတာက ရင်းနှီးမြှုပ်နှံသူတွေကသူတို့ကြုံတွေ့ရတာတွေကို အခြားမိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်တွေကိုပါ မျှဝေလေ့ရှိတော့ ဒီလိုသတင်းစကားမျိုးဟာ တစ်ခါတစ်ရံမှာ ရင်းနှီးမြှုပ်နှံမှု အေဂျင်စီတွေရဲ့ အချိန်တွေ၊ ငွေတွေ၊ လူအင်အားတွေ စိုက်ထုတ်ကြိုးပမ်းတာထက်တောင်အင်အားကြီးမားနိုင်ပါသေးတယ်။ ဆိုတော့ စာရေးသူတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကို သူတို့ တွေးထင်ထားတာထက် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဖို့လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်သာ ပိုမို ကောင်းမွန်လာမယ်ဆိုရင် အဲ့ဒီနိုင်ငံကို ရင်းနှီးမြှုပ်နှံသူတွေ ပိုမိုစိတ်ဝင်စားလာပြီး ရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးဝင်လာနိုင်တာပေါ့။ ဒီလိုဆိုတော့ စာရေးသူတို့အနေနဲ့ ဌာနဆိုင်ရာ အခမ်းအနားတွေ၊ အခြားအဖွဲ့အစည်းတွေက ကျင်းပပြုလုပ်တဲ့ အခမ်းအနားတွေမှာ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေမယ့် အကြံပြုချက်တွေကိုလည်း ကြုံရင်ကြုံသလို ဆွေးနွေးပေးရသလို သင့်တော်တဲ့ အစီရင်ခံစာတွေမှာ အလျဉ်းသင့်သလို အကြံပြုတင်ပြချက်တွေ ထည့်သွင်းပေးရပါတယ်။ ဒါ့အပြင် တည်ရှိပြီးဖြစ်တဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ဌာနအကြားမှာလည်း ကောင်းမွန်တဲ့ ဆက်ဆံရေးရှိနေအောင် ကြိုးစားတည်ဆောက်ထားရပါတယ်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ စွမ်းဆောင်မှုနှင့် အောင်မြင်မှုကောင်းတွေရဖို့ဆိုရင် ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်တွေကလည်း ကောင်းမွန်နေဖို့လိုအပ်တာပေါ့။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဌာနခွဲရဲ့ ယန္တရား အစိတ်အပိုင်းတွေဖြစ်တဲ့ဝန်ထမ်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို အထောက်အကူဖြစ်စေမယ့် စွမ်းဆောင်ရည်မြှင့် သင်တန်းတွေ အဆက်မပြတ် ပြုလုပ်ပေးနေပါတယ်။ ဌာနမှာရှိတဲ့ ဝန်ထမ်းတွေရဲ့ Media နှင့် Communication Skill ပိုမိုကောင်းမွန်ဖို့အတွက် လုပ်ငန်းခွင်သုံး အင်္ဂလိပ်ဘာသာစကား သင်တန်းတွေ၊ သတင်းမီဒီယာပိုင်းဆိုင်ရာ အတတ်ပညာတွေ ပြည့်ဝလာစေဖို့ ခါတ်ပုံနှင့် ဗီဒီယိုရိုက်ကူး တည်းဖြတ်သင်တန်းတွေ၊ အခြေခံသတင်း ရေးသားနည်းနှင့် လူမှုကွန်ယက်တစ်ခုဖြစ်တဲ့ Facebook ကို အကျိုး ရှိရှိ အသုံးပြုနည်းတွေ၊ ဌာနကို လာရောက်တဲ့ ဧည့်သည်

တွေအပေါ် ကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့နှင့် ဝန်ထမ်းအချင်းချင်း အပြန်အလှန် နားလည်မှုရှိရှိ ပူးပေါင်း ဆောင်ရွက်နိုင်စေဖို့အတွက် Customer Service Training သင်တန်းတွေ၊ Public Relations နှင့်ပတ်သက်တဲ့ PR Products တွေရဲ့ အရည်အသွေး ကောင်းမွန်စေဖို့အတွက် Professional Graphic Design သင်တန်းတွေကိုလည်း အသီးသီးတက်ရောက်စေခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ်ကစပြီး ကမ္ဘာ့စီးပွားနှင့် လူမှုရေး နယ်ပယ်ကို ကြီးကြီးမားမား ရိုက်ခတ်မှုဖြစ်စေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကြောင့် စာရေးသူတို့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုတွေမှာလည်း သိသာတဲ့ရိုက်ခတ်မှုတွေ ဖြစ်ခဲ့ပါတယ်။ အရင်ကတိုင်းဒေသကြီးနှင့် ပြည်နယ်တွေရဲ့ မြို့တော်တွေမှာ တစ်ပွဲပြီးတစ်ပွဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးပွဲတွေဟာလည်း မထင်မှတ်ဘဲ ရုတ်ချည်းရပ်တန့်ခဲ့ရပါတယ်။ ဌာနကိုလာရောက်တွေ့ဆုံလိုတဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက်လည်း အကန့်အသတ်တချို့ ကြုံတွေ့ခဲ့ရပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို သွားရောက် ဆွေးဆောင်မယ့် ပြည်တွင်း/ပြည်ပခရီးစဉ်အချို့ကိုလည်း နောက်ဆုတ်ပေးခဲ့ရပါသေးတယ်။

ဒီလို အခက်အခဲတွေကြုံတွေ့နေပေမယ့် စာရေးသူတို့ ဌာနအနေနဲ့ ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ လျော်ညီတဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နည်းလမ်းတွေကို ထိုးထွင်းကြံဆ လုပ်ဆောင်ခဲ့ကြပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ပိုမိုတိုးတက်ကောင်းမွန်တဲ့ ဆက်ဆံရေးရရှိစေဖို့ Public Relation Tools တစ်ခုအနေနဲ့ ဌာနရဲ့ Website ကို အများပြည်သူ အလွယ်တကူ အသုံးပြုနိုင်မယ့် Mobile Application (Android Version) အဖြစ် ရေးဆွဲနေပါတယ်။ ဒီ Mobile Application ရေးဆွဲပြီးသွားပြီဆိုရင် ရင်းနှီးမြှုပ်နှံသူဖြစ်ဖြစ်၊ ရင်းနှီးမြှုပ်နှံလိုသူဖြစ်ဖြစ်၊ ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ကိစ္စတွေကို စိတ်ပါဝင်စားတဲ့သူတွေ အနေနဲ့ဖြစ်ဖြစ် အရင်လို ဌာန Website လိပ်စာကို မှတ်ထားနေစရာမလိုဘဲ Google Play Store ကနေ Application ကို ဒေါင်းလုပ်ဆွဲပြီး နေ့စဉ်သတင်းအသစ်တွေကို အလိုရှိချိန်တိုင်းမှာ Online ကနေ တစ်ဆင့် လေ့လာခွင့်ရသွားပါလိမ့်မယ်။ အသွင်အပြင်အနေနဲ့ကလည်း အသုံးပြုသူ (User) အများစုသိရှိလိုတဲ့ ပုံနှိပ်ထုတ်ဝေထားတဲ့စာအုပ်စာစောင်တွေ (Publication)၊ သတင်းတွေ(News)၊ကြေညာချက်တွေ (Announcement)၊ သတင်းအချက်အလက်နှင့် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းတွေ (Data and Statistics) နှင့် မူဝါဒနှင့် ဥပဒေရေးရာ ကိစ္စရပ်တွေကို အသားပေး ဖော်ပြထားပါတယ်။ ဒါ့ကြောင့် သာမန် နည်းလမ်းအတိုင်း Website ကို ဝင်ကြည့်တာထက် ပိုမိုလွယ်ကူပြီး စိတ်ဝင်စားမှုမြင့်တက်စေမယ့် ဖန်တီးမှုတစ်ခုကို မကြာမီအချိန်အတွင်း ရရှိခံစားရနိုင်တော့မှာပါ။

ကမ္ဘာ့ကပ်ရောဂါဖြစ်နေတဲ့ခုလိုကာလမှာဒီလောက်နဲ့ပဲ ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လှုပ်ရှားမှုတွေ ရပ်တန့်သွားပြီလားဆိုရင် မပြီးသေးပါဘူး။ ရင်းနှီးမြှုပ်နှံသူတွေသိရှိလိုတဲ့ အကြောင်းအရာတွေကို တွေ့ဆုံဆွေးနွေး အဖြေရှာပေးတဲ့စနစ်ကို အရင်လို လူချင်းတွေ့ဆုံပြောဆို ဆွေးနွေးကြတဲ့ စနစ် ကနေ Online ပေါ်ကနေတွေ့ဆုံခွင့် (Appointment) ယူပြီး Virtual Meeting ပြုလုပ်တဲ့ စနစ်ကို တည်ဆောက်နေပါတယ်။ ဒီစနစ်ကို “DICA Online Solution- DOSo” လို့ အမည် ပေးထားပါတယ်။ ဒီစနစ်အရ တွေ့ဆုံလိုသူအနေနဲ့ မိမိအားမယ့် အချိန်နဲ့ ဌာနဘက်က လက်ခံတွေ့ဆုံနိုင်မယ့်အချိန်ကို ချင့်ချိန်ပြီး တွေ့ဆုံခွင့်တောင်းခံနိုင်တယ်ဆိုတော့ အခုလိုကာလမှာ ရင်းနှီးမြှုပ်နှံသူ

တွေအတွက် အချိန်ကုန်၊ ငွေကုန် သက်သာတဲ့ စနစ်ကောင်းလေးဖြစ်လာမှာ မြေကြီး လက်ခတ်မလွဲပါပဲ။

ဒီလို ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ဒီဂျစ်တယ်ပလက်ဖောင်းပေါ်ကို တက်ရောက်ဖို့ ကြိုးပမ်းနေသလို ယခင်ဆောင်ရွက်ခဲ့တဲ့ လုပ်ဆောင်ချက်တွေကိုလည်း ပစ်ပယ်ထားလို့မရပါဘူး။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့်သက်ဆိုင်တဲ့ ထုတ်ဝေခဲ့ပြီးတဲ့ စာအုပ်စာစောင်တွေကို ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ မူဝါဒတွေနဲ့ ကိုက်ညီမှုရှိစေဖို့အတွက် ပြန်လည်တည်းဖြတ်ပြီး ပြင်ဆင် ထုတ်ဝေရမယ့် ကိစ္စတွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအလိုက် အားသာချက်တွေနှင့် အလားအလာတွေအရ ဆောင်ရွက်သွားမယ့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာ ဖော်ထုတ်ရမယ့်ကိစ္စတွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလားအလာရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွေထဲကမှသင့်တော်ရာကဏ္ဍတွေကို အလေးပေးတဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဖိုရမ်တွေကို Virtual System နှင့် ကျင်းပနိုင်ဖို့ကိစ္စတွေကိုလည်း ဆက်လက် အကောင်အထည်ဖော် သွားဦးမှာပါ။ ဒါ့အပြင် အားလုံးသိကြတဲ့အတိုင်းပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေဟာ တစ်ခုနှင့်တစ်ခုဖွံ့ဖြိုးမှု မတူကြပါဘူးလေ။ ဒီလိုအခြေအနေမှာ Investor Targeting အစီအစဉ်ကို အသုံးပြုပြီး ဖွံ့ဖြိုးမှုနည်းပါးတဲ့ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာစေဖို့ ဖွံ့ဖြိုးပြီး တိုင်းဒေသကြီး/ ပြည်နယ်အတွင်းက ရင်းနှီးမြှုပ်နှံသူတွေကို သွားရောက်ဆွဲဆောင်တဲ့ အစီအစဉ်တွေလည်း လုပ်ဆောင်ပေးပြီး တိုင်းဒေသကြီး တစ်ခုနှင့် တစ်ခုကြား ဘက်ညီမျှတတဲ့ဖွံ့ဖြိုးမှုကို ရလာဖို့အတွက် လည်းဆက်ပြီး လုပ်ဆောင်သွားဖို့ရှိနေပါသေးတယ်။

အချိန်ကာလတွေ ရွှေ့လျားပြောင်းလဲနေတာနှင့် အမျှရင်းနှီးမြှုပ်နှံမှုမြှင့်တင်တဲ့ နည်းစနစ်တွေဟာလည်း အမြဲတမ်းပြောင်းလဲနေမှာပါ။ ဒီလိုပြောင်းလဲလာတဲ့ အခြေအနေတွေ ခေတ်စနစ်ပုံစံတွေနဲ့အတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအနေနဲ့ကလည်း လိုက်လျောညီထွေတဲ့ နည်းစနစ်တွေကို အဆင့်မြှင့်တင်ပြီး မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်ဖို့ ကြိုးစားနေမှာ ဖြစ်ပြီး ဒီလိုကြိုးစားအားထုတ်မှုဟာ ဘယ်တော့မှ ရပ်တန့်သွားမှာမဟုတ်သလို နိုင်ငံတကာနှင့် ရင်ဘောင်တန်းပြီး ဆက်လက် လျှောက်လှမ်းသွားဦးမှာလည်း ဖြစ်ပါတယ်။

သျှံထွန်းတောက် (IP)

ချိန်ခါသင့်စီးပွား မွေးမြူရေးလုပ်ငန်းများ

လူတစ်ဦးတစ်ယောက် အနေဖြင့် ကျန်းမာစွာ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် နေ့စဉ်အာဟာရ လိုအပ်ချက်ပြည့်မီအောင် အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ဟင်းသီးဟင်းရွက်စသည်တို့ကို အချိုးမျှတစွာစားသုံးရန် လိုအပ်ပေသည်။ နိုင်ငံတစ်နိုင်ငံ အနေဖြင့်လည်း စားနပ်ရိက္ခာဖူလုံရေး၊ ပြည်သူ့ကျန်းမာရေးအတွက် အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးတို့မှာ အခြေခံအကျဆုံး လိုအပ်ချက်များဖြစ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးပန်းတိုင်များ (Sustainable Development Goals- SDGs) ၏ ပန်းတိုင် ၂ (အစားအစာ - ငတ်မွတ်ခေါင်းပါးမှုကို အဆုံးသတ်ရန်၊ စားနပ်ရိက္ခာ ဖူလုံရေး၊ အာဟာရတိုးမြှင့်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးကိုမြှင့်တင်ရန်) အရ မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး စားနပ်ရိက္ခာဖူလုံမှုရှိရန် (Zero Hunger) ကို ရည်မှန်းချက်ထားကာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ ကာလ စားသုံးမှုလိုအပ်ချက်

မျက်မှောက်ကာလ အခြေအနေတွင် တိုးပွားလာသော လူဦးရေကြောင့် မွေးမြူရေးကဏ္ဍထုတ်ကုန်များ၏ ပြည်တွင်းစျေးကွက်မှာ လိုအပ်ချက်ပိုမိုလာလျက်ရှိပါသည်။ ပြောင်းလဲလာသော စျေးကွက်အခြေအနေများအပေါ်မူတည်ကာ မွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် မွေးမြူရေးကဏ္ဍမှ ထွက်ကုန်များကို တိုးတက်ထုတ်လုပ်လာလျက်ရှိပါသည်။ အထူးသဖြင့် ၂၀၁၉ ခုနှစ်မှ အစပြုလာခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization- WHO) က ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၂၁ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ကူးစက်မှု တတိယလှိုင်းအဖြစ် လျှင်မြန်စွာပျံ့နှံ့လာခဲ့ရာ အရည်အသွေးမှီသော စားသောက်ကုန်များကို စျေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်ရန်မှာအမှန်တကယ်လိုအပ်ချက်တစ်ခုပင်ဖြစ်လာပါသည်။

ရောဂါအန္တရာယ် ကြုံတင်ကာကွယ်ရေး၊ ရောဂါကူးစက်ခြင်း ကာလအတွင်း အာဟာရဖူလုံရေးနှင့် ရောဂါပျောက်ကင်းပြီးနောက် နာလန်ထအချိန်များတွင် အားအင်ပြန်လည်ဖြည့်တင်းရေးတို့အတွက် မွေးမြူရေးကဏ္ဍ ထုတ်ကုန်များဖြစ်သော ကြက်သား၊ ကြက်ဥ၊ နွားနို့ စသည်တို့ အပြင် အိမ်တွင်နေထိုင်ရသည့် (Stay at Home) ကာလများတွင် ရေရှည်အထားခံသည့် မွေးမြူရေးထွက်ကုန် ကုန်ကြမ်းများအပေါ် ဆင့်တက်ပြုပြင်ထားသည့် ကြက်သားလွှာ၊ အသားပြား၊ ဝက်အူချောင်း၊ အသင့်စား ခေါက်ဆွဲခြောက်ကဲ့သို့ စားသောက်ဖွယ်ရာများအပေါ် အမှီပြု စားသုံးမှုများ တိုးတက်လာခြင်းကြောင့် မွေးမြူရေးကဏ္ဍ ထုတ်ကုန်များနှင့် ဆင့်တက်ပြုပြင်ထားသည့် စားသောက်ကုန်များ၏ ဝယ်လိုအားမှာများစွာ မြင့်တက်လာပါသည်။

ဥပမာအားဖြင့် ကိုဗစ်-၁၉ တတိယလှိုင်းကာလ အတွင်း ကြက်ဥစျေးများ အဆမတန် မြင့်တက်သွားခဲ့သည့် သာဓကကို ကြည့်ခြင်းဖြင့် မွေးမြူရေးကဏ္ဍ၏ ပြည်တွင်းဝယ်လိုအား တိုးတက်မှုကို မှန်းဆနိုင်မည် ဖြစ်ပါသည်။ ယခင်က ကြက်ဥ ၁ လုံးလျှင် ၉၀ ကျပ်မှ ၁၀၀ ကျပ် အတွင်း လက်လီရောင်းချခဲ့သည့် အရွယ်အစားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလအတွင်း တစ်လုံးလျှင်

၁၂၀ ကျပ်မှ ၁၅၀ ကျပ်အထိ မြင့်တက်ခဲ့ပါသည်။ ပုံသေစျေးနှုန်းဖြင့် ရောင်းချလျက်ရှိသော ကြက်ဥ အမှတ်တံဆိပ်များမှာလည်း စျေးကွက်အတွင်း ဝယ်လိုအားများပြားမှုကို ကြုံတွေ့ခဲ့ရပြီး ပစ္စည်းများရောင်းချရန် ပြတ်လပ်သည့် အခြေအနေသို့ပင်ရောက်ရှိခဲ့ပါသည်။ အလားတူ ကြက်သားစားသုံးမှုမှာလည်း တိုးတက်လာရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်မားသော ကာလတွင် စားသုံးသူများအနေဖြင့် စျေးနှုန်းသင့်လျော်ပြီး အရည်အသွေးပြည့်မီသော ကြက်သားရရှိရန်မှာလည်း အခက်အခဲတစ်ရပ်အဖြစ် တွေ့ကြုံခဲ့ကြရပါသည်။ သို့ဖြစ်ရာ ဤသို့သော အခြေအနေတွင် စိုက်ပျိုးရေး၊ အိမ်ရာ၊ ပို့ဆောင်ရေးစသည့် အခြားသော စီးပွားရေးကဏ္ဍများနှင့် နှိုင်းယှဉ်ပါက မွေးမြူရေးကဏ္ဍထုတ်ကုန်များ၏ ဝယ်လိုအားသည် ကာလအတန်ကြာတိုင်အောင် တိုးတက်နေမည်ဟု မှန်းဆနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံ၏ ပြည်တွင်း စားသုံးမှုအတွက် လိုအပ်ချက်အစဉ် အမြဲရှိနေသည်ဟု ဆိုနိုင်သကဲ့သို့ မွေးမြူရေးထွက်ကုန်များကို ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရရှိစေကာ နိုင်ငံတော်၏ စီးပွားရေးကို ဖြည့်ဆည်းပေးနိုင်သည့် စီးပွားရေးကဏ္ဍတစ်ရပ်အဖြစ် အထောက်အကူပြုလျက်ရှိပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအခွင့် အလမ်းများ

မြန်မာနိုင်ငံသည်ကုန်းနေ၊ ရေနေသတ္တဝါအမျိုးမျိုး မွေးမြူခြင်းအတွက် အခြေအနေပေးသည့် ရာသီဥတု၊ မြေမျက်နှာသွင်ပြင်စသည့်သဘာဝအနေအထားအမျိုးမျိုးကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ ဥပမာအားဖြင့် နွားမွေးမြူရေးလုပ်ငန်း၏ အဓိကလိုအပ်ချက်ဖြစ်သော စားကျက်မြေရရှိနိုင်ရေး အတွက် မြေလွတ်မြေရိုင်း ဧရိယာများစွာရှိသကဲ့သို့ ဆိတ်၊ သိုး၊ ဝက်၊ ကြက် မွေးမြူရန် သင့်လျော်သည့် နေရာဒေသနှင့် မြေအကျယ်အဝန်းများရှိပြီး ဖြစ်ပါသည်။ ရေလုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍လည်း ဘင်္ဂလားပင်လယ်အော်၊ မုတ္တမပင်လယ်ကွေ့တို့နှင့် ဆက်စပ်လျက်ရှိသည့် (၂၈၃၂) ကီလိုမီတာ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ် ဒေသများသည် ငါး၊ ပုစွန် မွေးမြူခြင်းလုပ်ငန်းများ၊ ရေထွက်ပစ္စည်း အခြေခံစား သောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်းများအတွက် သင့်လျော်ကောင်းမွန် သည့် နေရာဒေသအခွင့်အလမ်းများဖြစ်ပါသည်။

ရေချိုငါးမွေးမြူခြင်း လုပ်ငန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး ပြည်နယ်အလိုက် ရေချိုငါးအမျိုးအစား အလိုက် မွေးမြူနိုင်သည့်ဧရိယာမှာ ကျယ်ပြောစွာရှိပြီးဖြစ်ရာ လက်ရှိတွင် ရေချိုငါးကန် ဟက်တာပေါင်း (၂၉,၀၀၀) ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ သားငါးမွေးမြူထုတ်လုပ်သည့်ကဏ္ဍတွင် ရေချိုငါး၊ ရေငန်ငါး၊ ပုစွန်သားဖောက် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများအပြင် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ငါးစာထုတ်လုပ်ခြင်း၊ ရေထွက်စားသောက်ကုန် ပြုပြင်ထုတ်လုပ်ခြင်း၊ အအေးခန်း၊ စည်သွတ်ခြင်းနှင့် ထုတ်ပိုးခြင်းကဲ့သို့တန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ လုပ်ငန်းအတွက်လိုအပ်သည့် လူစွမ်းအား အရင်းအမြစ် တိုးတက်ရေးဆိုင်ရာ ပညာရေးနှင့် သုတေသနသင်တန်းကျောင်းများ ထူထောင်ခြင်း၊ အအေးခန်းပါရှိသည့် ကားများဖြင့် သယ်ယူပို့ဆောင်ခြင်းကဲ့သို့ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက်လည်း အခွင့်အလမ်းများ မြောက်မြားစွာရှိပါသည်။ ဤအလားအလာကောင်းများအရ ပတ်ဝန်းကျင်ထိခိုက်မှုနည်းသော ခေတ်မီနည်းပညာများ အသုံးချကာ လုပ်ငန်းများဆောင်ရွက်မည်ဆိုပါက ဒေသဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်သည့် အပြင် နိုင်ငံတော်၏ ရေရှည်စီးပွားရေး ဖွံ့ဖြိုးမှုကိုလည်း အကျိုးပြုနိုင်မည်ဖြစ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတိုးမြှင့်စေရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလုပ်ဆောင်ချက်များ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်စေရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်စေခြင်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို နည်းပညာ လက်ဆင့်ကမ်းနိုင်ခြင်းနှင့် မြန်မာပြည်သူပြည်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်းစသည့် အကျိုးစီးပွားများကို ရရှိစေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံခြားနှင့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများတိုးတက်စေရန် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်အစရှိသည့် ရင်းနှီးမြှုပ်နှံမှု မက်လုံးများ အသုံးပြုကာ အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို တိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ဆွဲဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံတော်က အားပေးမြှင့်တင်လိုသော လုပ်ငန်းများနှင့် ပတ်သက်၍ အမိန့်ကြော်ငြာစာအမှတ် ၁၃/ ၂၀၁၇ ကို ထုတ်ပြန်ကြေညာခဲ့ရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများ၊ ဆက်စပ်ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများမှာလည်း ဤအမိန့်ကြော်ငြာစာတွင် ပါဝင်ပြီးဖြစ်ပါသည်။ ဤအမိန့်ကြော်ငြာစာအရ အောက်ပါဇယားတွင်ပါရှိသည့် မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်စပ်သည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ ပြည်ပမှ စက်ပစ္စည်းတင်သွင်းခြင်းအတွက် အကောက်ခွန် ကင်းလွတ်ခွင့်များကို ကော်မရှင်သို့ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

ကျွဲနွားမွေးမြူခြင်း၊မျိုးပွားခြင်းနှင့်ထုတ်လုပ်ခြင်း	ISIC 0141
မြင်းနှင့် အခြားမြင်းမျိုးနွယ်များ မွေးမြူခြင်း	ISIC 0142
သိုးဆိတ်မွေးမြူခြင်း၊မျိုးပွားခြင်းနှင့်ထုတ်လုပ်ခြင်း	ISIC 0144
ဝက်မွေးမြူခြင်း၊မျိုးပွားခြင်းနှင့် ထုတ်လုပ်ခြင်း	ISIC 0145
ကြက်၊ ဝက်မွေးမြူခြင်း၊ မျိုးပွားခြင်းနှင့် ထုတ်လုပ်ခြင်း	ISIC 0146
အခြားတိရစ္ဆာန်များ မွေးမြူခြင်း	ISIC 0149
တိရစ္ဆာန်များရောနှောမွေးမြူခြင်း	ISIC 0150
တိရစ္ဆာန်မွေးမြူခြင်းအထောက်အကူပြုလုပ်ငန်းများ	ISIC 0162
ပုလဲမွေးမြူထုတ်လုပ်ခြင်း	SIC 0321
ရေချို၊ရေငန် သတ္တဝါများမွေးမြူထုတ်လုပ်ခြင်း	ISIC 0321, 0322
သားသတ်ခြင်းနှင့်ထုတ်ပိုးခြင်း(အိမ်မွေး ကြက်၊ဘဲ၊ ငှက်များမှအပ)	ISIC 1010
ဥစား/အသားစား တိရစ္ဆာန်များ သားသတ်ခြင်း၊ ထုတ်ပိုးခြင်းနှင့် တာရှည်ခံအောင်ပြုလုပ်ခြင်း	ISIC 1010
ငါးနှင့်ငါးထွက်ပစ္စည်းများထုတ်လုပ်ခြင်း၊ တာရှည်ခံအောင် ပြုလုပ်ခြင်းနှင့် ရေခဲရိုက်ခြင်း	ISIC 1020
ငါးသေတ္တာစည်သွပ်ဗူးထုတ်လုပ်ခြင်း	ISIC 1020
ပုဇွန်၊ ဂဏန်းကဲ့သို့ အခွံမာရေနေ သတ္တဝါများ၊ ခရုများ တန်ဖိုးမြှင့် ထုတ်လုပ်ခြင်း	ISIC 1020
ပုဇွန်၊ ဂဏန်းကဲ့သို့ အခွံမာရေနေသတ္တဝါများ၊ ခရုများ စည်သွပ် ဗူးထုတ်လုပ်ခြင်း	ISIC 1020
တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ခြင်း	ISIC 2100
တိရစ္ဆာန်ဆီနှင့် အဆီများထုတ်လုပ်ခြင်း	ISIC 1040
သီးခြားဖော်ပြမထားသော အခြားသော ဟင်းသီးဟင်းရွက်များနှင့် တိရစ္ဆာန်တို့၏ ဆီ၊ အဆီများ ထုတ်လုပ်ခြင်း	ISIC 1040

လတ်ဆတ်သောနွားနို့နှင့်မလိုင်အဆင့်ဆင့် ထုတ်လုပ်ခြင်း	ISIC 1050
နို့မှုန့်၊ နို့စိမ်း၊ နို့ဆီ စသည်တို့ ထုတ်လုပ်ခြင်း	ISIC 1050
အခြားနို့ထွက်ပစ္စည်းလုပ်ငန်း	ISIC 1050
တိရစ္ဆာန်အစားအစာထုတ်လုပ်ခြင်း	ISIC 1080
သားရေ အချောထည်ထုတ်လုပ်ခြင်း	ISIC 1410,1511
သားရေခရီးဆောင်အိတ်၊ လက်ကိုင်အိတ်များထုတ်လုပ်ခြင်း	ISIC1512
သိုးမွေး၊သားမွေး ပြုပြင်ထုတ်လုပ်ခြင်း	ISIC 1420
စိုက်ပျိုးရေး၊ မွေးမြူရေး သိပ္ပံဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	ISIC 7210

အလားတူ မွေးမြူရေးကဏ္ဍတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူအား ဆောင်ရွက်ရန် ခွင့်မပြုသည့် လုပ်ငန်းများစာရင်း၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူနှင့် ဖက်စပ်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများ စာရင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများစာရင်းတို့ကို အမိန့်ကြော်ငြာစာအမှတ် ၁၅/ ၂၀၁၇ ဖြင့်ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ဤအမိန့်ကြော်ငြာစာအရ ရေချိုငါးဖမ်းလုပ်ငန်း၊ ငှက်လုပ်ငန်းနှင့် ဆက်နွယ်သည့် ဝန်ဆောင်မှု လုပ်ငန်းများကဲ့သို့သော လုပ်ငန်းများကိုသာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် ကန့်သတ်ထားပြီး ငါးသယံဇာတ၊ ငါးမျိုးစိတ်နှင့် ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများ၊ တိရစ္ဆာန်များစီးပွားဖြစ် မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ မျိုးခြံနှင့်သားပေါက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (ကြက်/ ဘဲ/ ငုံး)၊ မျိုးရိုးဗီဇဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မျိုးထိန်းသိမ်းခြင်းနှင့် မျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ မျိုးတိရစ္ဆာန်မျိုးများအား ပြည်ပမှတင်သွင်း၍ မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း(မျိုးတိရစ္ဆာန်၊ မျိုးရည်ခဲချောင်းနှင့် သန္ဓေသား)၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ထွက်ပစ္စည်းဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဓါတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများ၊ တိရစ္ဆာန်ရောဂါ ဓါတ်ခွဲရှာဖွေစစ်ဆေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဟု ကန့်သတ်ထားပါသည်။ ထိုလုပ်ငန်းအမျိုးအစားများကို ISIC / CPC code များနှင့် ဖော်ပြထားပေးသောကြောင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း လိုက်နာလုပ်ဆောင်ရမည့် အချက်များကို သိရှိပြီး ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင်ရာတွင် လွယ်ကူမှုရှိစေပါသည်။

ထို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၅/ ၂၀၁၈ အရ တိရစ္ဆာန်များစီးပွားဖြစ် မွေးမြူထုတ်လုပ်ရောင်းချသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်အဓိပ္ပါယ်ဖွင့်ဆိုချက်သတ်မှတ်ထုတ်ပြန်ခြင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည့် မတည်ငွေရင်း အမေရိကန်ဒေါ်လာ (၅) သန်း သို့မဟုတ် မြန်မာကျပ်ငွေသန်း (၆၀၀၀) အထက်ရှိသော တိရစ္ဆာန်များ စီးပွားဖြစ်မွေးမြူထုတ်လုပ်ရောင်းချသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုသာဆိုလိုသည်ဟု သတ်မှတ်ထုတ်ပြန်ထားခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများသို့ လုပ်ပိုင်ခွင့်ခွဲဝေထားရုံသာမက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိတို့လုပ်ငန်း ဆောင်ရွက်မည့်

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့် လွယ်ကူစွာ လျှောက်ထားနိုင်သည့် အကျိုးကျေးဇူးကို ရရှိစေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့သည့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ခြင်း အတွေ့အကြုံများအရ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြေဌားရမ်းခြင်း၊ ကြက်ခြံစသည့် အဆောက်အဦ ဆောက်လုပ်ကာ ဝန်ဆောင်မှုဆောင်ရွက်ခြင်း၊ တိရစ္ဆာန်အစာ ပေးသွင်းရောင်းချသည့် supplier အဖြစ် ဆောင်ရွက်ခြင်း၊ မွေးဘက်ပေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် ပုံသဏ္ဌာန်အမျိုးမျိုးသော အခွင့်အလမ်းများကိုလည်း ရရှိစေကြောင်း လေ့လာတွေ့ရှိရပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအခြေအနေ

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအထိမွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၁.၀၁ ရာခိုင်နှုန်းရှိပြီး လုပ်ငန်းပေါင်း ၇၇ ခု အမေရိကန်ဒေါ်လာ သန်း ၉၂၄.၀၃၅ တန်ဖိုး ရင်းနှီးမြှုပ်နှံထားပြီး ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် ၈ နေရာ၌ ရှိနေပါသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ၅နှစ်ခွဲတာ ကာလအတွင်း မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တိုးတက်မှုရှိခဲ့ပြီး ၂၀၁၉-၂၀၂၀တွင်အနည်းငယ်ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၆-၂၀၁၇၊ ၂၀၁၈-၂၀၁၉၊ ၂၀၂၀-၂၀၂၁ (ဇူလိုင်လအထိ) ဘဏ္ဍာနှစ်များတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၌ ခွင့်ပြုပြီး လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း (Capital Increase) ရှိခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၁၉၉၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအထိ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၁.၈၃ ရာခိုင်နှုန်းရှိပြီး အဆင့် ၉ နေရာတွင် တည်ရှိနေပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် စုစုပေါင်းခွင့်ပြုပေးခဲ့သော လုပ်ငန်းပေါင်း ၉၈ ခု မြန်မာငွေကျပ်သန်း ၄၀၉,၁၁၄.၅၁၀ တန်ဖိုးဖြစ်ပါသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ၅ နှစ်ခွဲတာ ကာလအတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တိုးတက်မှုရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ တွင် အနည်းငယ် ကျဆင်းခဲ့သော်လည်း ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်များတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ခွင့်ပြုပြီး လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရာတွင် နိုင်ငံခြားမှလာရောက် ရင်းနှီးမြှုပ်နှံသည့်နိုင်ငံခြားကုမ္ပဏီများအား အမြတ်ငွေ ပြန်လည်ပေးပို့ခြင်း (Repatriation) ကို ခွင့်ပြုထားပါသည်။ နိုင်ငံခြား ကုမ္ပဏီများအနေဖြင့် လုပ်ငန်းမှ မြတ်စွန်းငွေကို ပြန်လည်ပေးပို့ရန် အခွင့်အရေးရှိသော်လည်း ပြန်လည် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ပါက ငွေရင်းအဖြစ် ပြန်လည် ရင်းနှီးမြှုပ်နှံခြင်း (Reinvestment)ဖြစ်ရာ နိုင်ငံအတွင်းသို့ အရင်းအနှီးပြန်လည်စီးဆင်းခြင်း အကျိုးကျေးဇူးကို ရရှိနိုင်ပါသည်။

အချိန်ကာလ တစ်ဆက်တည်းတွင် ပြန်လည် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ပါက အခွန်ကင်းလွတ်သည့် အခွင့်အရေးရရှိနိုင်ကြောင်းကို ဥပဒေတွင် ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါသည်။ ဤသို့ ပြန်လည်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခြင်းကိစ္စရပ်ကို မွေးမြူရေးကဏ္ဍရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်နိုင်မှု စွမ်းရည်ရှိကြောင်း ထူးခြားမှုအဖြစ် လေ့လာတွေ့ရှိရပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှု၏ ထူးခြားသော အားသာချက်များ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ သိသာထင်ရှားသော အကျိုးကျေးဇူးမှာ ခေတ်မီနည်းပညာများ ပြန့်ပွားနိုင်ခြင်းဖြစ်ပါသည်။ ၂၁ ရာစုအစပိုင်းကာလများမှ စတင်ကာ H5N1 ကဲ့သို့ တိရစ္ဆာန်များမှ စတင်ဖြစ်ပွားသည့် ရောဂါများကြောင့်မွေးမြူရေး လုပ်ငန်းများသည်နည်းပညာ အသုံးပြုကာ မွေးမြူခြင်း၊ ကုသခြင်း၊ ရောဂါနှိမ်နင်းခြင်းတို့ကို သတိဖြင့် ဆောင်ရွက်ရမည့် အခြေအနေဖြစ်လာပါသည်။ ဤသို့သော ရောဂါထိန်းချုပ်မှု လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိရိုးဖလာနည်းစနစ်ဖြင့် မွေးမြူသည့် မြန်မာနိုင်ငံသားမွေးမြူရေးလုပ်ငန်းရှင်များထက် နိုင်ငံခြားမွေးမြူရေးကုမ္ပဏီများအနေဖြင့် မွေးမြူသည့် အဆောက်အဦ ဒီဇိုင်း၊အစာ၊ ဆေးဝါးစသည်တို့တွင် ခေတ်မီနည်းစနစ်များ ပိုင်ဆိုင်ကြပြီးဖြစ်သောကြောင့် ပိုမို၍ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါသည်။

ရင်းနှီးမြှုပ်နှံမှုပုံစံနှင့် ပတ်သက်၍ မွေးမြူရေးကဏ္ဍတွင် မြန်မာနှင့်နိုင်ငံခြားကုမ္ပဏီများက ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခြင်း၊ ဖက်စပ်ကုမ္ပဏီ တည်ထောင်ဆောင်ရွက်ခြင်း ပုံစံကို တွေ့ရပြီး မြန်မာလုပ်ငန်းရှင်များအနေဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူခြင်းများ၊ ထောက်ပံ့ရေးလုပ်ငန်းများ၊ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကာ အောင်မြင်စွာ လုပ်ငန်းလည်ပတ် လုပ်ကိုင်လျက်ရှိနေကြကြောင်း တွေ့မြင်ရပါသည်။

ရေရှည်တည်တံ့သောမွေးမြူရေးလုပ်ငန်းများတွင် ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများမှာ အရေးပါလှပါသည်။ မွေးမြူရေးလုပ်ငန်းများသည် ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသည့် ဖန်လုံအိမ်အာနိသင်ရှိ ခါတ်ငွေ့တစ်မျိုးဖြစ်သော မီသိန်းခါတ်ငွေ့ထုတ်လွှတ်သည့် အဓိကစီးပွားရေး လုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်နေရာလုပ်ငန်း ဆောင်ရွက်ရာတွင် ဖန်လုံအိမ်ခါတ်ငွေ့ထုတ်လွှတ်မှု လျော့ချရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အချို့သော မွေးမြူရေး ကုမ္ပဏီကြီးများမှာ တိရစ္ဆာန်အညစ်အကြေးမှ ဇီဝခါတ်ငွေ့ထုတ်ယူခြင်းကဲ့သို့ နည်းပညာဆိုင်ရာ အလေ့အကျင့်ကောင်းများကို အကောင်အထည်ဖော်လျက် ရှိပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (Environmental Impact Assessment–EIA) လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် မွေးမြူရေးလုပ်ငန်းများတွင် ကောင်းမွန်သော မွေးမြူနည်းကျင့်စဉ် (Good Animal Husbandry Practices– GAHP) များကို လိုက်နာခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုရှိသော အလေ့အကျင့်ကောင်းများကို အတွေ့အကြုံရရှိစေနိုင်ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကဲ့သို့ သက်ဆိုင်ရာ အစိုးရဌာနများအနေဖြင့်လည်း ခေတ်မီနည်းပညာများ ဖလှယ်ရရှိနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ နည်းပညာဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းကာ ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး သတင်းအချက်အလက်များ ကို ဖြန့်ဝေပေးလျက်ရှိပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍမှ နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်မှုကိုလေ့လာရာတွင် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန် ၁၇,၂၂၅.၂၉၀ မက်ထရစ်တန်နှင့် အကောင်ရေ ၂၀၀၀ ကောင်၊ ကျွဲ၊ နွားသားရေ၊ သိုး၊ ဆိတ်သားရေ၊ ကျွဲ၊ နွား ဘေးထွက်ပစ္စည်း၊ အေးခဲထားသော ဆိတ်သား၊ ဘဲမွေး၊ အရိုးမှုန့်၊ ငါးမှုန့်၊ ပုဇွန်မှုန့်၊

မတ်ပဲခွံ၊ ဆိတ်အရှင် စုစုပေါင်း အမေရိကန် ဒေါ်လာ ၉,၈၅၆,၂၃၂.၆၆၅ တန်ဖိုးတို့ကို နိုင်ငံခြားသို့ တင်ပို့ နိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်အတွင်း ၂၄,၇၂၇.၃၂၂၅ မက်ထရစ်တန်ရှိသော ကျွဲ၊ နွားသားရေ၊ သိုး၊ ဆိတ်သားရေ၊ အေးခဲထားသော ဆိတ်သား၊ ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ အရိုးမှုန့်/ခဲ၊ ငါးမှုန့်၊ ပုဇွန်မှုန့်၊ အေးခဲပုရစ်၊ ဆိတ်အရှင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁,၉၇၃,၅၇၀.၆၅ တန်ဖိုးတို့ကို လည်း နိုင်ငံခြားသို့ တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါ သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း တိရစ္ဆာန်အရှင်များ (ကျွဲ၊ နွား)တို့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ စတင်ကာ ပြည်ပသို့ တရားဝင် တင်ပို့ရန် အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇) ဖြင့် ထုတ်ပြန်ခွင့်ပြုခဲ့ခြင်းကြောင့်လည်း ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ပိုမိုစိတ်ပါဝင်စားမှုများ ရှိလာကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် မွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်သော ထုတ်ကုန်များကိုအသုံးပြု၍ စားသောက်ကုန်ကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များ (value added product) ထုတ်လုပ်သည့် လုပ်ငန်းများသည် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေပြီး ပြည်တွင်းတွင် အရည်အသွေး ကောင်းမွန်သော စားသောက်ကုန်များကို ပြည်သူများ သို့သွင်းကုန်အစားထိုးဖြန့်ဖြူးနိုင်သည်ဖြစ်ရာ နိုင်ငံခြား ငွေကို တစ်ဖက်တစ်လမ်းမှ ချွေတာနိုင်သည့် အကျိုး ကျေးဇူးကို ရရှိစေပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် ပြည်သူ လူထုအားလုံး စားနပ်ရိက္ခာဖူလုံမှုရရှိစေရေး သာမက ပြည်တွင်း/ ပြည်ပပြောင်းလဲလာသော စျေးကွက်လို အပ်ချက်ကိုလိုက်၍ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကာလတို အတွင်း၌ ချိန်ညှိဆောင်ရွက်နိုင်သည့် လုပ်ငန်းရပ် တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ သာမက မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အရင်း အနှီးလိုအပ်ချက်မများလှဘဲ ဝယ်ယူလိုအားတိုးတက်မှု ကြောင့် ကာလတိုအတွင်းအမြတ် ပြန်လည်ရရှိရန် သေချာသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် စဉ်းစားသင့်သည့် အချိန်အခါဖြစ်ပါကြောင်း ဖိတ်ခေါ်တင်ပြလိုက်ရပါသည်။

မြစိမ်း (ဘောဂဗေဒ)

ရိုးရှင်းလွယ်ကူ၍ မြန်ဆန်တိကျသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်သစ်ဆီသို့

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA)သည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ပထမဆုံးထိတွေ့ ဆောင်ရွက်ကြရသည့်ဌာန တစ်ခုဖြစ်သည့်အားလျော်စွာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ DICA ၏ အဓိကတာဝန်များတွင်လည်း ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ကိစ္စများကို ဆောင်ရွက်ခြင်းတို့ ပါဝင်လျက်ရှိရာ အဆိုပါ လုပ်ငန်းတာဝန်များကို အများ ပြည်သူသို့ ရိုးရှင်းလွယ်ကူ၍ မြန်ဆန်တိကျသော ဝန်ဆောင်မှုများကို အဂတိတရား ကင်းရှင်းစွာဖြင့် အကောင်းဆုံးပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

DICA အနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း ကဏ္ဍတွင် အစဉ်အဆက် Manual (စာရွက်စာတမ်းများ) ဖြင့် ဆောင်ရွက်ပေးခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်၍ Online စနစ်ဖြင့် ပြောင်းလဲဝန်ဆောင်မှုပေးခဲ့ရာ ၂၄ နာရီ ပိတ်ရက်မရှိ အများပြည်သူသို့ မြန်ဆန်တိကျစွာဖြင့် အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။ www.myco.dica.gov.mm တစ်နည်းအားဖြင့် Myanmar Companies Online (MyCO) မှာ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် Fully Online စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ခဲ့ရာ အစိုးရဌာနများတွင် ပထမဆုံးသော e-government စနစ်ဖြင့်အများပြည်သူသို့ ဝန်ဆောင်မှုပေးနိုင်သည့် အစိုးရဌာနအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

ကုမ္ပဏီမှတ်ပုံတင်ခြင်းကဏ္ဍတွင် Manual စနစ်မှ MyCO ဖြင့် Online စနစ်သို့ ပြောင်းလဲလိုက်ခြင်းအားဖြင့် အချိန်ကုန်သက်သာခြင်း၊ မြန်ဆန်တိကျခြင်း၊ Internet ရရှိသည့် မည်သည့်နေရာတွင်မဆို ဆောင်ရွက်နိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းနှင့် ကုမ္ပဏီဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာသည့်အပြင် မိမိတို့ ဝန်ထမ်းများ အနေဖြင့်လည်း အလုပ်ဝန်ပိခြင်းများသက်သာလာသည့်အပြင် အခွန်ကောက်ခံရာတွင်လည်း တိကျသေချာစေသည့်အတွက် ပုဂ္ဂလိက ကဏ္ဍရော အစိုးရကဏ္ဍပါ အကျိုးကျေးဇူးများပြားလာပါသည်။ MyCO သည် အထက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိသည့် အပြင်သုံးစွဲသူများအတွက်လည်း လွယ်ကူစေသည် (user friendly) ဖြစ်သည့်အတွက် ယနေ့အချိန်တွင်စီးပွားရေးကဏ္ဍ၌အထူးအောင်မြင်လျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း DICA အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေလွယ်ကူချောမွေ့စေရန် အစဉ်တစိုက် ဆောင်ရွက်ခဲ့သော်လည်း Online စနစ်ကို ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့်အတွက် ရင်းနှီးမြှုပ်နှံသူများတွင် အချို၊ ငွေကြေးနှင့် စာရွက်စာတမ်းတို့နှင့်ပတ်သက်၍ ကြန့်ကြာမှု အခက်အခဲများကို ရင်ဆိုင်ရလျက်ရှိသည့်အပြင် မိမိတို့ဌာနအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းအင်း အခက်အခဲနှင့် ဝန်ထမ်းများရဲ့အလုပ်ဝန်ပိခြင်းအခက်အခဲများကို တွေ့ကြုံရင်ဆိုင်နေရပါသည်။

ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုကဏ္ဍရဲ့ အခက်အခဲများကို ဖြေရှင်းရန်အတွက် DICAသည် နိုင်ငံတကာရင်းနှီး မြှုပ်နှံမှုကဏ္ဍများတွင် ကျင့်သုံးလျက်ရှိသည့် နည်းစနစ်

များကို လေ့လာလျက် မြန်မာနိုင်ငံနှင့် သင့်တော်၍ ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေ လွယ်ကူ ချောမွေ့စေမည့် စနစ်တစ်ခုတည်ထောင်ရန် ဆောင်ရွက်လျက်ရှိရာ ယခုအခါ Online ဖြင့် ဆောင်ရွက်နိုင်မည့် စနစ်တစ်ခုကို ကြိုးပမ်းဆောင် ရွက်နေပြီ ဖြစ်ပါသည်။ အဆိုပါစနစ်တွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် Fully Online ဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍သိရှိလိုသည့်အချက်များ မေးမြန်းခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့်များကို လျှောက်ထားရယူနိုင်ခြင်း၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရခံစားခွင့်ရှိသည့် ကင်းလွတ်ခွင့်/သက်သာခွင့်များကို လျှောက်ထားရယူနိုင်ခြင်း တို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အဆိုပါစနစ်နှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ရာ မြန်မာသက်သာ ကွန်ယက် ကုမ္ပဏီလီမိတက် (Myanmar Ease Net Company Limited) က လုပ်ငန်းဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။

ဌာနအနေဖြင့် အဆိုပါစနစ်နှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကဲ့ပြုနိုင်ရန်အတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင်Zoom Meetingကျင်းပပြုလုပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနရုံးချုပ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့်ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာ အရာထမ်းများ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးမှုရလဒ်များအပေါ် အခြေခံ၍ စနစ်ရေးဆွဲလည်ပတ်နိုင်ရေး ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ဖွဲ့၍ တာဝန်ပေးအပ်ခြင်း၊ လိုအပ်သည့် အချက်အလက်များစုဆောင်းခြင်း၊ စာရွက်စာတမ်းများပံ့ပိုးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းတို့ကို အဆိုပါ အစည်းအဝေးအပြီးတွင် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

မိမိတို့ဌာနမှ လိုအပ်သည့် အချက်အလက်၊ စာရွက်စာတမ်းများအပြင် ဆော့ဝဲလ်အပြင်အဆင်များ၊ Business Rules များ၊ လုပ်ငန်းပိုင်းဆိုင်ရာ အကြံဉာဏ်ကောင်းများကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးလျက်ရှိသည့်အတွက် ကုမ္ပဏီအနေဖြင့်လည်း Software ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ အတွင်း အွန်လိုင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအချက်အလက်များ ဖြည့်သွင်း၍ “ရင်းနှီးမြှုပ်နှံသူက လျှောက်ထားသည့် အပိုင်း” ကို စမ်းသပ်နိုင်စေရန် လျာထားပါသည်။

အဆိုပါအပိုင်းကိုစမ်းသပ်မှုပြုလုပ်ပြီးပါကဖြည့်သွင်းစမ်းသပ်မှုအပေါ်အခြေခံ၍ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ခြင်း၊ Software အတွက် လိုအပ်သည့် Dashboard Application Count and status ၊ Application View, Edit, Approve/ Reject၊ User Management and role၊ PAT / MIC meeting Approve/Reject and invitation၊ Issue Permit၊ Reporting များ ထည့်သွင်းခြင်းတို့ပြုလုပ်၍ ၂၀၂၁ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် စနစ်တစ်ခုလုံးအတွက် စမ်းသပ်လည်ပတ်နိုင်စေရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဤကဲ့သို့ Fully Online စနစ်ဖြင့် လျှောက်ထားရယူနိုင်မည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကိုဗစ်-၁၉ ကာလအလွန် New



Nornmal အခြေအနေအတွက် အဆင်သင့်ဖြစ်စေခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ငွေကြေးကုန်ကျမှုသက်သာခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် ကြိုတင်ခန့်မှန်းသိမြင်နိုင်မှုများပိုမိုကောင်းမွန်လာခြင်းစသည့် အကျိုးကျေးဇူးများခံစားနိုင်မည် ဖြစ်ပါသည်။

မိမိတို့ DICA နှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း အချက်အလက်များ စနစ်တကျသိမ်းဆည်းကွပ်ကဲနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံသူနှင့် တိုက်ရိုက်ထိတွေ့မှု မရှိသဖြင့် လာဘ်ပေးလာဘ်ယူမှုကို ထိန်းသိမ်းနိုင်ခြင်း၊ လုပ်ငန်းစဉ် ရှင်းလင်းလွယ်ကူခြင်းနှင့် အချိန်မရွေး၊ နေရာမရွေးတာဝန်ကို အွန်လိုင်းမှတစ်ဆင့် ထမ်းဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် အဆိုပါ Online စနစ်ကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စတင်ဆောင်ရွက်ချိန် (Post Permit) တွင်သာမက ခွင့်ပြုမိန့်/ အတည်ပြုမိန့်များ ရရှိပြီးနောက်ပိုင်း (After Permit) အချိန်တွင် ဝန်ဆောင်မှုပေးမည့် After Care Service များဖြစ်သည့် တည်ဆောက်ရေး ကာလတိုးမြှင့်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ပြင်ဆင်ခြင်း၊ သုံးလပတ် အစီရင်ခံစာတင်သွင်းခြင်း၊ အခွန်ကင်းလွတ်ခွင့်/သက်သာခွင့် လျှောက်ထားခြင်း စသည်တို့ကိုပါ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဒီဇိုင်းရေးဆွဲထားသည့် အတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် အကျိုးကျေးဇူးများစေမည် ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

သန်းဇော်

ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲက ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းရပ်များ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ အရ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်များ ထုတ်ပေးလျက်ရှိပြီး ခွင့်ပြုမိန့်/ အတည်ပြုမိန့်ရရှိပြီး နောက်ပိုင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲက ခွင့်ပြုမိန့်/ အတည်ပြုမိန့် သက်တမ်းကုန်ဆုံးချိန်အထိ ဆက်လက်ဆောင်ရွက်ပေးလျက် ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၏ဖွဲ့စည်းပုံ

ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲအား ဌာနစု ၅ ခု ဖြစ်သော ပို့ကုန်/ သွင်းကုန် ကြီးကြပ်ရေး ဌာနစု၊ ငွေကြေးဆိုင်ရာစစ်ဆေးရေး ဌာနစု၊ အလုပ်သမားရေးရာဌာနစု၊ စစ်ဆေးရေးဌာနစုနှင့် OSS ညှိနှိုင်းရေးဌာနစုများဖြင့်ဖွဲ့စည်းထားရှိပြီး ဖွဲ့စည်းပုံအရ ခွင့်ပြုအရာထမ်း ၃၈ ဦး၊ အမှုထမ်း ၃၃ ဦး၊ စုစုပေါင်း ၇၁ ဦးအနက် လက်ရှိတွင် အရာထမ်း ၂၂ ဦး၊ အမှုထမ်း ၁၇ ဦး၊စုစုပေါင်း ၃၉ ဦးဖြင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၏ တာဝန်များ

ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးဌာနခွဲသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များကခွင့်ပြုထားသောခွင့်ပြုမိန့်/အတည်ပြုမိန့်များအပေါ်တွင် အောက်ပါ လုပ်ငန်းစဉ်များအား ဌာနစုများအလိုက် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်-

(၁) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောက်လုပ်ရေးကာလအတွင်း ရင်းနှီးမြှုပ်နှံမှုအတွက် အမှန်တကယ်လိုအပ်သော စက်ယန္တရားများ တင်သွင်းခြင်းနှင့် အခွန်ကင်းလွတ်ခွင့်ကို စိစစ်ခြင်း ။

(၂) Drawback စနစ်ဖြင့် စက်ပစ္စည်းတင်သွင်းခြင်းအတွက် စိစစ်ခြင်း။

(၃) အခွန်ကင်းလွတ်ခွင့်နှင့်ဖြစ်စေ အခွန်ပေးဆောင်ပြီးဖြစ်စေစီးပွားဖြစ်စတင်ပြီးနောက် ဖြစ်စေကုန်ကြမ်းတင်သွင်းမှုကို စိစစ်ခွင့်ပြုခြင်း။

(၄) ရင်းနှီးမြှုပ်နှံမှု ဇုန်အလိုက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအား ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို စိစစ်ပေးခြင်း။

(၅) စီးပွားဖြစ် စတင်လည်ပတ်သည့်နေ့ရက်ကို စိစစ်အတည်ပြုခြင်း။

(၆) တည်ဆောက်ရေးကာလတိုးမြှင့်ခွင့်ကိုစိစစ်ခွင့်ပြုခြင်း။

(၇) ရင်းနှီးမြှုပ်နှံမှုပမာဏကို ပြင်ဆင်ခြင်းနှင့် အမြတ်ငွေခွဲဝေခြင်းတို့ကို စိစစ်ခွင့်ပြုခြင်း။

(၈) ပြည်တွင်းချေးငွေနှင့် ပြည်ပချေးငွေများ ချေးယူခြင်းကို စိစစ်ခွင့်ပြုခြင်း(ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့်)

(၉) အစုရှယ်ယာ ၅၀% အထက်လွှဲ ပြောင်းခြင်းများကို စိစစ်ခြင်းနှင့် ခွင့်ပြုခြင်း။

(၁၀) ရင်းနှီးမြှုပ်နှံသူနှင့် ကမကထပြုသူ အမည်ပြောင်းလဲခြင်းများကို စိစစ်ခြင်းနှင့် ခွင့်ပြုခြင်း။

(၁၁) ကော်မရှင်ခွင့်ပြုလုပ်ငန်းများတွင် နိုင်ငံခြားသား ကျွမ်းကျင်သူများကို ခန့်အပ်ခြင်း

အတွက် စိစစ်ခြင်း နှင့် ခွင့်ပြုခြင်း။

(၁၂) ခွင့်ပြုမိန့် သို့မဟုတ်အတည်ပြုမိန့်များ၏ ရင်းနှီးမြှုပ်နှံမှု လိပ်စာပြောင်းလဲခြင်းကို ခွင့်ပြုခြင်း။

(၁၃) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကော်မရှင် အစည်းအဝေးသို့ တင်ပြအစီရင်ခံခြင်း။

(၁၄) ကော်မရှင်အစည်းအဝေးကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း။

(၁၅) ကော်မရှင်ခွင့်ပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု အမှန်တကယ် ငွေသားထည့်ဝင်ပြီး စီးမှုနှင့် စက်ပစ္စည်းတင်သွင်းမှု အချက်အလက်များ စုဆောင်းခြင်း။

(၁၆) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ အစိုးရဌာနများသို့ ပေးပို့ခြင်း။

(၁၇) ရုံးလက်စွဲစာအုပ်ပါလိုက်နာဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများနှင့်တာဝန်ခံမှုတို့အား လိုက်နာဆောင်ရွက်ခြင်း။

(၁၈) အခါအားလျော်စွာပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း။

ပို့ကုန်/ သွင်းကုန်ကြီးကြပ်ရေးဌာနစု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် တိုင်းဒေသ ကြီးပြည်နယ်များက ခွင့်ပြုထားသော ခွင့်ပြုမိန့်/ အတည်ပြုမိန့်များ ရရှိထားသော ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၇ (က၊ ခ၊ ဂ၊ ဃ) အရ စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်း ကင်းလွတ်ခွင့်အားလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၈ (က၊ ခ၊ ဂ၊ ဃ)အရ အခြားကင်းလွတ်ခွင့်နှင့်သက်သာခွင့်များအား လည်းကောင်း ကော်မရှင်သို့လာရောက် လျှောက်ထားနိုင်ပါသည်။

ရင်နှီးမြှုပ်နှံသူက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၇ (က၊ ခ၊ ဂ၊ ဃ)အရ စက်ပစ္စည်းများ/ ပြည်ပသို့ ရာခိုင်နှုန်းပြည့်တင်ပို့သော ကုန်ကြမ်းများကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းလိုပါက ကော်မရှင်သို့အခွန်အကောက်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာပုံစံ (၆) ဖြင့် ဦးစွာ တင်ပြကြရမည်ဖြစ်ပါသည်။ ကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်တောင်းခံပြီးနောက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက လုပ်ငန်းသဘောသဘာဝများနှင့် ကိုက်ညီမှုရှိကြောင်း ခွင့်ပြုချက် ရရှိပါက ကုမ္ပဏီများသို့ အခွန်ကင်းလွတ်ခွင့် ရရှိမည့် ပစ္စည်းစာရင်းကို စာဖြင့်ခွင့်ပြုမည်ဖြစ်ပြီး ကုမ္ပဏီက အဆိုပါပစ္စည်းများ ပြည်ပမှ အမှန်တကယ် တင်သွင်းမှသာကုမ္ပဏီသို့ Invoice ဖြင့် Shipment အလိုက် လျှောက်ထားရမည် ဖြစ်ပါသည်။

ယခင်ကကုမ္ပဏီများသည်ပြည်ပမှအခွန်ကင်းလွတ်ခွင့် သို့မဟုတ် အခွန်ပေးဆောင်ခြင်းဖြင့် စက်ပစ္စည်း/ ကုန်ကြမ်းပစ္စည်းများ တင်သွင်းရာတွင် ကော်မရှင်၏ ထောက်ခံချက်ရရှိမှသာ လိုင်စင်လျှောက်ထားနိုင်သော်လည်း ယခုအခါ Smart Program အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်နေသော လုပ်ငန်းများ၏ စီးပွားဖြစ်စတင်ပြီး ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးနောက် စက်ပစ္စည်း/ ကုန်ကြမ်းပစ္စည်းများ တင်သွင်းလိုပါက မူဝါဒအရ ထိန်းချုပ်ရန်လိုအပ်သော အရက်၊ ဘီယာ၊ စီးကရက်၊ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သောလုပ်ငန်းများနှင့် သကြားတင်သွင်းသောကုမ္ပဏီများမှအပ ကျန်ကုမ္ပဏီများသည်

ကော်မရှင်သို့ လိုင်စင်လျှောက်ထားရန် အတွက် သီးခြားထောက်ခံချက် တောင်းခံရန် မလိုအပ်ဘဲ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနများတွင်တိုက် ရိုက်လျှောက်ထားရန်အတွက် ဝန်ကြီးဌာနအတွင်း ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး ၃၁- ၃- ၂၀၂၁ စတင် ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါ သည်။

ငွေကြေးဆိုင်ရာ စစ်ဆေးရေးဌာနစု

ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ရင်းနှီးမြှုပ် နှံမှုပမာဏ တိုးမြှင့်ခြင်း၊ လျှော့ချခြင်း၊ ရင်းနှီးမြှုပ် နှံမှုလုပ်ငန်းတိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ပြည်ပချေးငွေ ရယူခြင်း၊ ပြည်ပချေးငွေ ပြန်လည်ပေးဆပ်ခြင်း၊ အမြတ်ငွေပြန်လည် ရင်းနှီးမြှုပ်နှံခြင်း၊ အမြတ်ငွေ လွှဲပြောင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုထား သောမြေနှင့် အဆောက်အဦ ပေါင်နှံခြင်းများ အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မတည်ငွေရင်း တိုးမြှင့်ခြင်းကို ငွေသားဖြင့်လည်းကောင်း၊ ချေးငွေ ရင်းတိုးမြှင့်ပါကစက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်း များကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် တင် သွင်းလိုပါက ကော်မရှင်သို့သတ်မှတ်ပုံစံ (၆) ဖြင့် ထပ်မံ လျှောက်ထားနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုး မြှင့်ခွင့်/ လျှော့ချခွင့်ရရှိပြီးပါက မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု နည်းဥပဒေ ၁၇၇ နှင့်အညီ ကော်မရှင် ခွင့်ပြုမိန့်တွင်ဝန်ဆောင်ခပေးသွင်းလျက်ပြင်ဆင်ရန် လိုအပ်ပါသည်။

ကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံသူက မတည် ငွေရင်းပမာဏတိုးမြှင့်ခွင့်တင်ပြလာလျှင် နိုင်ငံတော် အတွင်း ထပ်မံအသုံးပြုသည့် ငွေကြေးပမာဏသည် သို့မဟုတ် တိုးမြှင့်သည့်ငွေကြေး ပမာဏသည် အမေရိ ကန် ဒေါ်လာ ၃၀၀,၀၀၀ ထက် ရှိ မရှိ စိစစ်ရမည်ဖြစ်ပြီး မူလအဆိုပြုမတည် ရင်းနှီးငွေ၏ ၈၀ ရာခိုင်နှုန်းမတည် ငွေရင်းတိုးမြှင့်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းမှရရှိသော အမြတ် ငွေများကို စည်းကြပ်နှစ်၏ ကပ်လျက် ဖြစ်သော နှစ် တွင်ပြန်လည် ရင်းနှီးမြှုပ်နှံပါက ဝင်ငွေခွန် ကင်းလွတ် ခွင့် သို့မဟုတ် သက်သာခွင့်ခံစားရန် တင်ပြလျှောက် ထားနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံသူက ချေးငွေလွှဲပြောင်းခြင်း၊ ချေးငွေ ရယူခြင်းများ ဆောင်ရွက်လိုပါက ချေးငွေ စာချုပ် (မူကြမ်း) နှင့်အတူ ကော်မရှင်သို့ တင်ပြရမည် ဖြစ်ပြီး ကော်မရှင်မှတစ်ဆင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်များဖြင့်သာလွှဲပြောင်းရယူရမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံသူက ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်း သက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ တစ်ဆင့် ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းများကို ပေါင်နှံ စာချုပ်မိတ္တူနှင့်တူ ကော်မရှင်သို့တင်ပြရမည် ဖြစ်ပြီး အစုရှယ်ယာများ လွှဲပြောင်းလိုပါက မူလအစု ရှယ်ယာ ၏ ၅၀ % အထက် လွှဲပြောင်းပါက ကော်မရှင်သတ် မှတ်သို့ သတ်မှတ်ပုံစံ (၈) ဖြင့် ဦးစွာခွင့်ပြုချက် ရယူပြီးမှသာ လွှဲပြောင်းရမည် ဖြစ်ပါသည်။

အလုပ်သမားရေးရာဌာနစု

ရင်းနှီးမြှုပ်နှံသူများက နိုင်ငံခြား ကျွမ်းကျင်ပညာ ရှင်များ ခန့်ထားလိုပါက ကော်မရှင်၏သတ်မှတ်ပုံစံ (၁၂-က) နှင့်အတူ အလုပ်လုပ်ရက် ၁၅ ရက်အတွင်း နိုင်ငံခြားအလုပ်သမားအားလုံးအတွက် အလုပ်လုပ် ခွင့် လက်မှတ်ကို ကော်မရှင်၏ ထောက်ခံချက်အရ အလုပ် သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း ၎င်း၏ ရင်းနှီးမြှုပ်နှံမှုတွင်သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် မည်သည့်နိုင်ငံသားကိုမဆို အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် အကြံပေးအဖြစ် ဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်။ နိုင်ငံခြားသားနှင့် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ခန့်အပ်ရာတွင် အလုပ်သမားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူညီချက်ကို အလုပ်ရှင်နှင့် အလုပ်သမား တို့နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး၍ခန့်ထားရမည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားစဉ် ကာလအတွင်း လေကြောင်းလိုင်း ပိတ်ဆို့မှုများကြောင့် ကုမ္ပဏီများသည် ကျွမ်းကျင်ပညာရှင်များ အား ကယ်ဆယ်ရေး လေယာဉ် (Relief Flight) ဖြင့် လိုက်ပါခွင့်ရရှိစေရေးအတွက် သက်ဆိုင်ရာ သံရုံးများမှတစ်ဆင့် ကော်မရှင်သို့ ထောက်ခံချက် တောင်းခံကြပြီး ကော်မရှင်မှ ပြည်ထဲရေးဝန်ကြီးဌာနသို့အမည်မည်းစာရင်း စိစစ်ပြီးမှသာ ထောက်ခံချက် ထုတ်ပေးလျက်ရှိပါသည်။

စစ်ဆေးရေးဌာနစု

ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးဌာနတွင် ကွင်းဆင်းစစ်ဆေးခြင်း သည်လည်း အထူးအရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၅ အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်အား ကော်မရှင်သို့ လျှောက်ထားရမည်ဖြစ်ပါသည်။ တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊တည်ဆောက်ရေးကာလ ကုန်ဆုံးပြီးနောက် စီးပွားဖြစ်စတင်မည့် ကုမ္ပဏီများ၏ အမှန်တကယ် စီးပွားဖြစ်လုပ်ငန်း လည်ပတ်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ အခြေအနေများနှင့် ခွင့်ပြုမိန့် ရယူပြီး နောက် လုပ်ငန်းများ အမှန်တကယ် ဆောင်ရွက်ခြင်း ရှိ မရှိ၊ ကော်မရှင်က သတ်မှတ်ပေးထားသော တည်ဆောက်ရေး ကာလအတွင်း လုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိ၊ ကော်မရှင်သို့ အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းထားသော စက်ပစ္စည်းများ အမှန်တပ်ဆင်ထားခြင်းရှိ မရှိ၊ ပြည်တွင်းဝန်ထမ်းများ ခန့်ထားမှု၊ လစာပေးချေမှု အခြေအနေများအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ အခြေအနေများအား တိကျစွာ စစ်ဆေးသိရှိနိုင်မည် ဖြစ်ပါသည်။

OSS ညှိနှိုင်းရေးဌာနစု

OSS ညှိနှိုင်းရေးဌာနစုအနေဖြင့် ကော်မရှင်အစည်းအဝေးဖြစ်မြောက်ရေးအတွက် အဓိကဆောင်ရွက်ပေးရပြီး ရင်းနှီးမြှုပ်နှံသူများအကြား ဖြစ်ပွားလျက်ရှိသည့် မူဝါဒနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ၊ အထွေထွေကိစ္စရပ်များ၊ စာရင်းတောင်းခံခြင်းဆိုင်ရာ ကိစ္စရပ်များ၊ FDI စာရင်းပြုစုခြင်းများ၊ Call Data ပြုစုခြင်းများကို ဆောင်ရွက်ပြီး လိုအပ်ပါကကွင်းဆင်းစစ်ဆေးရေးအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရမည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးဌာနခွဲအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် အကြံပြုတင်ပြချက်များ

ရင်နှီးမြှုပ်နှံမှုတွင် ပို့ကုန်/သွင်းကုန်ကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအပေါ် ကြီးမားသော အထောက်အပံ့ဖြစ်စေသော ကဏ္ဍတစ်ခု ဖြစ်ပါသည်။ ကုန်သွယ်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲမှုပပျောက်ရေးအတွက် အရေးကြီးသော အထောက်အပံ့ကိရိယာတစ်ခုလည်း ဖြစ်ပါသည်။ ကုန်သွယ်မှုသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေး

လျက်ရှိပြီး ပြည်တွင်း၌ မထွက်ရှိသော ကုန်ကြမ်းများ၊ မထွက်ရှိနိုင်သော စက်မှုထုတ်ကုန်များနှင့် မရှိသေးသည့် နည်းပညာရပ်များကို တင်သွင်းပြီး သွင်းကုန် ဦးစားပေးစနစ်ဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးခြင်းလည်း ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံသူများ တစ်ဦးသည် ပို့ကုန်/ သွင်းကုန် ဆောင်ရွက်မှုမှစ၍ ကော်မရှင်ခွင့်ပြုမိန့် တစ်လျှောက် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်သော်လည်း ရင်းနှီးမြှုပ်နှံသူအများစုသည် စနစ်တကျ ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

ပြည်ပမှကုန်ပစ္စည်းများ တင်သွင်းသည့်အခါ ကော်မရှင်ခွင့်ချက်ကို ကြိုတင်တောင်းခံရမည် ဖြစ်သော်လည်း ကုမ္ပဏီအများစုသည် ကြိုတင်တောင်းခံခြင်းများ မပြုလုပ်ကြဘဲ သဘော်တင် ပြီးမှသာ ကော်မရှင်သို့ တင်ပြခြင်းကြောင့် အချိန်ကြန့်ကြာမှု အခက်အခဲများ ရင်ဆိုင်ရလျက် ရှိပါသည်။ အလုပ်သမား ခန့်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင်လည်း ကော်မရှင်သို့ ပညာရှင် ခန့်ထားခွင့်ကို သတ်မှတ်ရက်အတွင်း တင်ပြခြင်း မရှိခြင်းများကြောင့် အလုပ်ခန့်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင်လည်း အခက်အခဲများ ရင်ဆိုင်တွေ့ကြုံကြရပါသည်။ ချေးငွေဆိုင်ရာ ကိစ္စရပ်များကို ကော်မရှင်မှ တစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ခွင့်ပြုချက်ရယူ၍ ချေးယူခဲ့ခြင်းများ မပြုခြင်းကြောင့် ပြည်ပသို့ချေးငွေပြန်လည်လွှဲပြောင်းရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိ ပါသည်။

သို့ဖြစ်ပါ၍ကော်မရှင်ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါအတိုင်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတင်းအချက်အလက်များကို အချိန်မီ သိရှိနိုင်ရေး အတွက် www.dica. gov.mm တွင် ဝင်ရောက်ကြည့်ရှုရန် အဆိုပြုချက် တင်ပြစဉ်ကပင် ကုမ္ပဏီများသို့ အသိပေး ဆောင်ရွက်လျက် ရှိပါသည်။

ရင်းနှီးမြှုပ်နှံသူများမှ လျှောက်ထား လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ လွယ်ကူချောမွေ့စေရေးအတွက် Online System ဖြစ်သော Investment Monitoring Software အား ရေးဆွဲလျက်ရှိပြီး မကြာမီ ကာလအတွင်း After Care Service အား ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

Monitor

MIFER သတင်းများ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေး၊ ကုသရေးနှင့် ပတ်သက်သည့်ပစ္စည်းများ တင်သွင်းမှု ချောမွေ့စေရေး၊ ရုံးပိတ်ရက်ကာလများအတွင်း အဆိုပါ ပစ္စည်းများ တင်သွင်းရာတွင် နှောင့်နှေး ကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဌာနအလိုက် လုပ်ထုံးလုပ်နည်းဆိုင်ရာများ ကြိုတင်ညှိနှိုင်းရေး၊ စားကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဇူလိုင်လ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ Video Conferencing ဖြင့် ကျင်းပခဲ့သည့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၁) တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ကိုဗစ်-၁၉ Fund မှ ထုတ်ချေးပေးသည့် ချေးငွေများအပေါ် တိုင်းဒေသကြီး/ပြည်နယ်ချေးငွေ စိစစ်ကြပ်မတ်ရေးအဖွဲ့များက စိစစ်တွေ့ရှိမှုများနှင့်ပတ်သက်၍လည်းကောင်း၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနအသီးသီးက တင်ပြလာမှုများအပေါ် လုပ်ငန်းကော်မတီက ဆက်လက် ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံစီးပွားရေးပြန်လည် ဦးမော့လာစေရေး စီမံချက် (Myanmar Economic Recovery Plan- MERP) (မူကြမ်း)ကိုလည်း သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲလျက်ရှိသည့် အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ လတ်တလောကာလတွင် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မမှန်ကန်သည့် သတင်းများ လူမှုကွန်ယက်များတွင် ဖြန့်ဝေပြီး လူထုစိတ်မသက်မသာ ဖြစ်စေရေးနှင့် ချောက်ချားစေရန် ဆောင်ရွက်နေမှုများအပေါ် ဝန်ကြီးဌာနအလိုက် သတင်းမှန်များ အချိန်နှင့်တပြေးညီ ထုတ်ပြန်ပေးရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေး သက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများက ပြန်လည်တင်ပြလာသည့် အချက်များနှင့် စပ်လျဉ်း၍ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှုအစီအစဉ် ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ နှစ်ဖက်အကြိုညှိနှိုင်းဆွေးနွေးခြင်း

၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပရန် လျာထားသည့် တတိယအကြိမ်ရုရှား-မြန်မာ အစိုးရ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးနှင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးမှုအစီအစဉ်ကို စက်တင်ဘာလ အတွင်း ကျင်းပနိုင်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်း စီစဉ်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေး ကောင်စစ်ဝန်ဖြစ်သူ Mr. Andrei Iunak တို့က Video Conferencingဖြင့်ဆွေးနွေးမှုကို ဩဂုတ်၁၁ ရက်နေ့၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံ

ခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးက ၂၀၂၁ ခုနှစ်၊ ဇွန်လ စတုတ္ထရက် သတ္တပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်အတွင်း ဆွေးနွေးညှိနှိုင်းခဲ့သည့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ကိစ္စရပ်များအား ဆက်လက် ဆောင်ရွက်မည့် အခြေအနေများ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပရန်လျာထားသည့် တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေးနှင့် စက်တင်ဘာလအတွင်း ပြုလုပ်မည့် နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးမှု အစီအစဉ်အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ပြင်ဆင်ဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီးနှစ်နိုင်ငံအကြားဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ဦးစားပေးနယ်ပယ်များ အပါအဝင် အဆိုပါအစည်းအဝေးများသို့ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအစုံမှ တာဝန်ရှိသူများ တက်ရောက်နိုင်ရန် ဖိတ်ကြားဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Andrei Iunak က နှစ်နိုင်ငံအကြား တတိယအကြိမ် ကော်မရှင် အစည်းအဝေးနှင့် နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးမှု အစီအစဉ်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အဓိက စိတ်ဝင်စားသည့် နယ်ပယ်များ၊ သက်ဆိုင်ရာ ရုရှားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး ကြိုတင်ဆောင်ရွက်နေမှု အခြေအနေများအား ဆွေးနွေးပြောကြားခဲ့သည်။

ထို့သို့တွေ့ဆုံရာတွင်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန တာဝန် ရှိသူများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အာရှဒေသဆိုင်ရာ ကုန်သည်နှင့် စက်မှုလုပ်ငန်းစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ကော်မတီ၏ ဒုတိယအကြီးအကဲ Professor Mr. Vadim Saltykoskiy တို့လည်း ပါဝင်တက်ရောက်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) ၂၀၂၅ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီများနှင့် အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော်၊ ဩဂုတ်လ ၁၃ ရက် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ၏ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်၍ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ရက်နေ့၊ မွန်းလွဲပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ က သက်ဆိုင်ရာဌာနများမှ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ယခု

အစည်းအဝေးသည် စက်တင်ဘာလတွင်ကျင်းပမည့် (၅၃)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ အတွက် ကြိုတင်ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)- ၂၀၂၅ ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုတွင် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မှုများကို သတ်မှတ်ကာလအတွင်း ပြီးမြောက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အာဆီယံ၏ ပြောင်းလဲလာသည့် လုပ်ငန်းစဉ်များအရ လုပ်ငန်း ကော်မတီများကို ကျစ်ကျစ်လစ်လစ် ပြန်လည်ဖွဲ့စည်းပြီး၊ ဌာနအလိုက် လုပ်ငန်း တာဝန်များကို တိတိကျကျ ပြန်သတ်မှတ်ပေးကာ လုပ်ငန်းစီမံချက် ပြန်လည် ရေးဆွဲသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အေအီးစီ ၂၀၂၅ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ အာဆီယံဒေသ တစ်ခုလုံး အနေဖြင့် ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ရန်ဦးစားပေး လုပ်ငန်း (၁၄၈) ခုကို ချမှတ်ထားပြီး၊ ဇွန်လကုန်အထိ ၆၇ ခုကို အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံတည်း သီးသန့်ဆောင်ရွက်ရန် လုပ်ငန်း အနည်းငယ်သာ ကျန်ရှိနေသည်ကို တွေ့ရကြောင်း၊ အဆိုပါ လုပ်ငန်းများသည်လည်း ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်၍ မြန်မာတစ်နိုင်ငံတည်း ကျန်ရှိနေခြင်း မဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်မှုအတွက် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့ပြင် အာဆီယံက ဆောင်ရွက်ခဲ့သည့် အေအီးစီ လမ်းပြမြေပုံ ၂၀၂၅ ၏ ကာလလယ် (Mid Term Review) ကို အခြေခံ၍ ထိရောက်သည့် အကောင်အထည် ဖော်ဆောင်မှု ဖြစ်စေရန် မြန်မာနိုင်ငံ၏ အေအီးစီ အကောင်အထည် ဖော်မှုအားလည်း သုံးသပ်ပြီး၊ ကျန်ကာလများတွင် အကောင်အထည်ဖော်ရာ၌ လိုအပ်သည့် ပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကဏ္ဍအလိုက်

အကောင်အထည် ဖော်မှုများကိုလည်း scorecard ဖြင့် တိုင်းတာဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးကအာဆီယံ အနေဖြင့် ယခုနှစ်အတွင်း ချုပ်ဆိုမည့် စာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်း များ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လက်မှတ် ရေးထိုးပြီးစာချုပ်များ အသက်ဝင်ရေးအ တွက် လိုအပ်သည့် ပြည်တွင်း လုပ်ထုံးလုပ်နည်းများ ကို ဆောလျင်စွာ ဆောင်ရွက်သွားရန် အရေးကြီး ကြောင်း၊ လုပ်ငန်းအဖွဲ့များ၏ အကောင်အထည် ဖော်မှုများတွင် လိုအပ်သည့် လမ်းညွှန်ချက်များ ရရှိ နိုင်ရန် အချိန်နှင့် တစ်ပြေးညီ တင်ပြနိုင်ရေးအပေါ်

လမ်းညွှန်မှာကြားပါသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် သက် ရောက်မှုများကို ကုစားနိုင်ရန်အတွက် အာဆီယံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ အလွန်ပြန်လည် ထူထောင် ရေး ကြိုးပမ်းမှု မူဘောင် ရေးဆွဲထားပါကြောင်း၊ အဆိုပါ မူဘောင်ကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ (၃၇) ကြိမ် မြောက် အာဆီယံထိပ်သီး အစည်းအဝေးမှာ နိုင်ငံခေါင်းဆောင်များက အတည် ပြုခဲ့ပါကြောင်း၊ မူဘောင်တွင် ကျန်းမာရေး၊ လူမှု ဘဝလုံခြုံရေး၊ စီးပွားရေး ပေါင်းစည်းမှုများ ပိုမို နက်ရှိုင်းအောင် ဆောင်ရွက်ရေး၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု မြှင့်တင်ရေး၊ ရေရှည်တည်တံ့ ပြီး ကြံ့ကြံ့ခံနိုင်သည့် အနာဂတ်တစ်ခု တည်ဆောက် ရေး စသည့် မဟာဗျူဟာ (၅)ခုအပေါ် အခြေခံ၍ လုပ်ငန်းစဉ်များ ချမှတ်ထားကြောင်း၊ မူဘောင်တွင် အာဆီယံအသိုက်အဝန်း တစ်ခုလုံးနှင့် သက်ဆိုင်သည့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ် စုစုပေါင်း ၁၈၅ ခု ပါဝင်ကြောင်း၊ အာဆီယံ စီးပွားရေး အသိုက် အဝန်းမဏ္ဍိုင်နှင့် ဆက်နွယ်နေသည့် လုပ်ငန်းစဉ် ၆၀ ခု ပါရှိပြီး၊ အာဆီယံဒေသအနေဖြင့် ပူးပေါင်း ဆောင် ရွက်ရမည့် လုပ်ငန်းအများစုဖြစ်ကြောင်း၊ အဆိုပါ မူဘောင်၏လုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံတွင် လက်ရှိ ရေးဆွဲနေသည့် မြန်မာနိုင်ငံ စီးပွားရေး ပြန်လည် ဦးမော့စေရေး စီမံချက်ပါ လုပ်ငန်းစဉ်များကိုလည်း ချိတ်ဆက်ထားသည့်အတွက် လုပ်ငန်းများကို ပိုမို ထိရောက်စွာအကောင်အထည်ဖော်နိုင်မှာ ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် နည်းပညာနှင့် ငွေကြေး အကူအညီများ ကိုလည်း ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက် သွားမည် ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က အာဆီယံ အဆင့်မြင့်စီးပွားရေး အရာရှိ များအစည်းအဝေး (၃/၅၂) ကြိမ်မြောက် အစည်းအဝေး ၌ ဆွေးနွေးညှိနှိုင်းမှုများနှင့် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်း တင်ပြပါသည်။

ထို့နောက် လုပ်ငန်းကော်မတီ အသီးသီး၏ ဥက္ကဋ္ဌ များနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာလုပ်ငန်း ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စဉ်များ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ် များနှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ် များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

အိန္ဒိယနိုင်ငံအစိုးရ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများ (QUICK IMPACT PROJECTS) အတွက် နားလည်မှုစာချွန်လွှာ (MOU) များ ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Quick Impact Project – QIP) ၅ ခုအတွက် နားလည်မှုစာချွန်လွှာ (MOU) များကို ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် မတ်လ ၁ ရက်နေ့၊ မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက သက်ဆိုင်

ရာ ဝန်ကြီးဌာနများအနေဖြင့် ပြည်သူများအတွက် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေမည့် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်မည့် စီမံကိန်းများဖြစ်သော ဘေလီတံတား တည်ဆောက်ခြင်း၊ မြို့နယ်ခန်းမဆောင် တည်ဆောက်ခြင်း၊ အသေးစား လေစွမ်းအင်သုံး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာ E-Library တည်ဆောက်ခြင်းနှင့် အပူပိုင်းဇုန်တွင် နေရောင်ခြည်စွမ်းအင်သုံး ရေပေးဝေရေး စီမံကိန်းများကို သတ်မှတ်ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် MOU များ လျင်မြန်စွာ လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။ အစည်းအဝေး တက်ရောက်လာသူများက ၎င်းတို့နှင့် သက်ဆိုင်သည့် စီမံကိန်းဆိုင်ရာ MOU များ လက်မှတ်ရေးထိုးရေးအတွက် တင်ပြဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ သယံ

ဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အကြိမ် (၄၀)မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် တက်ရောက်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် အကြိမ် (၄၀) မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အ

ဆင့်မြင့်လုပ်ငန်းအဖွဲ့ (40th Meeting of the High-level Task Force on ASEAN Economic Integration – HLTF-EI) အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ဦးဆောင်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက တာဝန်ရှိသူများ ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် နိုင်ငံအလိုက် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေးဆောင်ရွက်နေမှုများနှင့် ဒေသတွင်းဖြစ်ပေါ်နေသည့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေး မူဘောင်၏ လုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူစဉ် ၂၀၂၁ ခုနှစ် အတွက် ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖြေစီးမှု အခြေအနေများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) လမ်းပြမြေပုံ ၂၀၂၅ ကာလလယ် သုံးသပ်ချက် အစီရင်ခံစာ၏ အကြံပြုချက်များအပေါ် ကဏ္ဍဆိုင်ရာအလိုက် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ စတုတ္ထစက်မှု



အသွင် ပြောင်းလဲမှုဆိုင်ရာပေါင်းစည်းမှု မဟာဗျူဟာရေးဆွဲချမှတ် ဆောင်ရွက်ရေးအတွက် ညှိနှိုင်းပြီးစီးမှုနှင့် အတည်ပြုနိုင်ရေးကိစ္စများ၊ ၂၀၂၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် ၂၀၂၂ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ယူမည့် ကမ္ဘောဒီးယားနိုင်ငံ၏ ကြိုတင် ဆောင်ရွက်ထားရှိမှုများကို ညှိနှိုင်းဆွေးနွေးကြပါသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ပြန့်နှံ့မှုများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးခြင်းလုပ်ငန်းများကို အစိုးရက အရှိန်မြှင့်တင် ဆောင်ရွက်နေမှုများ၊ ပဂ္ဂလိကကဏ္ဍမှလည်း ကာကွယ်ဆေးထိုးရေးလုပ်ငန်း

စဉ်များတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိမ်းချုပ်ရေးအတွက် လိုအပ်သည့် ဆေးနှင့် ဆေးကိရိယာပစ္စည်းများကို လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး အတွက် အာဆီယံနိုင်ငံများနှင့်ပူးပေါင်း ဆောင်ရွက်မှုများကို ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦး မော့စေရေးစီမံချက် (Myanmar Economic Recovery Plan –MERP) ကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ပြင်ဆင် ဆောင်ရွက်နေမှုများနှင့် အာဆီယံဘက်စုံ ပြန်လည် ထူထောင်ရေးမူဘောင်၏ လုပ်ငန်းများကို မြန်မာ နိုင်ငံကလိုက်ပါ အကောင်အထည်ဖော်မှု အခြေအနေ နှင့်လိုအပ်ချက်များကို ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့အနေဖြင့် (၅၃) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ အာဆီယံ စီးပွားရေး ပြန်လည် ထူထောင်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ အာဆီယံ စီးပွားရေး အသိုက်အဝန်း (အေအီးစီ) လမ်းပြမြေပုံ ၂၀၂၅ ကာလလယ်သုံးသပ်ချက် အစီရင်ခံစာပါ အကြံပြုချက်များကိုလည်းကောင်း၊ စတုတ္ထ စက်မှုအသွင်ပြောင်းလဲမှုဆိုင်ရာ ပေါင်းစည်းမှု မဟာဗျူဟာကို အတည်ပြုရန် ကိစ္စရပ်ကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ် အလွန်အတွက် အာဆီယံ၏ မျှော်မှန်းချက်ရေးဆွဲ ဆောင်ရွက်ရန်အတွက်အကြံပြုချက်များကိုလည်းကောင်း တင်ပြမည်ဖြစ်ပါသည်။

အစည်းအဝေးတွင် စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် H.E Gabriel Lim က အစည်းအဝေး သဘာပတိ အဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်း အဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်း ရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအားကြည့်ရှုအားပေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒကွိဏသီရိမြို့နယ် အတွင်းရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖက်စပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Myanmar Golden Produce Co.,Ltd၏ ပြည်တွင်းထွက် သစ်သီးဝလံနှင့် သီးနှံများကို တန်ဖိုးမြှင့်ထုတ်လုပ် သည့်စက်ရုံသို့ကြည့်ရှုအားပေးခဲ့ပါသည်။

ထိုသို့ရောက်ရှိစဉ်ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်နှောင်းနှောင်းဝင်းက တန်ဖိုးမြှင့် ထုတ်ကုန်ထုတ် လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းရောင်းချမှုလုပ် ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လက်ရှိကြုံ တွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ရှင်း လင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း ထုတ်လုပ်မှု မြှင့်တင်ရေး၊ ဈေးကွက် တိုးချဲ့ရရှိရေး၊ ပြည်ပတင်ပို့မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း ၍ ဆွေးနွေးခဲ့ပြီး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်သွား

မည့် အစီအစဉ်များနှင့် လုပ်ငန်းတွင် လက်ရှိ ကြုံတွေ့ နေရသောအခက်အခဲများ နှင့်စပ်လျဉ်း၍ လိုအပ်သည် များညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒကွိဏ သီရိမြို့နယ်အတွင်းရှိ ကန်ထရိုက် လယ်ယာစနစ်ဖြင့် စပ်မျိုးစပါးများ ထုတ်လုပ်၍ ပြည်ပတင်ပို့ခြင်း၊ အထွက်

တိုးစပါးမျိုးစေ့ ထုတ်လုပ်၍ ပြည်တွင်းဖြန့်ချီရောင်းချခြင်း၊ ပြည်တွင်းစပါးမျိုးများကို မျိုးမြှင့်တင်၍ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ပြည်ပတွင် စျေးကွက်ဝင်သည့် စပါးများ စိုက်ပျိုးထုတ်လုပ်၍ ဆန်ကြိတ်ခွဲပြီး ပြည်ပတင်ပို့သည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် MAYLP Agriculture Co.,Ltd သို့ သွားရောက်ခဲ့ပါသည်။

အဆိုပါစက်ရုံသို့ ရောက်ရှိစဉ် ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဦးစိုးလင်းထွန်းက နေပြည်တော်ဒေသ အနီးတစ်ဝိုက်ရှိ မြို့နယ်များတွင် တောင်သူလယ်သမားများနှင့် အကျိုးတူ ပူးပေါင်း၍ ကန်ထရိုက် လယ်ယာစနစ်ဖြင့် ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်တွင်း ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ နှင့်စပ်လျဉ်း၍ တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများနှင့် ကန်ထရိုက် လယ်ယာစနစ် တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပစျေးကွက်ဝယ်လိုအား ကောင်းမွန်သော ပြည်တွင်းစပါးမျိုးများ တိုးချဲ့ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကိစ္စရပ်များ နှင့်စပ်လျဉ်း၍ လိုအပ်သည်များ အကြံပြု ဆွေးနွေးပေးခဲ့ပြီး ကုမ္ပဏီမှ တင်ပြလာသည့် အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဆောင် ရွက်ပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒကွိဏာခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကျီအင်းကျေးရွာအုပ်စုရှိ နေပြည်တော်တစ်ဝိုက် မြို့နယ်အသီးသီးမှ တောင်သူလယ်သမားများနှင့် အကျိုးတူ ကန်ထရိုက်စနစ် ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်၍ ဟင်းသီးဟင်းရွက် အေးခဲထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့လျက်ရှိသည့် Myanmar Agri Foods Co.,Ltd သို့ သွားရောက်ခဲ့ပါသည်။ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးရဲမြင့်မောင် က လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး က ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ တောင်သူလယ်သမားများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပြီး တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးကာစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ပါသည်။



ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲသည့် မြန်မာနိုင်ငံစီးပွားရေး ပြန်လည် ဦးမော့စေရေး စီမံချက် (MYANMAR ECONOMIC RECOVERY PLAN- MERP) အပြီးသတ်ဆွေးနွေးညှိနှိုင်း အစည်းအဝေးကျင်းပ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲခဲ့သော မြန်မာနိုင်ငံ စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (Myanmar Economic Recovery Plan- MERP) အပြီးသတ်ညှိနှိုင်းခဲ့သည့် အစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ကိုဗစ်-၁၉ ကြောင့်

ဖြစ်ပေါ်လာသည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်သီးခြားဖိတ်ကြားထားသူ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဌာနအသီးသီးမှ အကြီးအကဲများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယခုရေးဆွဲထားသည့် မြန်မာနိုင်ငံ စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက်သည် ကိုဗစ်-၁၉ ကြောင့်ထိခိုက်ခဲ့သော နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့စေရေးအတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များ၊ စီးပွားရေးဦးတည်ချက်များနှင့် အညီ မိမိနိုင်ငံ၏ ပကတိ လိုအပ်ချက်များအပေါ် အခြေခံကာ ကမ္ဘာ့ဖွံ့ဖြိုးမှု အစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ၊ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၊ မဟာမဲခေါင်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်၏ ဂျီအမ်အက်စ် ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံချက် (၂၀၂၁-၂၀၂၃) တို့နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန် အချက်များကို ပြုစုရေးဆွဲထားခြင်း ဖြစ်ပါကြောင်း၊ စီမံချက်သည် လုပ်ငန်းအစီအစဉ် ၁၀ ခု၊ မျှော်မှန်းချက် ၂၇ ခု၊ လုပ်ငန်းစဉ် ၄၀၇ ခုတို့ဖြင့် ရေးဆွဲထားသည့် Framework တစ်ခုသာဖြစ်ကြောင်း၊ စီမံချက်တွင်ပါရှိသည့် လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းစဉ်များအား အခြေအနေ

ပေါ်မူတည်၍ ပြောင်းလဲဆောင်ရွက်သွားရန် စီမံထား ရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်မည့် ဝန်ကြီးဌာန အဖွဲ့အစည်းများအနေနှင့် အပြောင်းအလဲများရှိပါက ပြန်လည်ပြင်ဆင် ဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းစဉ်များသည် ကာလတိုနှင့် ကာလလတ် စီမံချက်များဖြစ်သော်လည်း အချို့သောလုပ်ငန်းစဉ်များမှာမူ ကာလရှည် အမျိုးသား အဆင့်စီမံကိန်းနှင့် ချိတ်ဆက်၍ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံစီးပွားရေး ပြန်လည် ဦးမော့စေရေး စီမံချက်အား အကောင်အထည်ဖော်ဆောင်ရာတွင် ဦးဆောင်မည့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုပါ ဝန်ကြီးဌာန၏ လိုအပ်ချက်အရ ဆက်စပ်ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် လိုအပ်သည့် အခြားသောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ဆောင်ရန် ဖြစ်ပါကြောင်း၊ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် မျှော်မှန်းထားသည့် ရလဒ်များ ပြည့်မီမှု အခြေအနေကို သိရှိနိုင်ရန် သက်ဆိုင်ရာ ကဏ္ဍအသီးသီး အတွက် ညွှန်ကိန်းများ (Key Performance Indicator –KPI) သတ်မှတ်၍ အကောင်အထည်ဖော်မှု အပေါ် ဆန်းစစ် အကဲဖြတ်ခြင်း (Monitoring and Evaluation) များ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ညွှန်ကိန်းများ သတ်မှတ်ဆောင်ရွက်ရေးအားလည်း သက်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်မည့် ဝန်ကြီးဌာနများနှင့် ဆက်လက်တိုင်ပင်၍ ထုတ်ပြန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က စီမံချက်ပါ လုပ်ငန်း အစီအစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေး တင်ပြခဲ့ပြီး အစည်းအဝေးတက်ရောက်လာကြသူများက စီမံချက် မူကြမ်းအပေါ် ဝိုင်းဝန်းဖြည့်စွက် ဆွေးနွေးကာ စီမံချက်အား ဆက်လက်အတည်ပြုရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲသည့် မြန်မာနိုင်ငံစီးပွားရေး ပြန်လည် ဦးမော့စေရေး စီမံချက် (မူကြမ်း) အပေါ် ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များ နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီက ဦးဆောင်ရေးဆွဲခဲ့သော မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက် (မူကြမ်း) အပေါ် ပုဂ္ဂလိက ကဏ္ဍ၏ အကြံပြုချက်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ Virtual စနစ် ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ်

ကုစားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးသန်းအောင်ကျော်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစီးပွားရေး ပြန်လည် ဦးမော့စေရေးစီမံချက် (မူကြမ်း) အပေါ် ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များအား စီမံချက် အဆိုပြုလွှာများနှင့် တကွ ဆွေးနွေးပါသည်။ ဆွေးနွေးချက်များနှင့် ပတ်သက်၍ စီမံချက်တွင် လိုအပ်သလို ဖြည့်သွင်းနိုင်ရေးနှင့် စီမံချက်အား အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိက ကဏ္ဍက ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ညှိနှိုင်းခဲ့ကြပါသည်။

(၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၃၅) ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီအစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေး နှင့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲများကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦးသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်၊ နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၅၃) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၃၅) ကြိမ်မြောက် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီ အစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲများသို့ နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးများတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး H.E. Dato Dr. Amin Liew Abdullah က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံ ရင်းနှီးမြှုပ်နှံမှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံစီးပွားရေးအကြံ ပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့ကြသည်။

(၃၅) ကြိမ်မြောက် လွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေးကို နံနက် ၈ နာရီတွင် ကျင်းပခဲ့ရာ ဝန်ကြီးများက အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှု ဆိုင်ရာဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မှတ်တမ်းတင်ပြီး ယင်းသဘောတူစာချုပ် ပြန်လည် သုံးသပ်ရေး ဆောင်ရွက်မှု အခြေအနေများကို အသိအမှတ် ပြုခဲ့ကြပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် ဆေးနှင့် ဆက်စပ်ပစ္စည်းများနှင့် စားသောက်ကုန်ကဲ့သို့သော မရှိမဖြစ် လိုအပ်သည့် အရေးကြီးကုန်စည်များ၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည့် နားလည်မှုစာချွန်လွှာတွင် စားသောက်ကုန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ ထပ်မံထည့်သွင်းရေးကို အတည်ပြုခဲ့ကြသည်။ အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်နှင့်အညီ ကုန်သွယ်မှုအပေါ် အကျိုးသက်ရောက်

မှုရှိနိုင်သည့် နိုင်ငံအလိုက် ထုတ်ပြန်သည့် အမိန့်/ညွှန်ကြားချက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အသိပေး အကြောင်းကြားရေး ကိစ္စကိုလည်း ဝန်ကြီးများက မှတ်တမ်းတင်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉နှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် စိန်ခေါ်မှုများ ရှိနေသော်လည်း အာဆီယံ၏ လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံ ကုန်စည် ကုန်သွယ်မှု သဘောတူ စာချုပ်

အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ စာချုပ်ပါ အကောက်ခွန်လျှော့ချမှု အစီအစဉ်အရ အကောက်ခွန်လိုင်းများ ချိတ်ဆက်ရာတွင် မှီငြမ်းသည့် လမ်းညွှန်ချက်ရေးဆွဲ ဆောင်ရွက်ခြင်းသည် ကုန်သွယ်မှု လုပ်ငန်းများအတွက် ပွင့်လင်းမြင်သာမှုနှင့် တိကျသေချာမှုကို အထောက်အကူဖြစ်သည့်အတွက် အဆိုပါ လမ်းညွှန်ချက် အပြီးသတ်နိုင်ရေး ဆောင်ရွက်ရန် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေး ပေါင်းစပ်ညှိနှိုင်းမှု ကော်မတီကို တိုက်တွန်းခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အထွေထွေ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းသည် သဘောတူစာချုပ်အောက်ရှိ ကတိကဝတ်များနှင့် ကိုက်ညီမှု မရှိသည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်နိုင်ရေးအတွက် အခွင့်အလမ်းကောင်း တစ်ခုဖြစ်ကြောင်း၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ပြုစုထားသည့် အဖွဲ့ဝင်နိုင်ငံများ အကြား ကာလရှည်ကြာစွာ ဖြေရှင်းနိုင်ခြင်းမရှိသည့် ကိစ္စရပ်များ အတွက်လည်း ရှေ့ဆက်ဆောင်ရွက်မည့် နည်းလမ်းများကိုပါ ထည့်သွင်းရန်လိုကြောင်း ဆွေးနွေးခဲ့သည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့မှ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုနှင့်စပ်လျဉ်း၍ ထိုင်းနှင့် မြန်မာ နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နိုင်ခဲ့ခြင်းကို ဝမ်းမြောက်ကြောင်း ဆွေးနွေးခဲ့ပြီး၊ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံ သို့ တစ်နှစ်ပတ်လုံး ပြောင်းတင်ပို့ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံက စဉ်းစားပေးရန်ကိုလည်း ပြည်ထောင်စုဝန်ကြီး က တောင်းဆိုခဲ့သည်။ ထို့ပြင် ကိုဗစ် - ၁၉ ဖြစ်ပေါ်နေစဉ်အတွင်း အကောက်ခွန် မဟုတ်သည့် အစီအမံများ ဖြေလျှော့ပေးရန် အတွက် ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာ၏ နောက်ဆက်တွဲစာရင်းတွင် အာဆီယံနိုင်ငံများ သဘောတူထားသည့် စားသောက်ကုန်နှင့် စပ်လျဉ်းသည့် ကုန်စည် (၁၀၇) လိုင်းကို ထည့်သွင်းရန်ကိုလည်း သဘောတူခဲ့ပါသည်။

ဆက်လက်၍ (၂၄) ကြိမ်မြောက် ရင်းနှီးမြှုပ်နှံမှု ဒေသကောင်စီ အစည်းအဝေးကို ကျင်းပခဲ့ရာ ဝန်ကြီးများက အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး၊ အာဆီယံ ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာ (၂၀၂၀-၂၀၂၁)နှင့် အာဆီယံ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး မူဘောင်တို့ကို ထုတ်ပြန်ရန် အတည်

ပြုခဲ့သည်။ ထို့အပြင် အာဆီယံရင်းနှီးမြှုပ်နှံမှု စောင့်ကြည့်ရေးအစီရင်ခံစာ (၂၀၂၁)နှင့် စပ်လျဉ်းပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ တင်ပြမှုအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြပြီး၊ အဆင့်မြင့် ရွှက်ချက်များကို ဆန်းစစ်နိုင်ရန်နှင့် ကိုဗစ်-၁၉ ကပ် ရောဂါအလွန် ပြန်လည်ကုစားရေး ဆောင်ရွက်ချက် များကို အထောက်အကူပြုနိုင်ရန်အတွက် ဆောင်ရွက် မည့် အာဆီယံ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး

စီးပွားရေးအရာရှိများက ဝန်ကြီးများထံ တင်ပြသည့် အစီရင်ခံစာကို မှတ်တမ်းတင်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးကဘာရူနိုင်းဒါရုဆလမ်နိုင်ငံ၏ ၂၀၂၁ခုနှစ် အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် စီးပွားရေး ဦးစားပေး လုပ်ငန်းတစ်ခုဖြစ်သည့် အာဆီယံ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး မူဘောင်ကို ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို အသိအမှတ်ပြု ကြိုဆိုပါကြောင်းနှင့် ကိုဗစ်-၁၉ အလွန် ကာလတွင် အာဆီယံဒေသတွင်း ဦးစားပေး မြှင့်တင်သင့်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ နှင့်စပ် လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးမှုများကို လည်းကောင်း အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီး က ဒေသတွင်း ရင်းနှီး မြှုပ်နှံမှု လွယ်ကူ ချောမွေ့စေရေးဆိုင်ရာ ဆောင် မူဘောင်သည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင် ရေးနှင့် လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက် လျက်ရှိသည့် SMART လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိ ကြောင်းနှင့် အဆိုပါ အာဆီယံ ရင်းနှီးမြှုပ်နှံမှု လွယ်ကူ ချောမွေ့စေရေး မူဘောင်ကို ဆက်လက်ဆောင်ရွက်ရန် ထောက်ခံကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆက်လက်ကျင်းပသည့် စီးပွားရေး ဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေး ကောင်စီ တို့၏ ဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေး ဝန်ကြီးများ နှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေး အကြံ ပေး ကောင်စီအဖွဲ့ဝင်များ ပါဝင်တက် ရောက်ခဲ့ကြပါ သည်။ အဆိုပါ ဆွေးနွေးပွဲတွင် အာဆီယံ စီးပွားရေး အကြံပေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များက ၂၀၂၁ ခုနှစ်အတွင်း ပုဂ္ဂလိက ကဏ္ဍက အကောင်အ ထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို

တင်ပြခဲ့သည်။ ထို့ပြင် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးညီလာခံ ကျင်းပရန် စီစဉ် ဆောင်ရွက်မှု၊ ထူးချွန်သည့် စီးပွားရေး လုပ်ငန်းများ

အား ဆုချီးမြှင့်မည့် အစီအစဉ်၊ ဒေသတွင်း ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင် ရွက်မှု အခြေအနေ၊ ကိုဗစ်-၁၉ ကာလအလွန် ဒေသတွင်း စီးပွားရေး ပြန်လည်ကောင်းမွန်စေရန် အတွက် ဆောင်ရွက်လျက်ရှိသည့် ဒစ်ဂျစ်တယ် ကုန်သွယ်ရေး ကွန်ယက်ထူထောင်မှုအခြေအနေ၊ ကျန်းမာရေးနှင့် ခရီးသွားလာရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အကြံပြုချက်များကို တင်ပြခဲ့ရာ ဝန်ကြီးများမှ ပြန် လည် လမ်းညွှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး က မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာ ကွယ်ခြင်းနှင့် ကုသရေးလုပ်ငန်းများ၌ အစိုးရ-ပုဂ္ဂလိက နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ၊ ကူးစက်မှုနှုန်းကို အတိုင်းအတာတစ်ခု အထိ အောင် မြင်စွာထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေ များ၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွား ရေး သက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် ကာလလတ်စီမံကိန်း ဖြစ်သည့် မြန်မာနိုင်ငံစီးပွား ရေး ပြန်လည်ဦးမော့စေရေး စီမံချက်ကို ကုလသမဂ္ဂ ၏ ထောင်စုနှစ်ရည်မှန်းချက်၊ အာဆီယံ ဘက်စုံ ပြန်လည် ထူထောင်ရေးမူဘောင်နှင့် ကျိအမ်အက်စ် လုပ်ငန်းအစီအစဉ်များနှင့် အညီဆောင် ရွက်နေမှု များကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် (၅၃) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ဝန်ကြီးများက နိုင်ငံအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသမှု၊ ကာကွယ်ဆေး ထိုးနှံမှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး၊ ပြည် ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်ကုန်၌ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံ ပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ရောဂါဖြစ်ပွားနေစဉ်အတွင်း မရှိမ ဖြစ်လိုအပ်သည့် ဆေးဝါးများနှင့် ဆေးကိရိယာများကို လွယ်ကူစွာ တင်သွင်း၊ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်မှု များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ (၅၃) ကြိမ် မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး ကို စက်တင်ဘာလ ၉ ရက်နေ့တွင် ဆက်လက် ကျင်းပ မည် ဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ ပြည်ထောင်စု ဝန်ကြီးနှင့်အတူ ရင်နှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အရာရှိ ကြီးများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

(၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး ဒုတိယနေ့နှင့် အာဆီယံထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ ယှဉ်ပြိုင်မှုဆိုင်ရာဆန်းစစ်ချက် အစီရင်ခံစာ ထုတ်ပြန်သည့် အခမ်းအနားများကျင်းပ

(၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့၌ ဒုတိယနေ့အဖြစ် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ဆက်လက်ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dato Dr. Amin Liew Abdullah က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဦးစားပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းစဉ်များ ဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေတို့အပေါ် မှတ်တမ်းတင်ပြီး ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် ကဏ္ဍဆိုင်ရာလုပ်ငန်းအဖွဲ့များအား တိုက်တွန်းခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများက ကိုဗစ်-၁၉ အလွန်ပြန်လည် ထူထောင်ရေးအတွက် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေမည့် စီးပွားရေး မူဝါဒများဖော်ဆောင်ရေး၊ ဒစ်ဂျစ်တယ် စီးပွားရေး ပေါင်းစည်းမှု လုပ်ငန်းစဉ်များ အရှိန်မြှင့်တင် ဆောင်ရွက်ရေးတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့စေရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ပေါင်းစည်းမှု အရှိန်မြှင့်တင်လာစေရေးအတွက် ရည်ရွယ်ဆောင်ရွက်သည့် ဘန်ဒါဆီရီဘီဂါဝန် လမ်းပြ မြေပုံကို အတည်ပြုခဲ့ကြသည်။ ထို့အပြင် အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့မှ တင်ပြသည့် အကြံပြုချက်များ၊ အဆင့်မြင့် စီးပွားရေးအရာရှိများက တင်ပြသည့်အစီရင်ခံစာနှင့် အနာဂါတ်တွင် ချုပ်ဆိုမည့် အာဆီယံစီးပွားရေး သဘောတူစာချုပ်များ၏ အကောင်အထည်ဖော်မှု နှောင့်နှေးမှုမရှိစေရန် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ပြည်တွင်း လုပ်ထုံးလုပ်နည်းများအပေါ် သုံးသပ်မည့် လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာတို့အပေါ် ဝန်ကြီးများက ဆွေးနွေးလမ်းညွှန်ခဲ့ကြသည်။

ထို့နောက် ဝန်ကြီးများသည် စက်တင်ဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် တရုတ်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ အမေရိကန်၊ ဟောင်ကောင် (တရုတ်)၊ အိန္ဒိယ၊ အီးယူ၊ ရုရှား၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ အပေါင်းသုံး (တရုတ်၊ ကိုရီးယား၊ ဂျပန်)၊ အရှေ့အာရှနှင့် ယူကေနိုင်ငံ တို့မှ စီးပွားရေးဝန်ကြီးများ၏

အစည်းအဝေးများ၌ဆွေးနွေးမည့်ကိစ္စရပ်များအပေါ် ကြိုတင်ညှိနှိုင်းခဲ့ကြသည်။

အစည်းအဝေး၏ နံနက်ပိုင်း အစီအစဉ်များတွင် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်သည် ပြည်ထောင်စုဝန်ကြီးကိုယ်စား တက်ရောက်ခဲ့သည်။ ဒုတိယဝန်ကြီးက ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဦးစားပေး ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းစဉ်များ ပြီးမြောက်မှုကို ကြိုဆိုခဲ့ပါသည်။ ထို့ပြင် ဒုတိယဝန်ကြီးက ဒစ်ဂျစ်တယ် စီးပွားရေး ပေါင်းစည်းမှု အရှိန်မြှင့်တင်လာစေရေးအတွက် ရည်ရွယ်ဆောင်ရွက်သည့် ဘန်ဒါဆီရီဘီဂါဝန် လမ်းပြမြေပုံချမှတ်နိုင်ခြင်းကို ထောက်ခံခဲ့ပြီး၊ အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုအခြေအနေ ကွာခြားချက်အရ အဆိုပါလမ်းပြမြေပုံ အကောင်အထည် ဖော်ရာတွင် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များကို ထည့်သွင်းရန် အကြံပြုခဲ့ပါသည်။

အစည်းအဝေး၌ ဝန်ကြီးများက (၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြုခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာအဖွဲ့အစည်း (အိုအီးစီဒီ)နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်း ဆောင်ရွက်သည့် အာဆီယံ ထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍ၏ ယှဉ်ပြိုင်မှုဆိုင်ရာ ဆန်းစစ်ချက် အစီရင်ခံစာထုတ်ပြန်သည့် အခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ ဗြိတိန်နိုင်ငံ၊ ကုန်သွယ်ရေးမူဝါဒဆိုင်ရာဝန်ကြီး၊ အိုအီးစီဒီအတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi က အဖွင့်အမှာစကား ပြောကြားပြီး၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dato Dr. Amin Liew Abdullah၊ အိုအီးစီဒီ အတွင်းရေးမှူးချုပ် Mr. Mathias Cormann၊ ဗြိတိန်နိုင်ငံ၊ ကုန်သွယ်ရေး မူဝါဒဆိုင်ရာဝန်ကြီး Rt Hon Greg Hands MP တို့က မိန့်ခွန်းများ ပြောကြားခဲ့သည်။ ထို့နောက် အိုအီးစီဒီက အာဆီယံစီးပွားရေးဝန်ကြီးများထံသို့ အာဆီယံ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ ယှဉ်ပြိုင်မှုဆိုင်ရာ ဆန်းစစ်ချက် အစီရင်ခံစာများကို လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးကာ အခမ်းအနားပြီးမြောက်ခဲ့သည်။

(၁၃) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

(၁၃) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် video conference စနစ်ဖြင့် ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦးက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေး၌ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံက အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်သည့် ကာလအတွင်း စီအယ်လ်အမ်ဗွီ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေး၏ သဘာပတိဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင် က ဝန်ကြီးများထံ တင်ပြခဲ့ပါသည်။ အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင် က ၂၀၂၁ ခုနှစ်အတွင်း စီအယ်လ်အမ်ဗွီ အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေး ကျင်းပနိုင်မှု အခြေအနေ၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲ လုပ်ငန်းများ အခြေအနေ၊ ဂျာမန်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် ရေးဆွဲမည့် လုပ်ငန်းလမ်းညွှန်ကို အတည်ပြုနိုင်မှု အခြေအနေများကို စီးပွားရေးဝန်ကြီးများထံ တင်ပြခဲ့ရာ ဝန်ကြီးများက အဆင့်မြင့်စီးပွားရေး အရာရှိများအား စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက် ၂၀၂၁-၂၀၂၂ အရ လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်ရေး၊ စီအယ်လ်အမ် ဗွီနိုင်ငံများ၏ အားသာချက်ဖြစ်သည့် စိုက်ပျိုးရေးကို အခြေခံသည့် လုပ်ငန်းများကို ကိုဗစ်-၁၉ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ထည့်သွင်းဆောင်ရွက်ရေး၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် အခြားအာဆီယံနိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို လမ်းညွှန်ခဲ့ကြပါသည်။ ထို့နောက် စီအယ်လ်အမ်ဗွီနိုင်ငံများရှိ အရာထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့က ဗီယက်နမ်နိုင်ငံသို့ တစ်နိုင်ငံလျှင် ပညာသင် (၂၀) ဦး စေလွှတ်ခြင်း အစီအစဉ်အတွက် ဗီယက်နမ်နိုင်ငံ၏ပံ့ပိုးပေးမှုကို မှတ်တမ်းတင်ခဲ့ပါသည်။

အစည်းအဝေးတွင် စီးပွားရေး ဝန်ကြီးများက စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်ကို အကောင်အထည်ဖော်ရန် လုပ်ငန်းအစီအစဉ် ရေးဆွဲ

မည့် စီမံချက်ကို ဆက်လက်ဆွေးနွေးခဲ့ရာ စီမံချက်အတွက်ပံ့ပိုးကူညီပေးသည့် သြစတြေးလျနိုင်ငံအား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပြီး၊ စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်သည် ၂၀၃၀ ပြည့်နှစ်တွင် စီအယ်လ်အမ်ဗွီနိုင်ငံ ပြည်သူများအား အလယ်အလတ် ဝင်ငွေရှိသည့် အခြေအနေသို့ ရောက်ရှိစေရန် ရည်ရွယ်ထားသည့်အတွက် စီမံချက်ကို ၂၀၂၁ ခုနှစ်အတွင်း အချိန်မီပြီးစီးစေရေး မဲခေါင်သုတေသနအဖွဲ့၊အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အဆင့်မြင့်အရာရှိများအား လမ်းညွှန်ခဲ့သည်။

ထို့နောက် စီးပွားရေးဝန်ကြီးများ က ဂျာမန်

ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ယှဉ်ပြိုင်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ပိုမိုတိုးတက်စေရေး ပံ့ပိုးဆောင်ရွက်ပေးသည့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်မှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ကုသ၊ ထိန်းချုပ်မှု အခြေအနေများနှင့် ဒေသအတွင်း ကိုဗစ်-၁၉ ကာလအလွန်စီးပွားရေး ပြန်လည်ကောင်းမွန်စေရန် ဆောင်ရွက်မှုများကို လည်းကောင်း၊ ဒေသခွဲအတွင်းတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ပေါင်းစပ်ဆက်သွယ်မှု တိုးတက်ရေးတို့အတွက် ဒီဂျစ်တယ် ကုန်သွယ်ရေးကိုတိုးမြှင့်ရေး၊ ငွေကြေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးလာစေရေးကိစ္စများကို လည်းကောင်း ဆွေးနွေးခဲ့ကြပြီး၊ (၁၃) ကြိမ်မြောက် စီအယ်လ်အမ်ဗွီစီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲသတင်း ထုတ်ပြန်ချက်ကို အတည်ပြုခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံကို ၂၀၂၁ ခုနှစ်အတွင်း ဦးဆောင် ဆောင်ရွက်ခဲ့သည့် စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများတွင် ပံ့ပိုးဆောင်ရွက်ပေးသည့်အတွက် ကမ္ဘောဒီးယား၊ လာအိုနှင့်ဗီယက်နမ်နိုင်ငံတို့အားကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး၊ ၂၀၂၂ ခုနှစ်တွင် အလှည့်ကျ စီအယ်လ်အမ်ဗွီစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများကို ဦးဆောင်ရန် ဗီယက်နမ်နိုင်ငံအား လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၁၈) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး စားပွဲဝိုင်းအစည်းအဝေးသို့ ဗွီဒီယိုမိန့်ခွန်းပေးပို့

(၁၈) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကွမ်ရှီး (ကွမ့်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့တွင် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့ အထိ ကျင်းပပြုလုပ်လျက်ရှိပါသည်။ ယခုနှစ်ပြပွဲ၏ ဆောင်ပုဒ်မှာ “အရည်အသွေးရှိ ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်း” (Advancing Quality BRI Cooperation, Promoting Sustainable Development) ဟူ၍ ဖြစ်ပါသည်။

အဆိုပါ (၁၈)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး စားပွဲဝိုင်းအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၏ ဗွီဒီယို မိန့်ခွန်းကို ပေးပို့၍ ပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး က ပြောကြားရာတွင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလွယ်ကူချောမွေ့စေရေးအတွက် ဦးတည်၍ SMART Programmes ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင် (SDG) များနှင့် အညီ မြန်မာနိုင်ငံက မူဝါဒ လုပ်ငန်းစဉ်များ ရေးဆွဲကာ ဆောင်ရွက်နေမှု အခြေအနေများ၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံများနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး တိုးတက် ခိုင်မာမှု အခြေအနေများကို ထည့်သွင်း ပြောကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင်အာဆီယံနိုင်ငံအသီးသီး၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကိုလည်းကောင်း၊ ဒစ်ဂျစ်တယ် စီးပွားရေး ပိုမိုအားကောင်းလာစေရေး အတွက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို လည်းကောင်း၊ ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ဆိုင်ရာ အခွင့်အလမ်းများကို လည်းကောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံ အသီးသီး၏ ထုတ်ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း အခွင့်အလမ်းများကိုလည်း အွန်လိုင်းစနစ်အပါအဝင် စိတ်ဝင်စားဖွယ် ခင်းကျင်းပြသလျက်ရှိပါသည်။

အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် တရုတ်၊ ကိုရီးယား၊ ဆွစ်ဇာလန် ၊ အပေါင်းသုံး စီးပွားရေးဝန်ကြီးများအစည်းအဝေးများနှင့် မဲခေါင်–ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများ ကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့၊နံနက် ၇:၀၀ နာရီမှ စတင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပ သည့် (၂၀) ကြိမ်မြောက် အာဆီယံ–တရုတ် စီးပွား ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံ – ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်း အဝေး၊ (၁၃) ကြိမ်မြောက် မဲခေါင်–ဂျပန် စီးပွားရေး ဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ–ဆွစ်ဇာလန် Troika စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံ–အပေါင်းသုံး စီးပွားရေး ဝန်ကြီးများ အစည်းအဝေးတို့ကို နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးများသို့ အာဆီယံစီးပွားရေးဝန်ကြီး များ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဆွစ်ဇာလန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီ ယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံ –မဲခေါင် အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ တက် ရောက်ခဲ့ကြသည်။

(၂၀) ကြိမ်မြောက် အာဆီယံ – တရုတ် စီးပွားရေး ဝန်ကြီးများ အစည်းအဝေးကို နံနက် ၇:၀၀ နာရီတွင် စတင်ကျင်းပခဲ့ရာ အစည်းအဝေး သဘာပတိများအ ဖြစ် ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာ ရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် တရုတ်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး H.E. Mr. Wang Wentao တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြ သည်။ အစည်းအဝေးတွင် ကိုဗစ်–၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး သက်ရောက်မှုများကို ကုစား နိုင်ရန်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ် မှုဒေသ အကောင်အထည်ဖော်မှု အခြေအနေ၊ အာဆီယံ –တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်း ဆောင် ရွက်မှုများ၊ အာဆီယံ–တရုတ် ထိပ်သီးအစည်းအဝေး အတွက် ပြင်ဆင်မှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သည် တရုတ်နိုင်ငံကို မြန်မာနိုင်ငံအတွက် ကိုဗစ်–၁၉ ကာကွယ်ဆေးနှင့် ဆေးကိရိယာများ လှူဒါန်းမှုကို ကျေးဇူးတင်ရှိကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ထောက်ပံ့ပို့ ဆောင်မှု ကွင်းဆက်များ ပိုမိုခိုင်မာစေရေးအတွက် မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်မှုအား ပုံမှန်ပြန်လည် ဖွင့်လှစ်ပေးရေး အထူးသဖြင့် နှစ်နိုင်ငံနယ်စပ် ကုန် သွယ်မှုတွင် အဓိကကျသည့် ရွှေလီနှင့် မူဆယ်ဂိတ်များ ဖွင့်လှစ်ခြင်းကို စဉ်းစားပေးရန် တရုတ်နိုင်ငံအား မေတ္တာရပ်ခံလိုကြောင်း၊ အာဆီယံနှင့် တရုတ်နိုင်ငံ အကြား ကာလကြာရှည်စွာ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများ ရှိခဲ့သည့်အတွက် အာဆီယံ– တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် ထပ်မံ အဆင့်မြှင့်တင်ရေးအတွက် အလားအလာရှိ သည့် နယ်ပယ်များ သတ်မှတ်နိုင်ရန် ပူးတွဲဖြစ်နိုင်ချေ လေ့လာဆန်းစစ်မှု ဆောင်ရွက်မည့် ကိစ္စအပေါ် ထောက်ခံပါကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေး၌ ဝန်ကြီးများက နှစ် (၃၀) ပြည့် အာဆီယံ–တရုတ် ဆွေးနွေးဖက် ဆက်ဆံရေး အထိမ်း အမှတ်အဖြစ် အာဆီယံနှင့် တရုတ်စီးပွားရေးဝန်ကြီး များ ပူးတွဲကြေညာချက် နှင့် (၂၀) ကြိမ်မြောက် အာဆီယံ–တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး

ပူးတွဲကြေညာချက်တို့ကို အတည်ပြုခဲ့ပါသည်။

ဆက်လက်၍ (၁၈) ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ဘရူနိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Yeo Han-koo တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို ပြန်လည် တုံ့ပြန်မှုများနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရန် နယ်ပယ်များ၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် အကောင်အထည် ဖော်မှု၊ အာဆီယံ-ကိုရီးယား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု စီမံကိန်းများ တိုးတက်မှု အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး က မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှု အခြေအနေများ၊ ထိန်းချုပ်မှုလုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေကို မျှဝေခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ၊ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေး မူဘောင်နှင့် ကျိအမ်အက်စ် လုပ်ငန်းအစီအစဉ်များနှင့်အညီ မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပထမဦးစွာ ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့၏ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံစုံ ကုန်သွယ်ရေး စနစ် ကျင့်သုံးဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေခြင်းနှင့် ဖြေလျှော့မှုများ မြှင့်တင်ခြင်းဖြင့် ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ရန်၊ ဒုတိယ အနေဖြင့် စီးပွားရေးနှင့် လူမှုရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန်အတွက် အားလုံး ပါဝင်ဆောင်ရွက်ရန်၊ တတိယ အနေဖြင့် ဒစ်ဂျစ်တယ်နှင့် နည်းပညာ တီထွင်ဆန်းသစ်မှု အခွင့်အလမ်းများကို ရှာဖွေရန် လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် ဝန်ကြီးများက (၁၈) ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် (၁၃) ကြိမ်မြောက် မဲခေါင် –ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ လာအိုနိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Khampheng Saysompheng နှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဌာန ဝန်ကြီး H.E. Hiroshi Kajiyama တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ်၌ ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်း အဝေးနှင့် (၁၂) ကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွား ရေးဝန်ကြီးများ အစည်းအဝေး၏ ဆွေးနွေးမှု ရလဒ်များ၊ မဲခေါင် စက်မှု ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက် ၂.၀ လုပ်ငန်း အစီအစဉ် အောက်မှ လက်ရှိအကောင် အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် ဂျပန်နိုင်ငံက အဆိုပြုလာသည့် စီမံကိန်းများ

အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးပေးမှုအပေါ်များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ညီမျှစေရန်အတွက် မဲခေါင်စက်မှု ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက် ၂.၀ သည် အရေး ကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသဖြင့် ယင်းလုပ်ငန်း အစီအစဉ်အောက်ရှိ အကောင်အ ထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်း၏ ဖြစ်ပေါ် တိုးတက်မှုများအပေါ် ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံ မှ အဆိုပြုထားသည့် ဒီဂျစ်တယ်တီထွင် ဆန်းသစ်မှု နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများကို ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံ အနေ ဖြင့် အရှေ့-အနောက် စီးပွားရေးစကြံ့ ဖွံ့ဖြိုးတိုး တက်မှုအတွက် မြန်မာနိုင်ငံတွင် အကောင်အထည် ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများ အပေါ် ဆက်လက် ပံ့ပိုးပေးစေလိုကြောင်းနှင့် ဒစ်ဂျစ်တယ် အခြေပြု ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ မဟာ ဗျူဟာနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ပံ့ပိုးပေးစေလိုကြောင်း ဆွေးနွေးပြော ကြားခဲ့သည်။

ထို့နောက် အာဆီယံ-ဆွစ်ဇာလန် Troika စီးပွား ရေးဝန်ကြီးများအစည်းအဝေးကို ဆက်လက်ကျင်းပ ပြုလုပ်ခဲ့ရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် ဆွစ်ဇာလန်နိုင်ငံ စီးပွား ရေးရာ၊ ပညာရေးနှင့် သုတေသနဌာန အကြီးအကဲ နှင့် Swiss Confederation ၏ ဥက္ကဋ္ဌ H.E. Guy Parmelin တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် အာဆီယံ နှင့် ဥရောပလွတ်လပ်သော ကုန်သွယ်မှုအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲ ကြေညာချက် (မူကြမ်း)နှင့် အာဆီယံနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား လက်တွေ့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ (၂၀၂၂-၂၀၂၆) အောက်ရှိ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ ကြပြီး ပူးတွဲကြေညာ ချက်ကို အတည်ပြုခဲ့ပါသည်။

ဆက်လက်၍ (၂၄) ကြိမ်မြောက် အာဆီယံအပေါင်း သုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပ ပြုလုပ်ခဲ့ရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး နှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah ၊ တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး H.E. Wentao Wang၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Hiroshi Kajiyama နှင့် ကိုရီးယား သမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင် ဒုတိယဝန်ကြီး H.E. Dr. Yoonjong Chun တို့က ပူးတွဲ သဘာပတိများ အဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် အာဆီယံအပေါင်းသုံး စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အပေါ် ဝန်ကြီးများ က ဆွေးနွေး အတည်ပြုခဲ့ကြပြီး ကိုဗစ်-၁၉ ကူးစက် ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုများ လျော့နည်းစေ ရေး အာဆီယံအပေါင်းသုံး လုပ်ငန်းစီမံချက်၏ ဖြစ်ပေါ် တိုးတက်မှုများကို မှတ်တမ်းတင်ခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး နှင့် အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့ ကြပါသည်။

အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အမေရိကန်၊ ဟောင်ကောင် (တရုတ်)၊ အိန္ဒိယ၊ အီးယူ၊ ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးများကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ နံနက် ၇:၀၀ နာရီမှ စတင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်တို့ အစည်းအဝေး၊ (၅) ကြိမ်မြောက် အာဆီယံ-ဟောင်ကောင် (တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်ရေးကော်မရှင်နာတို့ အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးများတွင် အာဆီယံစီးပွားရေးဝန်ကြီးများ၊ အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်(ဝန်ကြီး)၊ ဟောင်ကောင်(တရုတ်)၊ အိန္ဒိယ၊ ရုရှားနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အီးယူ ကုန်သွယ်ရေး ကော်မရှင်နာ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးများတွင် ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများကကုန်သွယ်ရေးနှင့်စီးပွားရေးဝန်ကြီးများက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အမေရိကန်ကုန်သွယ်ရေး ကော်မရှင်နာတို့ အစည်းအဝေးတွင် အမေရိကန်နိုင်ငံ ကုန်သွယ်ရေး ကိုယ်စားလှယ် H.E. Katherine Tai နှင့် အာဆီယံ စီးပွားရေးဝန်ကြီးများက အာဆီယံနှင့် အမေရိကန်နိုင်ငံတို့အကြား ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများအတွက် သက်ရောက်မှုများအပေါ် တုံ့ပြန်နိုင်မည့် အစီအစဉ်များ၊ အာဆီယံ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမူဘောင်နှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု အောက်ရှိ ၂၀၂၀-၂၀၂၁ ခုနှစ် လုပ်ငန်းအစီအစဉ် အကောင် အထည်ဖော်ဆောင်ရွက်မှုအပေါ် တိုးတက်မှုအခြေအနေများနှင့် အမေရိကန် နိုင်ငံက အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွက် ပံ့ပိုးပေးလျက်ရှိသည့် နည်းပညာဆိုင်ရာ အကူအညီများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် အာဆီယံ-အမေရိကန် စီးပွားရေးဝန်ကြီးများက အာဆီယံ - အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင် ၂၀၂၁-၂၀၂၂ ခုနှစ် လုပ်ငန်းအစီအစဉ်ကို အတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုနှင့် ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်း အခြေအနေများနှင့် ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည် ထူထောင်ရာတွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို ဦးတည်ဆောင်ရွက်သွားရန်လိုအပ်မှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ အတွက် ဒီဂျစ်တယ် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးသွားရန် အလေးပေးဆွေးနွေးခဲ့သည်။

ဆက်လက်၍ (၅) ကြိမ်မြောက် အာဆီယံ - ဟောင်ကောင် (တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ဟောင်ကောင် (တရုတ်)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး

H.E Mr. Edward Yau Tang-wah နှင့် အာဆီယံ စီးပွားရေးဝန်ကြီးများက ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည် ထူထောင်ရေး အတွက် တုံ့ပြန်မှုဆိုင်ရာ အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပြီး အာဆီယံ-ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်နှင့် အာဆီယံ-ဟောင် ကောင် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံများ အားလုံး အသက်ဝင်မှုအပေါ် ကြိုဆိုခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများက အာဆီယံ-ဟောင်ကောင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်တွင် အသစ်ထပ်မံ တိုးချဲ့ ထည့်သွင်းသည့် နယ်ပယ် (၅) ခုဖြစ်သည့် လူ၊ အပင်နှင့် တိရစ္ဆာန်များ ပိုးမွှားရောဂါကင်းစင်စေရေး (SPS)၊ စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေး သည့် လုပ်ထုံးလုပ်နည်းများ (STRACAP)၊ မူပိုင်ခွင့် (IP)၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဒစ်ဂျစ်တယ် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင် ရေးတို့အပေါ် အတည်ပြုခဲ့ပြီး အာဆီယံ- ဟောင် ကောင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (၂၀၂၀-၂၀၂၁) အောက်မှ စီမံကိန်းများ အကောင် အထည်ဖော်ဆောင်ရွက်မှု တိုးတက်မှု အခြေအနေ များကိုမှတ်တမ်းတင်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး က အာဆီယံ-ဟောင်ကောင် လွတ်လပ်သော ကုန်သွယ် မှု သဘောတူစာချုပ်နှင့် အာဆီယံ-ဟောင်ကောင် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် တို့အပေါ် ကမ္ဘောဒီယားနိုင်ငံ၏ စာချုပ်အသက်ဝင်ခြင်း လုပ် ငန်းစဉ်ပြီးမြောက်ခဲ့မှုနှင့် စာချုပ် (၂) ခုအား အဖွဲ့ဝင် နိုင်ငံများ အားလုံးက အသက်ဝင်ခဲ့ခြင်းအပေါ် ကြို ဆိုခဲ့သည်။ ထို့နောက် ဟောင်ကောင် (တရုတ်) က ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်သို့ ဝင်ရောက်ရန် စိတ်ဝင် စားမှုအပေါ် ဝန်ကြီးများက ကြိုဆိုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၁၈) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပ ခဲ့ရာ အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှု ဝန်ကြီးဌာနဝန်ကြီး H.E. Anupriya Patel နှင့် အာဆီယံစီးပွားရေးဝန်ကြီးများက ကိုဗစ်-၁၉ ကပ် ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးသက်ရောက် မှုများကို ကုစားနိုင်ရန်အတွက် ဒေသတွင်းပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်၊ အာဆီယံ-အိန္ဒိယ စီးပွား ရေးကောင်စီမှ တင်ပြချက်များနှင့် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင် အထည် ဖော်ဆောင်ရွက်မှု တိုးတက်မှုတို့ အပေါ်ဆွေး နွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ နိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှု အခြေအနေ များ၊ ထိန်းချုပ်မှု လုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးထိုးနှံ ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေ ကို မျှဝေခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ၊ အာဆီယံ ဘက်စုံပြန်လည် ထူထောင်ရေး မူဘောင်နှင့် ဂျီအမ်အက်စ်လုပ်ငန်း အစီအစဉ်များနှင့်အညီ မြန်မာ နိုင်ငံ စီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက်ကို ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ် ဆေးနှင့် အခြားဆေးပစ္စည်းများ အကူအညီပေးသည့် အတွက် အိန္ဒိယနိုင်ငံကို ကျေးဇူးတင်ကြောင်း ပြော ကြားခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီး က မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးကို ပြန်လည် ဖွင့်လှစ်ပေးရန်နှင့် မြန်မာနှင့် အိန္ဒိယ အကြား နယ်စပ် ကုန်သွယ်မှု လွယ်ကူ ချောမွေ့စေရေးအတွက် အထူး သဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ အလွန်စီးပွားရေး

ပြန်လည်ထူထောင်ရန် ကုန်သွယ်ရေး အရာရှိများ နှင့်ပုဂ္ဂလိက ကဏ္ဍပါဝင်သည့် ပူးတွဲလုပ်ငန်းကော်မတီ တစ်ခု တည်ထောင်ရန် အဆိုပြုခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး၏ အဆိုပြုချက်ကို အိန္ဒိယနိုင်ငံ စီးပွားရေးဝန်ကြီးက အသိအမှတ်ပြုကြောင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ (၁၇) ကြိမ်မြောက် အာဆီယံ-အီးယူစီးပွားရေးဝန်ကြီးများအစည်းအဝေးကို ကျင်းပခဲ့ရာ အီးယူ ကုန်သွယ်ရေးကော်မရှင်နာ H.E. Valdis Dombrovskisနှင့် အာဆီယံ စီးပွားရေးဝန်ကြီးများက ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် တုံ့ပြန်မှုဆိုင်ရာ အစီအစဉ်များကို လည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခန်းကဏ္ဍနှင့် အာဆီယံနှင့် အီးယူတို့အကြား လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရန်အတွက် ညှိနှိုင်းလျက်ရှိသည့် မူဘောင်ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ဖြစ်ပေါ် တိုးတက်မှုအခြေအနေများ အပေါ်တွင်လည်းကောင်းအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့နောက် အာဆီယံ-အီးယူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ် ၂၀၂၀-၂၀၂၁ ကို ဝန်ကြီးများက အတည်ပြုခဲ့သည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး က ဆွေးနွေးရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည် ထူထောင်ရေးနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခန်းကဏ္ဍမှာ များစွာ အရေးပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ အနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ အထူးသဖြင့် ဆေးဝါးနှင့် ဆေးပစ္စည်းများ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရေး အတွက် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ (၁၀) ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီး H.E. Vladimir Ilyichev နှင့် အာဆီယံစီးပွားရေးဝန်ကြီးများ က ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည် ထူထောင်ရေးအတွက် တုံ့ပြန်မှုဆိုင်ရာ အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး ၂၀၁၇ ခုနှစ် အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်း အစီအစဉ်နှင့် အာဆီယံနှင့် ယူရေရှားစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ် ၂၀၂၀-၂၀၂၅ ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့ကို မှတ်တမ်းတင်ခဲ့သည်။ ထို့နောက် အသစ်ပြန်လည် ရေးဆွဲသည့် အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်း ဆောင်ရွက်ရေး လမ်းပြမြေပုံနှင့် ၂၀၂၁-၂၀၂၅ လုပ်ငန်း အစီအစဉ်တို့ကို ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ဒီဂျစ်တယ် စီးပွားရေး စနစ်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်ရာ၌ အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံနှင့် ၂၀၂၁-၂၀၂၅လုပ်ငန်း အစီအစဉ်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များသည် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများ ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးအသီးသီးကထုတ်ပြန်မည့်ပူးတွဲကြေညာချက်များကို ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး နှင့် အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့သည်။

အာဆီယံနှင့် ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ဖြတိန်တို့မှ စီးပွားရေးဝန်ကြီးများ ဆွေးနွေးပွဲများနှင့် (၉) ကြိမ်မြောက် အရှေ့အာရှ စီးပွားရေး ဝန်ကြီးများအစည်းအဝေးကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦး သည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့၊ နံနက် ၉:၀၀ နာရီမှ စတင်၍ ဗီဒီယို ကွန်ဖရင့်ဖြင့် ကျင်းပသည့် (၂၆) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများ ဆွေးနွေးပွဲ၊ (၂၇) ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ ဆွေးနွေးပွဲ၊ ပထမအကြိမ် အာဆီယံ-ဖြတိန် စီးပွားရေးဝန်ကြီးများ ဆွေးနွေးပွဲ နှင့် (၉) ကြိမ်မြောက် အရှေ့အာရှ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။



အဆိုပါ အစည်းအဝေးများသို့ အာဆီယံ စီးပွားရေးဝန်ကြီးများ၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ရုရှား၊ ကိုရီးယား၊ ဖြတိန်နှင့် အမေရိကန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးများတွင် ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများက စီးပွားရေးဝန်ကြီးများက ပူးတွဲသဘာပတိများ အဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ပထမဦးစွာ (၂၆) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများ ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီး H.E. Dan Tehan MP နှင့် နယူးဇီလန်နိုင်ငံ၊ ကုန်သွယ်ရေးနှင့် ပို့ကုန် တိုးတက်မှုဆိုင်ရာဝန်ကြီး H.E. Phil Twyford နှင့် အာဆီယံစီးပွားရေး ဝန်ကြီးများက အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်း သဘောတူစာချုပ် အကောင်အထည်ဖော်မှု၊ သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းအတွက် ညှိနှိုင်းမှု အခြေအနေများ၊ ၂၀၂၁ ခုနှစ် အလွန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အထောက်အကူပြု အစီအစဉ်နှင့် ချီလီနိုင်ငံက အဆိုပါသဘောတူစာချုပ်တွင် အဖွဲ့ဝင်အသစ်အဖြစ် ပါဝင်ရန် အဆိုပြုလာခြင်း ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးကဆွေးနွေးရာတွင်ဒေသတွင်း၌ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်အား အသုံးပြုမှု နည်းပါးနေသေးသည့်အတွက် အစိုးရ-ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးသည်အရေးကြီးကြောင်း၊ သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးမှုများကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ မတိုင်မီ ပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ ချီလီနိုင်ငံ

အနေဖြင့် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူ စာချုပ်သို့ အဖွဲ့ဝင်အသစ်အဖြစ် ပါဝင်ရန် အဆိုပြုလာခြင်းအပေါ် ကြိုဆိုကြောင်းနှင့် စီးပွားရေး အထောက်အကူပြု အစီအစဉ်အတွက် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့၏ ကူညီပံ့ပိုးပေးမှုကိုလည်း ကျေးဇူးတင်ရှိကြောင်း ဆွေး နွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် (၂၇) ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဌာနဝန်ကြီး H.E. KAJIYAMA Hiroshi နှင့် အာဆီယံ စီးပွားရေးဝန်ကြီးများက အာဆီယံ-ဂျပန် ဘက်စုံစီး ပွားရေးပူးပေါင်း ဆောင်ရွက်မှု သဘောတူ စာချုပ်အောက်ရှိ အကောင်အထည်ဖော်မှု အခြေအနေများ၊ ၂၀၂၁ ခုနှစ်အတွက် ဆောင်ရွက်သည့် အာဆီယံ-ဂျပန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် ဂျပန်နိုင်ငံက အဆိုပြုလာသည့် အာဆီယံ-ဂျပန် တီထွင်ဆန်းသစ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေး အစီအစဉ် (ASEAN–Japan Priority for Innovative and Sustainable Growth) တို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အာဆီယံ-ဂျပန် မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ၁၀ နှစ်တာ လမ်းပြမြေပုံ၏ အကောင်အထည်ဖော်မှု အခြေအနေနှင့် ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အာဆီယံ-ဂျပန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၏ တိုးတက်မှုတို့အပေါ် ကြိုဆိုကြောင်း၊ လက်ရှိအချိန်တွင် စီးပွားရေးလုပ်ငန်းများ ကျယ်ပြန့်လာမှုနှင့်အတူ ရာသီဥတု ပြောင်းလဲမှု၊ စွမ်းအင်ဖူလုံရေးနှင့် သဘာဝသယံဇာတများ ရှားပါးလာမှုကိစ္စရပ်များသည် ယှဉ်တွဲ၍ စိုးရိမ်မှုများ ဖြစ်ပေါ်လာကြောင်း၊ ဂျပန်နိုင်ငံက အဆိုပြုထားသည့် အာဆီယံ-ဂျပန် တီထွင်ဆန်းသစ်မှုနှင့် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေး အစီအစဉ် အောက်တွင် ပါဝင်သည့် နယ်ပယ်များသည် ကိုဗစ် - ၁၉ အလွန် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်းနှင့် အဆိုပါ အဆိုပြုချက်ကို ကြိုဆိုကြောင်း ဆွေးနွေးပြောကြား ခဲ့သည်။

ဆက်လက်၍ ပထမအကြိမ် အာဆီယံ-ဖြတိန် စီးပွားရေးဝန်ကြီးများ ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ဖြတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ဝန်ကြီး Rt Hon Elizabeth Truss MP နှင့် အာဆီယံ စီးပွားရေး ဝန်ကြီးများက အာဆီယံ-ဖြတိန် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု (၂၀၂၀-၂၀၂၁) ၏ ဖြစ်ပေါ် တိုးတက်မှု အခြေအနေကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အာဆီယံနှင့်ဖြတိန်တို့အကြား အနာဂတ် အာဆီယံ-ဖြတိန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲ ကြေညာချက်ကို ဝန်ကြီးများက အတည်ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် ဖြတိန်နိုင်ငံ



တို့အကြား မိတ်ဖက်ဆက်ဆံရေး ထူထောင်နိုင်ခြင်း အပေါ် ကြိုဆိုပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများအပေါ် ကုစားနိုင်ရေးနှင့် ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး

တို့အတွက် အာဆီယံသို့ ဖြတိန်နိုင်ငံ၏ ကူညီပံ့ပိုးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် အာဆီယံနှင့် ဖြတိန်နိုင်ငံတို့အကြားဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များသည် ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှု ညီမျှမှုရှိစေရန်အတွက် အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ (၉) ကြိမ်မြောက် အရှေ့အာရှ စီးပွား ရေးဝန်ကြီးများအစည်းအဝေးကို ကျင်းပခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အမေရိကန်၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ရုရှားနှင့် ကိုရီးယားနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ က ဒေသတွင်းနှင့် နိုင်ငံတကာတွင် ကိုဗစ် - ၁၉ ကြောင့် သက်ရောက်မှုများနှင့် အရှေ့အာရှ နိုင်ငံများတွင် ကိုဗစ်-၁၉ကြောင့် သက်ရောက်မှုများ လျှော့ချရေး အစီအမံများနှင့် အရှေ့အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ Economic Research Institute for ASEAN and East Asia –ERIA က ပြုစုတင်သွင်းသည့်စာတမ်းတို့အပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိထိရောက်ရောက် တိုက်ဖျက်ရေး၊ ကာကွယ်ဆေးသာ တူညီမျှရရှိရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများစီးဆင်းမှု အဆင်ပြေ ချောမွေ့စေရေး၊ ဒစ်ဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးလာစေရေး တို့သည် အရေးကြီးကြောင်း အလေးပေး ပြောကြားသည်။

အစည်းအဝေးအသီးသီးက ထုတ်ပြန်မည့် ပူးတွဲကြေညာချက်များကို ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ကြည့်ရှုအားပေးပြီး ကိုဗစ်ချေးငွေအတွက် လျှောက်လွှာများ လက်ခံဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့၊ နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်ရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ShweMe Logistic Service Co.,Ltd သို့သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များကို ကုမ္ပဏီ၏ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လုပ်ငန်းလည်ပတ်နေမှု အခြေအနေများ၊ လှိုင်မြစ်ရေကြောင်းလမ်းမှ သီလဝါဆိပ်ကမ်းနှင့် အခြားပြည်တွင်းဆိပ်ကမ်းများသို့ ကွန်တိန်နာ သယ်ယူပို့ဆောင်မှုနှင့် ပြည်ပသို့ဆန်တင်ပို့နေမှု အခြေအနေများကို ရှင်းလင်း တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆက်လက်တိုးချဲ့ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို အကြံပြုညွှန်ကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ရွာသာကြီးတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် ကုန်းတွင်းဆိပ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် Resources Group Logistic Co., Ltd သို့ ရောက်ရှိခဲ့ပါသည်။ လုပ်ငန်းခွင်၌ ကုမ္ပဏီတာဝန်ရှိသူများက ရန်ကုန်-မန္တလေး မီးရထားလမ်းနှင့် ချိတ်ဆက်၍ ကုန်းတွင်းဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်နေမှု၊ ကုန်ပစ္စည်းသိုလှောင်၍ ဝန်ဆောင်ပေးနေမှု၊ ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်နေမှု၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များနှင့် Bonded warehouse စနစ်ဖြင့် အကောက်ခွန်ရှင်းလင်း ဝန်ဆောင်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆက်လက် ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုညွှန်ကြားပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ရုံးသို့ သွားရောက်ခဲ့ပြီး ရန်ကုန်

မြို့ရှိ ပြည်ပနိုင်ငံအသီးသီး မှ ကုန်သည်စက်မှု/အသင်းများ၊ UMFCCI အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ရာ တက်ရောက်သည့် ကိုယ်စားလှယ်များက ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက် ရှိရာတွင် ကြုံတွေ့နေသည့် အခက်အခဲများ၊ လုပ်ငန်းများ ဆက်လက် ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာန

အသီးသီးက ကူညီဆောင်ရွက်ပေးစေလိုသည့် ကိစ္စများကို တင်ပြကြပါသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လုပ်ငန်းပိုမိုလွယ်ကူ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူရေး၊ Online စနစ်ဖြင့် ဝန်ဆောင်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှု အတားအဆီးများ လျှော့ချရေး တို့အတွက် အလေးထားဆောင်ရွက်ပေးမှု ကိစ္စရပ်များ၊ စီးပွားရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံခြားစီးပွား ရေးအသင်းအဖွဲ့များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ကိုဗစ်ချေးငွေအတွက် လျှောက်လွှာများ လက်ခံဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ အဆိုပါ ကိုဗစ်ချေးငွေ လျှောက်ထားမှုများကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ လက်ခံ ဆောင်ရွက်ပေးလျက်ရှိပြီး၊ UMFCCI အသင်းချုပ်ရုံးသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားခြင်း၊ သို့မဟုတ် Onlineမှ တစ်ဆင့်လည်း လျှောက်ထားခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦးရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးရှိ One Stop Service (OSS) ရုံးကို ကြည့်ရှုအားပေးပြီး ရင်းနှီးမြှုပ်နှံသူများအား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ နံနက် ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်အဖွဲ့ One Stop Service (OSS) ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ပါသည်။ ရှေးဦးစွာ ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ရုံး၊ ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးနှင့် OSS ရုံး၏ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေများကို ရှင်းလင်းတင်ပြကြပါသည်။ ရှင်းလင်း တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီး မြှုပ်နှံသူများအပေါ် ဝန်ဆောင်မှုများပေးရာတွင် ပိုမို လွယ်ကူမြန်ဆန်စေရေးအတွက် Online စနစ် အသုံး ပြု ဆောင်ရွက်ပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်စေရန် နှင့် ဌာနအချင်းချင်း ပူးပေါင်း ဆောင်ရွက်ကာ ပိုမို ကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်ရေး ကိစ္စများကို လည်းကောင်း၊ စံပြုလုပ်ထုံးလုပ်နည်းများ အတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ပေးခြင်းဖြင့် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ မြန်ဆန် သွက်လက်လာရေး ကိစ္စများကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေနှင့်အညီ ပံ့ပိုးဆောင်ရွက်ပေးနိုင်မှု အခြေအနေ များ၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ ဆောင်ရွက် ပေးနိုင်မည့် ကိစ္စရပ်များကိုလည်းကောင်း အကျယ်တ ဝင့် ရှင်းလင်း ပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အသိုက်အဝန်း၏ အားကိုးယုံကြည်ရသည့် မိတ်ဖက်ဌာနများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် အလေးထားမှာကြားခဲ့ပါသည်။ ထို့နောက် ပြည်ထောင် စုဝန်ကြီးသည် One Stop Service ဌာနအသီးသီးမှ လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် Online စနစ် ဆောင်ရွက်ရန်အတွက် ပြင်ဆင်ထားရှိမှု အခြေအနေ

များကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ နိုင်ငံမြေပြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်း ရှင်များအသင်းမှ တာဝန်ရှိသူများကို တွေ့ဆုံ၍ ပြည်တွင်း၌ မြေပြဇာထုတ်လုပ်မှု မြှင့်တင်ရေး၊ မြေပြဇာ ထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များ လွယ်ကူချောမွေ့စေရေး၊ မြေပြဇာထုတ်လုပ်ရေး၊ ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် သီးနှံများကို ရာသီ အလိုက် လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်၊ ပထမအကြိမ် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပွဲ (1st Business to Business Dialogue) Virtual စနစ်ဖြင့် ကျင်းပ

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လာစေရန် ရည်ရွယ်၍ ပထမအကြိမ် မြန်မာ-ရုရှား စီးပွားရေး လုပ်ငန်းရှင်များ ဆွေးနွေးပွဲ (1st Business to Business Dialogue) ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၁)၊ ရင်နှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ၊ နေပြည်တော်တွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးမှု အစီအစဉ်တွင် မြန်မာဘက်

မှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ရုရှားဘက်မှ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး H.E. Dr. Nikolay LISTOPADOV တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်အမှာစကားများ ပြောကြားခဲ့ပါသည်။

အစီအစဉ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ရုရှား-အာဆီယံ စီးပွားရေး ကောင်စီဥက္ကဋ္ဌ၊ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ အာရှနှင့် သမုဒ္ဒရာကျွန်းစုနိုင်ငံများ ဆိုင်ရာ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုကော်မတီ ဒုတိယအကြီးအကဲ၊ အာရှနိုင်ငံဆိုင်ရာ ဆိုက်ဘေးရီးယား နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေး ဥက္ကဋ္ဌနှင့် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌတို့က အမှာစကားများ အသီးသီး ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ကြိုဆိုနှုတ်ခွန်းဆက် အမှာစကား ပြောကြားရာတွင် ကိုဗစ် - ၁၉ ကူးစက်ရောဂါအခြေအနေ တည်ငြိမ်ပါက ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပရန် စီစဉ်ထားသည့် တတိယ အကြိမ် ရုရှား- မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲ ကော်မရှင် အစည်းအဝေးမတိုင်မီ ကြိုတင် ပြင်ဆင်သည့်အနေဖြင့် နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များ ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်အတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုများကို ကပ်ရောဂါအလွန် ပုံမှန် အခြေအနေသစ်နှင့် လိုက်လျော ညီထွေဖြစ်အောင် အလေးထား ဆောင်ရွက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များအတွက် အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေပဲ ရိုးရှင်းလွယ်ကူစေရန်၊ စီးပွားရေးနှင့် သက်ဆိုင်သည့် ပါမစ်လိုင်စင်များ၊ ထောက်ခံချက်များ ရယူ

ရာတွင် Online ဝန်ဆောင်မှုပေးနိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုရှိစေရန် စသည်ဖြင့် SMART Prgrammes ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) အောက်မှ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေအောင် One-Stop Service Center တည်ထောင်ကာ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများဖြင့် အစိုးရဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံအနာဂတ် အကျိုးစီးပွားကို ခိုင်မာအားကောင်းလာနိုင်စေပါကြောင်း၊ အဓိကအားဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်စေရန် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ ယခုလိုတွေ့ဆုံ၍ နှစ်ဖက်စိတ်ဝင်စားသည့် နယ်ပယ်၊ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများကို အပြန်အလှန်ဖလှယ်ခွင့်ရရှိပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ နည်းပါးနေသော်လည်း ယခုလို ပထမအကြိမ် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ဆွေးနွေးပွဲ (1st Business to Business Dialogue) ဆောင်ရွက်ခြင်းမှသည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြှင့်နိုင်ပြီး ရေရှည် ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ကြဉ်းပေးနိုင်မည်ဟု အခိုင်အမာ ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အစီအစဉ်အရ ရုရှားနိုင်ငံဘက်မှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စွာ ပြုလုပ်နိုင်ရန်အတွက် ကြိုတင်သိရှိထားရမည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့် အခွင့်အလမ်းများကိုလည်းကောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ ဥပဒေမူဘောင်များ၊လုပ်ထုံးလုပ်နည်းများနှင့် ရှေ့ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် အလားအလာများ၊

အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများမှ အသီးသီး ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ရုရှားနိုင်ငံအနေဖြင့် လက်ရှိတွင် Eurasian Economic Union အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ Eurasian Economic Union's Common System of Tariff Preferences ပေးအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ပို့ကုန်များတင်ပို့ရာတွင် အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်မည့် အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား အလားအလာရှိသောပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်ကဏ္ဍများနှင့် စပ်လျဉ်း၍ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းကဏ္ဍ၊ လယ်ယာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ရေလုပ်ငန်းကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ စားသောက်ကုန် ထုတ်လုပ်ခြင်း ကဏ္ဍ၊ သတ္တု တူးဖော်ရေးကဏ္ဍစသည့် ကဏ္ဍ (၅) ခုအား မြန်မာ- ရုရှား နှစ်ဖက် အစိုးရ/ ပုဂ္ဂလိက အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Power Point Presentation ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို စိတ်ဝင်တစား မေးမြန်းခဲ့ကြပြီး နှစ်ဖက်တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြား ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ အာမခံလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုး ရေးဆေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းတို့မှ ကိုယ်စားလှယ်များနှင့် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ရုရှားကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ အာရှနိုင်ငံဆိုင်ရာ ဆိုက်ဘေးရီးယား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၀၀) ဦးခန့် တက်ရောက်ခဲ့သည်။

DICA သတင်းများ

ရန်ကုန်တိုင်းဒေသကြီးအတွင်း CMP စနစ်ဖြင့် အိတ်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် Video Conferencing System ဖြင့် တွေ့ဆုံခြင်း

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၃)၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းဦး ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများသို့ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့နှင့် ဇူလိုင် ၁၄ ရက်နေ့များတွင် သွားရောက်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် Coronavirus Disease 2019 (COVID-19) ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများတွင် အထူးဂရုပြု လိုက်နာရမည့်အချက်များ (Version 5.0) တို့အား လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

VIDEO CONFERENCING APPLICATION ပိုမိုကျွမ်းကျင်စွာ သုံးစွဲအသုံးပြုနိုင်ရေးအတွက် တတိယအကြိမ် သင်တန်းဖွင့်လှစ်ခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရှိဝန်ထမ်းများVideoConferencingApplication ကိုပိုမိုကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးနှင့် ကိုဗစ်-၁၉ ကာလအတွင်း ရုံးလုပ်ငန်းများ ပုံမှန်ချိတ်ဆက် ဆောင်ရွက်နိုင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်း၊ ဆွေးနွေးပွဲ၊ ဖိုရမ်နှင့် ပြည်တွင်း/ ပြည်ပ အစည်း အဝေးများ တက်ရောက်ရာတွင် အထောက်အပံ့ဖြစ် စေရေးတို့အတွက် Zoom Virtual Meeting အသုံး ပြုနည်းသင်တန်းကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် နေ့၊ မွန်းလွဲ၁၄:၀၀ နာရီ အချိန်တွင် Video Conferencing စနစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စီမံကိန်းနှင့် စာရင်းအင်းဌာန ခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းထွန်းက သင်တန်း ထပ်မံ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်၊ သင်တန်းသား များအနေဖြင့် ထပ်ဆင့် သင်တန်းပေးရန် လိုအပ် ချက်များအား အကျဉ်းချုပ်ပြောကြားခဲ့ပြီး ဘာသာ ရပ်ဆိုင်ရာ အရာထမ်းများနှင့် ကျွမ်းကျင်သူများမှ Application သုံးစွဲခြင်းနှင့် ပတ်သက်၍ သိရှိ အသုံးချနိုင်ရန် အသေးစိတ် ရှင်းလင်းဆွေးနွေး ပို့ချ ခဲ့ပြီး User Manual Guide Book များ ဖြန့်ဝေပေးခဲ့ ပါသည်။ အဆိုပါသင်တန်းသို့ ရုံးချုပ်ရှိ ဌာနခွဲ (၁၁) ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံး (၁၅) ရုံး မှ အရာထမ်း/ အမှုထမ်း သင်တန်းသား (၈၇) ဦး တို့ တက်ရောက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးအား VIDEO CONFERENCE ကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့၊ နံနက် ၁၀ နာရီတွင် Video Conference စနစ် ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသ ကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးလှစိုးနှင့် ကော်မတီ အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များမှ Video Conference စနစ်ကို အသုံးပြု၍ ပါဝင်ဆွေးနွေးခဲ့ ကြပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီသည် အထွေထွေကိစ္စရပ်များ တင်ပြ လာသည့် ကုမ္ပဏီ (၄) ခု၏ တင်ပြချက်များကို ဆွေး နွေးဆုံးဖြတ်ခဲ့ကြပါသည်။

ရန်ကုန် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသူများအနေဖြင့် မတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၅ သန်း (သို့မဟုတ်) ကျပ် သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ အတည်ပြု လျှောက်ထားလွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မြေကွက်အမှတ် ၄၉၊ စိမ်းလဲ့မေလမ်း သွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ တယ်လီဖုန်းအမှတ် ၀၁-၆၅၈၂၆၄ သို့ ဆက်သွယ် မေးမြန်း လျှောက်ထားနိုင်ပါသည်။

(၃၅) ကြိမ်မြောက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အာဆီယံနိုင်ငံများ လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပပြုလုပ်ခြင်း

(၃၅) ကြိမ်မြောက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အာဆီယံနိုင်ငံများ လုပ်ငန်းအဖွဲ့ အစည်းအဝေး (Working Group on International Investment Statistics Meetings– WGIIS) ကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ စာရင်းအင်း ဌာနမှ ဦးဆောင်၍ Video Conferencing စနစ်ဖြင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ နံနက် ၈:၃၀ အချိန်တွင် ကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းထွန်း ဦး ဆောင်တက်ရောက်ခဲ့ပြီး၊ ဌာနမှ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံ ခြားသုံးစီမံခန့်ခွဲမှုဌာနမှ ဘာသာရပ်ဆိုင်ရာ အရာ ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ထို့ပြင် အစည်း အဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အရာ ထမ်းများ၊ အခြားအာဆီယံအဖွဲ့ဝင်များမှ စုစုပေါင်း ကိုယ်စားလှယ် (၄၅) ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးအား ၂၀၂၁ ခုနှစ်၊ ဇူလိုင် လ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပမည် ဖြစ်ပြီး၊ ၂၀၁၆–၂၀၂၅ WGIIS လုပ်ငန်းစီမံချက်အပေါ် ပြန်လည်လေ့လာဆန်းစစ်ရန်၊ လက်ရှိ အဖွဲ့ဝင်နိုင်ငံ များ၌ FDIS စာရင်း ကောက်ယူမှု အခြေအနေများ အပေါ် ဆွေးနွေးနိုင်ရန်၊ ASEAN–Help–ASEAN Framework အရ နည်းပညာ အကူအညီပေး အကောင်အထည်ဖော်မည့် အခြေအနေများအပေါ် ဆွေးနွေးရန်၊ Balance of Payment Manual ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများအပေါ် ဆွေးနွေး ရန်၊ FDISနှင့် ပတ်သက်သော စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်စေရေးအပေါ် ဆောင်ရွက်မည့် ကိစ္စများနှင့် EU–ARISE PLUS Project အရ နည်းပညာအကူအညီ အထောက်အပံ့ပေးမည့် အခြေအနေများအပေါ် ညှိနှိုင်း ဆွေးနွေးနိုင်ရေး ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

အဆိုပါ အစည်းအဝေး တက်ရောက်ခြင်းအားဖြင့် မြန်မာနိုင်ငံမှ လက်ရှိ အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမှန်ဝင် ရောက်မှု (FDI Inward Flow and Position) စာရင်းပြုစုခြင်းအတွက် အခြားနိုင်ငံများ၏ အတွေ့ အကြုံများကို အခြေခံကာ ဆက်လက်ဖွံ့ဖြိုး တိုးတက် အောင်ဆောင်ရွက်နိုင်ခြင်းနှင့် မြန်မာနိုင်ငံတော် ဗဟို ဘဏ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနမှ ဆက်လက် အကောင်အထည်ဖော်ရန်ရှိသည့် FDI Outward Posi–tion and Flow စာရင်းပြုစုရန်အတွက် နည်းပညာ အကူအညီများရရှိခဲ့ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု စာရင်း များ ပိုမိုတိကျ မှန်ကန်လာမည်ဖြစ်ပြီး မူဝါဒချမှတ်သူ များအတွက်များစွာ အထောက်အပံ့ရရှိမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ Online ဖြင့် ကွင်းဆင်း ဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂) ခုအား Video Conferencing စနစ်ဖြင့် ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများ ပါဝင်သောကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည်မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားဖြစ် စတင်သည့်နေ့ သတ်မှတ်ပေးရန် တင်ပြထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁) ခုနှင့် စီးပွားဖြစ်စတင်သည့်ကာလရွှေ့ဆိုင်းပေးပါရန် တင်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁) ခု တို့အား ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် Video Conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား Online Virtual Meeting ဖြင့် ဝန်ဆောင်မှုပေး

ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ရေတာရှည်မြို့နယ်အတွင်း လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော Bago Young Clothing Limited နှင့် Myanmar Sumec Win Win Garments Co., Ltd. တို့ကို စီးပွားဖြစ် လုပ်ငန်းစတင်နိုင်ရန်အတွက် ၂၆-၈-၂၀၂၁ ရက်နေ့ (ကြာသပတေးနေ့)တွင် Online Virtual Meeting ဖြင့် လုပ်ငန်း လိုအပ်ချက်များအား စစ်ဆေးမေးမြန်း ဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုကဲ့သို့ ဝန်ဆောင်မှုပေးရာတွင် သက်ဆိုင်ရာဌာနအသီးသီးမှ ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား မေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းနိုင်ရန် အကြံပြုဆွေးနွေးခြင်းနှင့် လိုအပ်သည့် ကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထိုနောက် ကုမ္ပဏီများအား ယခုကာလတွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

ကိုဗစ်-၁၉ ရန်ပုံငွေ မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာအသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့ (ကယားပြည်နယ်) နှင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသော ကယားပြည်နယ်အတွင်းရှိလုပ်ငန်းရှင်များ တို့တွေ့ဆုံခြင်း

Coronavirus Disease 2019 (COVID-19) သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသော စီးပွားရေး လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေး ထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့ (ကယားပြည်နယ်) ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ရယူထားသော ကယားပြည်နယ်အတွင်းရှိ လုပ်ငန်း ရှင်များသည် ချေးငွေရယူခြင်း ဆိုင်ရာကိစ္စရပ်များ နှင့် စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ နှင့် စက်တင်ဘာလ ၂၀ ရက်နေ့တို့တွင် Video Conferencing စနစ်ဖြင့် ပြုလုပ်ဆွေးနွေးခဲ့ကြပါ သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ကိုဗစ်-၁၉ ရန်ပုံ ငွေမှ ထုတ်ပေးထားသည့်ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့ (ကယား ပြည်နယ်) ဥက္ကဋ္ဌ က Coronavirus Disease 2019 ကိုဗစ်-၁၉သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသော စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းငန်း ကော်မတီ၏ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ချေးငွေဆိုင်းငံ့ကာလ ထပ်မံတိုးမြှင့်ခြင်း ကိစ္စ၊ ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေ သော ငါး၊ ပုဇွန် မွေးမြူရေး အပါအဝင် မွေးမြူရေး ကဏ္ဍသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေ မှချေးငွေ ထပ်မံထုတ်ပေးမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း ၍အသိပေးရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြ သည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များမှ ပြန်လည် ဆွေးနွေး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှု ဖြစ်ပွားခဲ့သည့် စက်ရုံများမှ ကိုယ်စားလှယ်များအား VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဆွေးနွေးခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှု ဖြစ်ပွားခဲ့သည့် စက်ရုံ ၂၄ ရုံ မှ ကိုယ်စားလှယ်များဖြင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် တွေ့ဆုံခဲ့ပြီး မီးလောင်စက်ရုံများ၏ တာဝန်ရှိသူများမှ ဆွေးနွေးတင်ပြချက်များအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အဆိုပြုလွှာလျှောက်ထားရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးအား ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ဗီဒီယို ကွန်ဖရင့် စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁) ခု ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုရင်းနှီးမြှုပ်နှံမှု လုပ်ငန်း၏ မတည်ဆွေရင်းပမာဏမှာ အမေရိကန် ဒေါ်လာ ၁.၀၉၅ သန်းဖြစ်ပြီး အဆိုပါလုပ်ငန်းမှ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၈၅၁ ဦး အတွက် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီများ၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးလှစိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များမှ ဗီဒီယိုကွန်ဖရင့်ကို အသုံးပြု၍ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။



ရပ်ဝန်းနှင့်ပိုးလမ်းမ ကမ္ဘာလုံးဆိုင်ရာ ဖိုရမ် နှစ်ပတ်လည် စကားဝိုင်း ဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် တက်ရောက်ခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် သည်ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရ (The Government of the Hong Kong Special Administration Region) နှင့် ဟောင်ကောင် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ (Hong Kong Trade Development Council) တို့ ပူးပေါင်း၍ Virtual စနစ်ဖြင့် ကျင်းပသည့် **ရပ်ဝန်းနှင့် ပိုးလမ်းမ ကမ္ဘာလုံးဆိုင်ရာ ဖိုရမ် နှစ်ပတ်လည် စကားဝိုင်း ဆွေးနွေးပွဲ** (**Belt and Road Global Forum Annual Roundtable 2021**) ဆွေးနွေးပွဲသို့ စက်တင်ဘာလ ၃ ရက်နေ့၊ မွန်းလွဲပိုင်းတွင် တက်ရောက်ခဲ့ပါသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း၏ ပူးပေါင်း ဆောင်ရွက်မှုများ၊ ဆက်သွယ်မှုကွန်ယက်များနှင့် ပညာရပ်ပိုင်းဆိုင်ရာ အတွေးအမြင်များ တိုးတက်လာစေခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်၊ ချိတ်ဆက်မှု ကွန်ယက်တစ်ခုဖြစ်လာ စေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်း ဖြစ်ပါသည်။

ဆွေးနွေးပွဲတွင် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) နှင့် ကွမ်ဒေါင်း-ဟောင်ကောင်-မကာအို ပင်လယ်အော်ဒေသဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အာဆီယံဒေသတွင်း သာမက ကမ္ဘာလုံးဆိုင်ရာ ကွန်ယက်ချိတ်ဆက်မှု အခြေအနေများအပေါ် အမြင်ခြင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ ကမ္ဘာ့နိုင်ငံ အသီးသီးမှ စီးပွားရေး လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အဖွဲ့အစည်းများ ၏ ကိုယ်စားလှယ်များပါဝင် တက်ရောက်ခဲ့ကြပါသည်။

The 18th CAEXPO Roundtable Meeting on Investment Cooperation နှင့် The 18th CAEXPO Promotion Conference on ASEAN Industrial Parks ဆွေးနွေးပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Virtual စနစ်ဖြင့် တက်ရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံးနှင့် ကွမ်ကျိုးမြူနီစီပယ် စီးပွားရေးဗျူရိုတို့ ပူးပေါင်း၍ ကျင်းပသည့် (၁၈) ကြိမ်မြောက်တရုတ်-အာဆီယံကုန်စည်ပြပွဲ၏ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲနှင့် တစ်ဆက်တစ်စပ်တည်းကျင်းပသည့် (၁၈) ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲ၏ စက်မှုဥယျာဉ် မြို့တော်မြှင့်တင်ရေး ညီလာခံများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲကို ဒီဂျစ်တယ်စီးပွားရေး ခေတ်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် အလားအလာများ (Investment Opportunities and Prospects in the Era of Digital Economy) အား ဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်း ဖြစ်ပါသည်။

ဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဌာနမှ ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီမှကိုယ်စားလှယ်များ၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ကွမ်ကျိုးပြည်နယ်မှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ ကွမ်ကျိုး မြူနီစီပယ်စီးပွားရေးဗျူရို (Guangzhou Municipal Commerce Bureau) မှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံ၏ အဓိကအချက်အချာကျသည့် မြို့ကြီးများ/ ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ခေါင်းဆောင်များ၊ အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများမှ အကြီးတန်းအရာရှိကြီးများ၊ တရုတ်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်နေကြသည့် အာဆီယံနိုင်ငံများမှ အရာရှိများ၊ အာဆီယံနိုင်ငံများမှ စက်မှုဥယျာဉ်မြို့တော်/ ဇုန်များမှ ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေကြသည့် ကိုယ်စားလှယ်များ အသီးသီးတက်ရောက်ကြပါသည်။

စကားဝိုင်းဆွေးနွေးပွဲ၌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဒီဂျီဒယ် မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးအတွက် SMART Programmes ချမှတ်၍ ကြိုးပမ်း ဆောင်ရွက်နေမှု အခြေအနေများ၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင် (SDGs) များနှင့်အညီ မြန်မာနိုင်ငံအနေဖြင့် မူဝါဒလုပ်ငန်းစဉ်များရေးဆွဲကာ ဆောင်ရွက်နေမှုအခြေအနေများ၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံများနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး တိုးတက် ခိုင်မာမှု အခြေအနေများကို ထည့်သွင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ အာဆီယံ နိုင်ငံအသီးသီးတို့က ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို လည်းကောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ပိုမိုအားကောင်းလာစေရေး အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို လည်းကောင်း၊ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ဆိုင်ရာ အခွင့်အလမ်းများကိုလည်းကောင်း တစ်နိုင်ငံချင်းစီအလိုက် အကျယ် တဝင့်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးချက်များတွင် အဓိကအားဖြင့် အောက်ပါအချက်များ ပါရှိပါသည်-

(က) ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူနေမှုပုံစံများကို ထိခိုက်ခဲ့မှု အခြေအနေများ၊

(ခ) ဒေသတွင်း စီးပွားရေး ပြန်လည် ဦးမော့လာစေရေးအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံများ၊

(ဂ) အာဆီယံနိုင်ငံများ အနေဖြင့် ကိုဗစ်-၁၉ တုံ့ပြန်မှု ရန်ပုံငွေအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ကာကွယ်ဆေးထိုးနှံရေး အတွက် အရှိန်အဟုန်မြှင့်တင်၍ အတူတကွ ပူးပေါင်းဆောင်ရွက်နေမှုများ၊

(ဃ) အာဆီယံနိုင်ငံများ အနေဖြင့် ခရီးသွားစီးပွားရေး ပိုမိုအားကောင်းလာစေရန် အတွက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းများကို အားပေးမည့် အစီအစဉ်များ၊

(င) ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အတည်ပြုပြီး စာချုပ်အသက်ဝင်လာပါက ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတို့ အပြင် ဝန်ဆောင်မှု လုပ်ငန်းများနှင့် သက်ဆိုင်သည့် အတားအဆီးများကို ဖယ်ရှားနိုင်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမို လွတ်လပ်စွာ စီးဝင်နိုင်မည့် အခြေအနေများ၊

(စ) အာဆီယံအနေဖြင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု အစီအစဉ်ကို အရှိန်အဟုန် မြှင့်တင်၍ ဆောင်ရွက်သွားမည့်အစီအမံများ။

ထို့နောက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ စက်မှုဥယျာဉ်မြို့တော်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို တာဝန်ရှိသူများက အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့် လုပ်ငန်း များ၏ ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်း ကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေး ရာဝန်ကြီးဌာန ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဦး ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ရှိ အရည်အသွေးမီ တန်းမြင့်ဆန်နှင့် ဆန်ကွဲထုတ်လုပ်၍ ရာနှုန်းပြည့် ပြည်ပ တင်ပို့ခြင်းလုပ်ငန်းနှင့် မှော်ဘီမြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်များချုပ်လုပ်ခြင်း လုပ်ငန်းတို့အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများတွင် အထူးဂရုပြု လိုက်နာရမည့်အချက်များ (Version 5.0) အား လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို သွား ရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

လန်ချန်း – မဲခေါင်ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကျင်းပခြင်း

လန်ချန်း- မဲခေါင်အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် ဥပဒေ စည်းမျဉ်းများဆိုင်ရာ ကောင်းမွန်သော အလေ့အထ များကို ဖလှယ်ရန်နှင့် ဗဟုသုတကို မြှင့်တင်ရန်၊ ကိုဗစ် – ၁၉ ကပ်ရောဂါကာလအတွင်း တွေ့ကြုံ နေရသည့် စိန်ခေါ်မှုများကို တုံ့ပြန် ဆောင်ရွက်နိုင် မည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒအစီအမံများနှင့် ဦးစား ပေး လုပ်ငန်းကဏ္ဍများကို ဆွေးနွေးရန်၊ လန်ချန်း – မဲခေါင်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန် ရည်ရွယ်လျက် လန်ချန်း – မဲခေါင် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကို လန်ချန်း – မဲခေါင် ပူးပေါင်း ဆောင် ရွက်မှုအထူးရန်ပုံငွေ (၂၀၂၀) ဖြင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့ထိ နှစ် ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ လန်ချန်း – မဲခေါင် ပူးပေါင်း ဆောင် ရွက်မှုညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံ ခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အ စည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းနှင့် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွား ရေးသံမှူး ဖြစ်သူ Mr. Tan Shufu တို့က အဖွင့် အမှာစကား အသီးသီးပြောကြားခဲ့ကြပါသည်။

ဆွေးနွေးပွဲပထမနေ့တွင် လန်ချန်း – မဲခေါင် အဖွဲ့ဝင် နိုင်ငံများမှ ဆွေးနွေးပြောကြားသူများက နိုင်ငံအလိုက် ကိုဗစ် – ၁၉ ကပ်ရောဂါကာလအတွင်းနှင့် ကပ်ရောဂါ ကာလအပြီး ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် လုပ်ထုံးလုပ် နည်းများ၊ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် စပ် လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲပထမနေ့၏ ဆွေးနွေးချက်များအပေါ် အခြေခံ၍ ဆွေးနွေးပွဲ ဒုတိယ နေ့တွင် ကျင်းပပြုလုပ်သည့် စကားဝိုင်းဆွေးနွေးပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုမြှင့်တင် ရေးဌာနမှ ဒါရိုက်တာ Mr. Sophal Suon၊ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနမှ တတိယအတွင်းဝန် Ms. Fan Yiyi၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးမင်းဇော်ဦး၊ လာအိုနိုင်ငံ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေး ဦးစီးဌာန၏ အာဖရိကနှင့် ပစိဖိတ်မှ ဒါရိုက်တာ Mr. Kouthong Sommala၊ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေး ဗျူရိုမှ အမှုဆောင်

ဒါရိုက်တာ Ms. Prewprae Chumrum၊ ဗီယက်နမ် နိုင်ငံ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အေဂျင်စီမှ အကြီး တန်းအရာရှိ Mr. Nguyen Quang Vinh တို့သည် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံ၊ အာဆီယံ သဘောတူညီချက်များနှင့် RCEP သဘောတူညီ ချက်တို့နှင့် ချိတ်ဆက်နိုင်မှုတို့အပြင် လန်ချန်း - မဲခေါင်နိုင်ငံများ၏ စီးပွားရေး ပိုမိုကောင်းမွန်လာ စေရန်နှင့် ပိုမို ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆိုင်ရာ မူဝါဒ ချမှတ်ဖော်ဆောင်ရေးအပိုင်း၊ ဦးစား ပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ သတ်မှတ် ခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက် နိုင်မည့် အစီအစဉ်များ၊ လက်ရှိနှင့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာလအလွန်တွင် ဖြစ်ပေါ်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှု အလားလာတို့နှင့် စပ်လျဉ်းသည့် မူဝါဒအကြံပြုချက်များကို အမြင်ချင်းဖလှယ် ဆွေး နွေးခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲသို့ လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန် ကြားမှုဦးစီးဌာန တို့မှ အရာထမ်း စုစုပေါင်း (၇၀) ဦး ခန့် တက်ရောက်ခဲ့ကြပါသည်။ ယခုလန်ချန်း - မဲခေါင် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်ပြီး ဒေသ တွင်း နိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင် ရေးအတွက် ပထမဆုံးအကြိမ် ဆွေးနွေးပွဲလည်းဖြစ် ပါသည်။ အဆိုပါဆွေးနွေးပွဲသည် လန်ချန်း - မဲခေါင် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် အလုပ် အကိုင် အခွင့်အလမ်းများ တိုးတက်စေရုံသာမက လန်ချန်း-မဲခေါင်အဖွဲ့ဝင်နိုင်ငံများအကြား ငြိမ်းချမ်းရေး နှင့် ကြွယ်ဝချမ်းသာရေးဟူသည့် ဘုံအနာဂါတ်ကို အထောက်အကူ ပြုနိုင်မည်လည်းဖြစ်ပါသည်။



နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား Video Conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေးဝန်ဆောင်မှုပေးခြင်း

နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် စက်အုတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းမှ တာဝန်ရှိသူတို့အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် တွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်သူ့ဓနကုမ္ပဏီလီမိတက်နှင့် စောရောင်းဝယ်ရေးကုမ္ပဏီလီမိတက်သို့ ကွင်းဆင်းစစ်ဆေးခြင်း

ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည်ဘားအံစက်မှုဇုန်(၂)၊ အကွက်အမှတ် (၃၅/၃၆)၊ ဘားအံမြို့၊ ကရင်ပြည်နယ်တွင် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဂျစ်ပဆင်အမှုန့်ကြိတ်ခွဲ သန့်စင်စက်ရုံ တည်ဆောက်ပြီး ဆောက်လုပ်ရေးနှင့် ဘက်စုံ လုပ်ငန်းသုံး အဆင့်မြင့် ဂျစ်ပဆင်အမှုန့်ကြိတ်ခွဲ သန့်စင်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော ပြည်သူ့ဓနကုမ္ပဏီ လီမိတက်နှင့် မြေကွက်အမှတ်(၂)၊ ကွင်းအကွက်အမှတ် (၁၈)၊ စံဖရိုးကျေးရွာအုပ်စု၊ စက်မှုဇုန်(၂)၊ ဘားအံမြို့၊ ကရင်ပြည်နယ်တွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် အိမ်မိုးသွပ်ပြားနှင့် GI Hollow Pipe များ အသုံးပြု၍ တံခါး၊ လှေကားလက်ရမ်း၊ ရေစင်၊ စာရေးစားပွဲခုံများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသော စောရောင်းဝယ်ရေးကုမ္ပဏီလီမိတက်များသို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် သွားရောက် ကွင်းဆင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

FERD သတင်းများ

အိန္ဒိယနိုင်ငံ၏ Line of Credit (LOC) ချေးငွေဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

အိန္ဒိယနိုင်ငံ၏ Line of Credit (LOC) ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအနက် မြန်မာနိုင်ငံ ဆည်မြောင်း ဖွံ့ဖြိုးရေး စီမံကိန်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို အိန္ဒိယနိုင်ငံ၊ ပြင်ပရေးရာဝန်ကြီးဌာန (Ministry of External Affairs) မှ Advisor (Infrastructure) ဖြစ်သူ Mr. Pankaj Kumar Singh နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်တို့ဦး ဆောင်၍ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက် မွန်းလွဲပိုင်း တွင် Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။



အစည်းအဝေးတွင် အိန္ဒိယနိုင်ငံ၏ Line of Credit (LOC) ချေးငွေ အမေရိကန် ဒေါ်လာ ၁၃၅.၆၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မှု မြန်ဆန် ချောမွေ့စေရေးနှင့် စပ်လျဉ်း၍ စီမံကိန်းအရ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်း ဝယ်ယူခြင်းလုပ်ငန်းနှင့် ရဲန္တယ်ဆည် ရေသောက် စနစ်တည်ဆောက်ခြင်း လုပ်ငန်းနှင့် ကုန်းချောင်း ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် တည်ဆောက် ခြင်းလုပ်ငန်းတို့အတွက် အတိုင်ပင်ခံစာချုပ် ပြင်ဆင် ချုပ်ဆိုရေးနှင့် တင်ဒါခေါ်ယူရေး ဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းချေးငွေမှ ထုတ်ယူ သုံးစွဲပြီးသည့် ငွေနှင့် ထပ်မံ ထုတ်ယူမည့် ငွေကြေးတို့အပေါ် အတိုး/အရင်း ပြန် လည်ပေးဆပ်မှု ဆိုင်ရာကိစ္စရပ်များ၊ လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ နှစ်ဖက်ရင်းနှီးပွင့်လင်း စွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။



အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ငွေတိုက် ဦးစီးဌာန၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ စက်မှု လယ်ယာဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနတို့မှ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အိန္ဒိယနိုင်ငံဘက်မှ ပြင်ပရေးရာဝန်ကြီး ဌာန(Ministry of External Affairs)၊ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးနှင့် အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ် (India Exim Bank) တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၇) ဦး ပါဝင်တက်ရောက်ကြပါသည်။

ကိုလံဘိုစီမံကိန်း၏ 47th Consultative Committee Meeting (CCM) အစည်းအဝေးသို့ တက်ရောက်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်မှ ၁၂ ရက်အထိ Video Conference စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၄၇) ကြိမ်မြောက် ကိုလံဘိုအစီအစဉ် အကြံပေး ကော်မတီ အစည်းအဝေး (47th Consultative Committee Meeting) သို့ မြန်မာနိုင်ငံဆိုင်ရာ ကိုလံဘိုအစီအစဉ် အကြံပေး ကော်မတီ၏ ကိုယ်စားလှယ်ဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ကိုလံဘိုအစီအစဉ်၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအထိ ၂ နှစ်အတွင်း စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ဦးစားပေးကဏ္ဍများကို ဆွေးနွေးခြင်း၊ ကိုလံဘိုစီမံကိန်း၏ ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈-၂၀၁၉ တို့အတွက် နှစ်စဉ်အစီရင်ခံစာများကို အတည်ပြုခြင်း၊ ကိုလံဘိုစီမံကိန်းအရ စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာတိုးတက်မှု အခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသည့် စိန်ခေါ်မှုများအပေါ် Regional Group meeting ပုံစံဖြင့် ပြန်လည်သုံးသပ် ဆွေးနွေးခြင်း၊ “Sustainable Green Cities: Increasing Green Spaces” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြား တင်သွင်းခြင်းနှင့် ချီလီသမ္မတနိုင်ငံအား အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံကြိုဆိုခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ကိုလံဘို အစီအစဉ်၏ အဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံမှ အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

မဲခေါင်သိပ္ပံ၏ အုပ်ချုပ်မှုဘုတ်အဖွဲ့အစည်းအဝေး (၁/၂၀၂၁) ကျင်းပ

မဲခေါင်သိပ္ပံ၏ ဘုတ်အဖွဲ့ အစည်းအဝေး (၁/၂၀၂၁) ကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှ ၂၇ ရက်အထိ Video Conferencing စနစ်ဖြင့် ကျင်းပရာ မဲခေါင်သိပ္ပံကောင်စီဝင်ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာဝါဝါမောင် ဦးဆောင်၍ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယ ၆ လ အတွက် ဘုတ်အဖွဲ့အစည်းအဝေး (၂/၂၀၂၀) ၌ ဆွေးနွေးခဲ့သော ဆွေးနွေးချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နှစ်စဉ်လုပ်ငန်းစီမံချက် ၂၀၂၁ ၏ ပထမ ၆ လ (ဇန်နဝါရီလမှ ဇွန်လ) အထိ အစီအစဉ်များ၏ တိုးတက်မှု၊ အဖွဲ့အစည်းဆိုင်ရာ ခိုင်မာအားကောင်းလာမှု၊ မဲခေါင်သိပ္ပံ ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေး အစီရင်ခံစာ၊ ၂၀၂၁ ခုနှစ်၏ ဒုတိယ ၆ လ (ဇူလိုင်လမှ ဒီဇင်ဘာလ) အထိ လုပ်ငန်းအစီအစဉ်၊ ၂၀၂၀ ပြည့်နှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးအစီရင်ခံစာ၊ မဲခေါင်သိပ္ပံမဟာဗျူဟာမူဘောင် ၂၀၂၁ – ၂၀၂၅ ၏ အကောင်အထည်ဖော် ဆောင်ရွက်မှု ပုံစံအဆင့်များနှင့် စပ်လျဉ်း၍ မဲခေါင်သိပ္ပံ အမှုဆောင် ဒါရိုက်တာ၏ တင်ပြချက်များအပေါ် အဖွဲ့ဝင်နိုင်ငံများက ပြန်လည်ဆွေးနွေးကြပါသည်။

ဆက်လက်၍ မဲခေါင်သိပ္ပံကောင်စီ သဘာပတိတာဝန် လွှဲပြောင်းခြင်း၊ ဦးဆောင်ကော်မတီ သဘာပတိ၊ ကောင်စီအဖွဲ့ဝင်နှင့် ဦးဆောင်ကော်မတီ အဖွဲ့ဝင်များအတည်ပြုခြင်းတို့ကို ဆောင်ရွက်ရာ မဲခေါင်သိပ္ပံကောင်စီ သဘာပတိတာဝန်လွှဲ ပြောင်းခြင်းနှင့် စပ်လျဉ်း၍ လက်ရှိသဘာပတိအဖြစ် ဆောင်ရွက်လျက်ရှိသော ဗီယက်နမ်နိုင်ငံထံမှ တရုတ်ပြည်သူ သမ္မတနိုင်ငံ (ယူနန်ပြည်နယ်) က လွှဲပြောင်းရယူခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ မဲခေါင်သိပ္ပံ ဦးဆောင်ကော်မတီဝင်၊ ညွှန်ကြားရေးမှူး ဒေါ်မိုမို့နိုင်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ဌာနစိတ်၊ မဲခေါင်သိပ္ပံဆိုင်ရာ နိုင်ငံညှိနှိုင်းရေးအဖွဲ့တို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

(၂၁) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ဗီယက်နမ်အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်၍ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၃/၅၂) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ညွှန်ကြားရေးမှူးချုပ် ပါဝင်တက်ရောက်

(၂၁)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) အဆင့်မြင့် စီးပွားရေး အရာရှိများအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဩဂုတ် လ ၂ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီမှ ၁၂ နာရီအထိ video conference ဖြင့် ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ညွှန်ကြားရေးမှူးချုပ် စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေးအရာရှိ ဒေါက်တာဝါဝါမောင်က သဘာပတိအဖြစ် ဦးဆောင် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့် စီးပွားရေး အရာရှိများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်

ရှိသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် အဆင့်မြင့်စီးပွားရေး အရာရှိများက စီအယ်လ်အမ်ဗွီ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု နယ်ပယ်အောက်မှ စီအယ်လ်အမ်ဗွီ လုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၀) နှင့် (၂၀၂၁-၂၀၂၂) တို့၏ အကောင်အထည်ဖော်မှု အခြေအနေများ၊ စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်ကို အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းအစီအစဉ်ရေးဆွဲရန် ကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြပါသည်။

အဆင့်မြင့်စီးပွားရေးအရာရှိများက စီအယ်လ်အမ်ဗွီ နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး၊ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလ အတွင်း ကုန်စည်ပြပွဲများ၊သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို Virtual နည်းဖြင့် ဒီဂျစ်တယ်နည်းပညာကို အသုံးပြု၍ ကျင်းပသွားရေးနှင့် စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်အား အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်ရေးဆွဲမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြပါသည်။

အစည်းအဝေးတွင် ၂၀၁၆ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်ခဲ့သည့် အာဆီယံပေါင်းစည်းဆောင်ရွက်မှု ကနဦးလုပ်ငန်း အစီအစဉ်-၃ ပြီးစီးမှုအခြေအနေနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်-၄ စတင်အကောင်အထည်ဖော်မှု အခြေအနေတို့ကိုလည်းကောင်း၊ စီအယ်လ်အမ်ဗွီနိုင်ငံများ၌ ယှဉ်ပြိုင်မှုနှင့်ဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍ တိုးတက်စေရေးအတွက် ဂျာမနီနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် GIZ က ဆောင်ရွက်လျက်ရှိသော “အာဆီယံစီးပွားရေးပေါင်းစည်းမှု ကနဦးအစီအစဉ်၏ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးမူဘောင်” စီမံချက်၏ ဆောင်ရွက်မှုတို့ကိုလည်းကောင်း ၂၀၂၁ ခုနှစ်၊စက်တင်ဘာလတွင် မြန်မာနိုင်ငံက သဘာပတိအဖြစ် တာဝန်ယူကျင်းပမည့် စီအယ်လ်အမ်ဗွီစီးပွားရေးဝန်ကြီးများ အစည်းအဝေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို လည်းကောင်း ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်သည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ video conferencing ဖြင့် ကျင်းပပြုလုပ်သည့် အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၃/၅၂) ကြိမ်မြောက် အစည်းအဝေးသို့ ပါဝင်တက်ရောက်ပါသည်။ အစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် Dr. May Fa'ezah Ahmad Ariffin က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်စီးပွားရေး အရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ စီးပွားရေး မဏ္ဍိုင်ဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် Mr. Satvinder Singh နှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။ အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံက အာဆီယံ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ အေအီးစီ ၂၀၂၅ အကောင်အထည်ဖော်မှုအရ ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ၏ အကောင်အထည်ဖော်မှု အခြေအနေများ၊ အေအီးစီ ၂၀၂၅ ကာလလယ် သုံးသပ်ချက် အစီရင်ခံစာအရ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ အဆင့်မြင့် စီးပွားရေးအရာရှိများ၏ လမ်းညွှန်မှု အောက်ရှိ ဘာသာရပ်ဆိုင်ရာလုပ်ငန်း အဖွဲ့များ၏ လုပ်ငန်းများ အကောင်အထည်ဖော်မှု တင်ပြချက်များ၊ တီမောလတ်စ်တေနိုင်ငံက အာဆီယံသို့ ဝင်ရောက်ရန် လျှောက်ထားမှုအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပမည့် (၅၃) ကြိမ်မြောက် အာဆီယံ စီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများအတွက် ပြင်ဆင်ဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးပါသည်။



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်သည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်၊ ဩဂုတ်လ ၁၁ ရက်နှင့် ဩဂုတ်လ ၁၆ ရက်နေ့တို့တွင် ကျင်းပမည့် အာဆီယံ-ကနေဒါ၊အာဆီယံ-ကိုရီးယား၊ အာဆီယံ-ဟောင်ကောင်၊ အာဆီယံ-တရုတ်၊ အာဆီယံ-အမေရိကန်၊ အာဆီယံ-အိန္ဒိယ၊ အာဆီယံ-ရုရှား၊ အာဆီယံ-ဖြိတိန်၊ အာဆီယံ-ဆွစ်ဇာလန်၊ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်၊ အာဆီယံ-ဂျပန်၊ အာဆီယံ အပေါင်းသုံး(တရုတ်၊ဂျပန်၊ကိုရီးယား)၊ အာဆီယံ-အီးယူ၊ အရှေ့အာရှအဆင့်မြင့် စီးပွားရေးအရာရှိများအစည်းအဝေးများသို့လည်း ဆက်လက် တက်ရောက်မည် ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးများတွင် အာဆီယံနှင့် ဆောင်ရွက်နေသည့် လွတ်လပ်သော ကုန်သွယ်မှု ဒေသ အကောင်အထည် ဖော်မှုများ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ကိုဗစ် - ၁၉ ကပ် ရောဂါ အလွန် ဒေသတွင်း စီးပွားရေး ပြန်လည် ထူထောင်မည့် အစီအစဉ်များကို အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အကြား ဆွေးနွေးညှိနှိုင်းကြမည် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ Line of Credit ချေးငွေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (LOC Workshop) ကျင်းပ

အိန္ဒိယနိုင်ငံ၏ Line of Credit (LOC) ချေးငွေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (LOC Workshop) ကို အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ် (India Exim Bank) မှ Deputy General Manager ဖြစ်သူ Ms. Kusum Singh နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်တို့ ဦးဆောင်၍ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် မွန်းလွဲပိုင်းတွင် Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေး အကူအညီပေးမှု အစီအစဉ် (Indian Development and Economic Assistance Scheme–IDEAS 2015) အရ အိန္ဒိယနိုင်ငံမှ ၎င်း၏ မိတ်ဖက်နိုင်ငံများသို့ ပေးအပ်လျက်ရှိသည့် Line of Credit (LOC) ချေးငွေနှင့် စပ်လျဉ်းသည့်လမ်းညွှန်ချက်များ (Guidelines)၊ လုပ်ငန်းစဉ် (Process) ၊ လုပ်ထုံးလုပ်နည်းများ (Procedures) ကို Power Point Presentation ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ မြန်မာနိုင်ငံဘက်မှ ပါဝင်တက်ရောက်သည့် ပုဂ္ဂိုလ်များက ၎င်းတို့သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အိန္ဒိယနိုင်ငံဘက်မှ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံ သံရုံးနှင့် အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ် (India Exim Bank) တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၅၄) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။



သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး (7th GMS Summit) သို့ မြန်မာနိုင်ငံမှ နိုင်ငံ့အကြီးအကဲ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

သတ္တမအကြိမ် မဟာမဲခေါင် ဒေသခွဲ ထိပ်သီး အစည်းအဝေး (7th GMS Summit) ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် Video Conference စနစ်ဖြင့်ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပါဝင်တက်ရောက်ခဲ့ပါသည်။

သတ္တမအကြိမ် မဟာမဲခေါင် ဒေသခွဲ ထိပ်သီး အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် မဟာမဲခေါင် ဒေသခွဲနိုင်ငံများ၏ အောင်မြင်မှုများ ဗွီဒီယိုကို ဦးစွာ ပြသ၍ အိမ်ရှင်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားဘုရင့် နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်က အဖွင့် အမှာစကား ပြောကြားပါသည်။ ထို့နောက် မဟာ မဲခေါင် ဒေသခွဲနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ တို့က အသီးသီးမိန့်ခွန်း ပြောကြားကြပါသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ် ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့် ခွန်းတွင် ၁၉၉၂ ခုနှစ်မှစ၍ ဆယ်စုနှစ် ၃ ခုနီးပါး လျှောက်လှမ်းလာခဲ့သော ဂျီအမ်အက်စ် အစီအစဉ် ၏ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် ဆောင်ရွက်ရာတွင် သိသာထင်ရှားသော အောင်မြင် မှုများရရှိခဲ့မှုအပေါ် ဂုဏ်ယူပါကြောင်း၊ "ခွန်အားသစ် များဖြင့် ဆယ်စုသစ်၏ စိန်ခေါ်မှုများကို ရင်ဆိုင် မည်" ဟူသော ထိပ်သီးအစည်းအဝေး ခေါင်းစဉ် သည် ဂျီအမ်အက်စ် ဒေသခွဲအတွက် လက်ရှိအချိန်နှင့် ကိုက်ညီမှုရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင် ရထားအဖွဲ့အစည်း (Greater Mekong Railways Association- GMRA) ထူထောင်ရာတွင်ပါဝင်ခဲ့ပြီး နယ် စပ်ဖြတ်ကျော် ပို့ဆောင်ရေး လွယ်ကူချောမွေ့စေမှု (Cross-border Transport Facilitation Agreement - CBTA) စာချုပ်များနှင့် နောက်ဆက်တွဲများကို အတည် ပြု လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ဂျီအမ်အက်စ်အနေ ဖြင့် အနာဂတ်ရှေ့လုပ်ငန်းစဉ်များအတွက် လမ်းပြမြေပုံ အဖြစ် ဖော်ဆောင်ပေးမည့် ဂျီအမ်အက်စ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀ ကို ကြိုဆိုကြောင်း၊ ဂျီအမ်အက်စ်ဒေသခွဲ ဖွံ့ဖြိုး တိုးတက်မှုအတွက် ကိုဗစ်-၁၉ ကာလအလွန် ကျန်း မာရေးနှင့် စီးပွားရေးပြန်လည်ထူထောင်ရေး၊ သမားရိုး ကျမဟုတ်သော စိန်ခေါ်မှုများကို ဖြေရှင်းရေးလုပ်ငန်း စဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် မည်သည့်နိုင်ငံမှ မကျန်ရစ်စေရန် လိုအပ်သလို ပူးပေါင်းပါဝင် ဆောင်ရွက်မှု များသည် လွန်စွာအရေးကြီးကြောင်းစသည်တို့ကို အထူး အလေးထား ပြောကြားခဲ့ပါသည်။

သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်း အဝေးတွင် မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာ မူဘောင် ၂၀၃၀၊ ဂျီအမ်အက်စ် ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင် ရေးစီမံချက် (၂၀၂၁-၂၀၂၃)နှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် စာတမ်းတို့ကို အတည်ပြုချမှတ်ခဲ့ပါ သည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀ သည် ၂၀၃၀ ပြည့်နှစ်အထိ ဂျီအမ်အက်စ်က လက်ခံကျင့်သုံးသွားမည့် တတိယမြောက် မဟာဗျူဟာဖြစ်ပါသည်။ အဆိုပါ မဟာဗျူဟာကို ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals – SDGs)၊ အာဆီယံနှင့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အပါအဝင် အခြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် ကိုက်ညီ ရေးဆွဲထားသောကြောင့် ဒေသခွဲ၏ စီးပွားရေးပေါင်းစည်းမှုကိုများစွာ အထောက်အကူပြုနိုင်မှာဖြစ်ပါသည်။

ဂျီအမ်အက်စ် ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးစီမံချက် (၂၀၂၁-၂၀၂၃) သည် ကမ္ဘာတစ်ဝှမ်း ကာလရှည်ကြာ ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ မျိုးဗီဇကွဲ ပျံ့ပွားလာနိုင်ခြေရှိမှုနှင့် သက်ရောက်မှုများအတွက် ကြိုတင်ပြင်ဆင်ရန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ အရှိန်မြှင့်တင်ရန်အတွက် အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ကာလတို၊ ကာလလတ် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြမည့် စီမံချက်ဖြစ်ပါသည်။ ဒေသခွဲအတွင်း လူနှင့်သက်ရှိများ အားလုံး အသက်ရှင်နေထိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ရရှိရေးနှင့် သန့်ရှင်းသာယာသော မြို့ပြများ ဖြစ်ပေါ်လာရေးတို့အတွက် ဂျီအမ်အက်စ်အဖွဲ့ဝင် နိုင်ငံများအနေဖြင့် တစ်ခုတည်းသော ကျန်းမာရေးစနစ် (One Health Approach) ကို ဆောင်ရွက်သွားမည့် အစီအမံများ ပါဝင်ပါသည်။

အဆိုပါ သတ္တမအကြိမ် မဟာမဲခေါင် ဒေသခွဲထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များနှင့် ဂျီအမ်အက်စ် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နှင့် သက်ဆိုင်သည့် လုပ်ငန်းကော်မတီများအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးသို့ ဂျီအမ်အက်စ် အဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ် စုစုပေါင်း ၃၅၀ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ မြန်မာဘက်မှ ဒါရိုက်တာအဖွဲ့ဝင်များအကြား ညှိနှိုင်းအစည်းအဝေးကျင်းပ

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) ၏ မြန်မာဘက်မှ ဒါရိုက်တာ အဖွဲ့ဝင်များအကြား ညှိနှိုင်းအစည်းအဝေး တစ်ရပ်ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့၊ မွန်းလွဲတွင် Virtual စနစ်ဖြင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်း၊ အတွင်းရေးမှူး ဦးဆွေတင့်ကြူး၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးသိန်းထူးနှင့် အခြားကော်မတီ အဖွဲ့ဝင်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုး တိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) ၏ မြန်မာဘက်မှ ဒါရိုက်တာ အဖွဲ့ဝင်များဖြစ်သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော်၊ ဥပဒေရေးရာဝန်ကြီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးချယ်တို့ တက်ရောက်ခဲ့ကြပြီး အာရှနှင့် အမေရိကဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်သီသီအေးနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များအပေါ် ဆွေးနွေးအကြံပြုခဲ့ကြပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors (2/2021) အစည်းအဝေးသို့ တက်ရောက်

မြန်မာနိုင်ငံ၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ထိုင်းနိုင်ငံ၊ Neighboring Countries Economic Development Cooperation Agency (NEDA) နှင့် ဂျပန်နိုင်ငံ၊ Japan Bank for International Cooperation (JBIC) တို့အကြား ပူးပေါင်းတည်ထောင်ထားသည့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors (2/2021) အစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့၊ မွန်းလွဲတွင် ထိုင်းနိုင်ငံ၊ NEDA ရုံးမှ Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ ထိုင်းနိုင်ငံဘက်၏ Director အဖွဲ့ဝင် (၃) ဦးဖြစ်သည့် Mr. Narong Pomlaktong၊ Mr. Perames Vudthitornetiraks နှင့် Mr. Rit Syamananda ၊ ဂျပန်နိုင်ငံဘက်၏ Director အဖွဲ့ဝင် (၃) ဦး ဖြစ်သည့် Mr. Nao Kawakami၊ Mr. Mikio Hataeda နှင့် Mr. Atsu Taketani၊ မြန်မာနိုင်ငံဘက်၏ Director အဖွဲ့ဝင် (၃) ဦးဖြစ်သည့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော်နှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်တို့ တက်ရောက်ခဲ့ကြပြီး နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးချယ်၊ အာရှနှင့်အမေရိကဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်သီသီအေးနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ထားဝယ်အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ Director အဖွဲ့ဝင်ပြောင်းလဲခန့်အပ်ခြင်းနှင့် ကုမ္ပဏီ၏ ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးအတည်ပြုခဲ့ကြပါသည်။

နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာနတွင် နိုင်ငံ့ ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေပါ သတ်မှတ်ချက်များ အပေါ် ဆွေးနွေးသည့် စကားဝိုင်းကျင်းပပြုလုပ်

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီး ဌာန၊ ရုံးအမှတ် (၁)၊ အစည်းအဝေးခန်းမ (၂) ၌ နိုင်ငံ့ ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေပါသတ်မှတ် ချက်များအပေါ် ဝန်ထမ်းများက ဆွေးနွေးသည့် စကားဝိုင်းကို နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ ကျင်းပ ခဲ့ပါသည်။

အဆိုပါ စကားဝိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြား စီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ဥပဒေရေးရာဌာန စိတ်မှ ညွှန်ကြားရေးမှူးက နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့် နည်းဥပဒေ

ပါသတ်မှတ်များကို Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် တို့၏ ဦးဆောင် ဆွေးနွေးမှုများ အပေါ် ဝန်ထမ်းများက အပြန်အလှန် အမေးအဖြေများ ပြုလုပ်လျက် တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲအတွင်း မေးခွန်းများကို မှန်ကန်တက်ကြွစွာ အများဆုံးဆွေးနွေး ဖြေကြားခဲ့သည့် ဝန်ထမ်း (၃) ဦးအား နိုင်ငံခြားစီးပွား ဆက်သွယ် ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဆုချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတကာစီးပွားရေး သတင်းများ

ဗြိတိန်နိုင်ငံအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်သော ပစိဖိတ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (CPTPP) တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ဆိုင်ရာ လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်မည်

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဘက်စုံဖွံ့ဖြိုး တိုးတက်သော ပစိဖိတ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Comprehensive and Progressive Agreement for Trans Pacific partnership- CPTPP) ကော်မရှင်၏ စတုတ္ထအကြိမ် မြောက်အစည်းအဝေးသို့ စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးမှ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ အဆိုပါ Virtual အစည်းအဝေးကို ၂၀၂၁ ခုနှစ်အတွက် CPTPP ကော်မရှင်၏ ဥက္ကဋ္ဌ တာဝန်ယူထားသော ဂျပန်နိုင်ငံမှ ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်းနှင့် CPTPP အဖွဲ့ဝင်များ ဖြစ်သည့် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကစီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အရာရှိကြီးများ ပါဝင် တက်ရောက်ခဲ့ကြကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

CPTPP ကော်မရှင်အစည်းအဝေးတွင် ဗြိတိန်နိုင်ငံမှ CPTPP တွင်အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ၌ တရားဝင် အဆိုပြုချက် တင်သွင်းခဲ့ခြင်းနှင့် ပတ်သက်၍ ဗြိတိန်နိုင်ငံအတွက် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ဆိုင်ရာ လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်မည်ဟု ဆုံးဖြတ်ခဲ့ကြကြောင်း၊ ထိုသို့ ဗြိတိန်မှ CPTPP သို့ ဝင်ရောက်ခွင့်နှင့်စပ်လျဉ်း၍ ကြီးကြပ် ကွပ်ကဲနိုင်ရန် အတွက် လုပ်ငန်းအဖွဲ့ (Accession Working Group – AWG) ကို ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းအဖွဲ့တွင် ဂျပန်နိုင်ငံမှ ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်မည် ဖြစ်ကာ စင်ကာပူနှင့် ဩစတြေးလျနိုင်ငံတို့မှာ ဒုတိယ ဥက္ကဋ္ဌများအဖြစ် တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းအဖွဲ့သည် ဗြိတိန်၏ CPTPP အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့် အဆိုပြုချက်အား စိစစ်ခြင်း၊ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခြင်းနှင့် CPTPP ကော်မရှင်သို့ အစီရင်ခံတင်ပြခြင်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

စင်ကာပူနိုင်ငံအနေဖြင့် ဗြိတိန်နိုင်ငံ၏ CPTPP တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရေး လျှောက်ထားလာမှုအပေါ် အားပေးထောက်ခံပါကြောင်း၊ လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအနေဖြင့် တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်ရာ ဝင်ရောက်ခွင့်ဆိုင်ရာ လုပ်ငန်းစဉ်များ အဆင်ပြေ ချောမွေ့မှုရှိစေရေးအတွက် အခြားအဖွဲ့ဝင်များနှင့် နီးကပ်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေးပြန်လည် နလန်ထူလာရေးအတွက် ကုန်သွယ်မှုသည် အရေးပါသော မောင်းနှင်အား တစ်ခုဖြစ်ပြီး၊ ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် နိုင်ငံအားလုံးမှ ပူးပေါင်း ဆောင်ရွက်သင့်ကြောင်း၊ CPTPP သည် ဒီဂျစ်တယ် ကုန်သွယ်မှုပိုင်းတွင် အခွင့်အလမ်းကောင်းများရရှိစေရန်အတွက် လွယ်ကူ အဆင်ပြေသော မူဘောင်တစ်ခုကို ဖန်တီးပေးကြောင်း၊ ထို့ပြင် SMEs လုပ်ငန်းများမှ ဒေသတွင်း ကုန်သွယ်မှုနှင့် ထုတ်လုပ်မှု ကွင်းဆက်များတွင် ပိုမိုလွယ်ကူစွာပါဝင် ဆောင်ရွက်နိုင်ခြင်းကြောင့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

လာစေရန် ပံ့ပိုးပေးကြောင်း၊ စင်ကာပူအနေဖြင့် CPTPP ၏ အဆင့်မြင့် စံသတ်မှတ်ချက်များအား လိုက်ပါ ဆောင်ရွက်နိုင်ပြီး အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် ဆန္ဒရှိသော၊ အာရှ- ပစိဖိတ် ဒေသ သာမက ယင်းဒေသကို ကျော်လွန်၍ ပိုမိုနက်ရှိုင်းသည့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများကို တိုးချဲ့ဆောင်ရွက်လိုသောနိုင်ငံများအား ဆက်လက် ကြိုဆိုသွားမည်ဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Gan Kim Yong မှ ပြောကြားခဲ့ပါသည်။

CPTPP ကော်မရှင်သည် သဘောတူ စာချုပ်များအား အတည်ပြု လက်မှတ်ရေးထိုးရန် ကျန်ရှိနေသော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် CPTPP ၏ အကျိုးကျေးဇူးများကို အပြည့်အဝရရှိခံစားနိုင်ရန် အတွက် ဖြစ်နိုင်သမျှ အလျင်အမြန် အတည်ပြု လက်မှတ်ရေးထိုးကြမည်ဟု မျှော်လင့်လျက်ရှိကြောင်း၊ ဘရူနိုင်း၊ ချီလီ၊ ပီရူးနှင့် မလေးရှားစသည့် (၄) နိုင်ငံမှာ သဘောတူစာချုပ်အား အတည်ပြု လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြောင်းသိရှိရပါသည်။

Source: Ministry of Trade and Industry, Singapore

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စင်ကာပူလေကြောင်းလိုင်း၏ အသားတင်အရှုံးသည် စင်ကာပူဒေါ်လာ ၄.၃ ဘီလီယံ ဖြစ်ပေါ်ခဲ့

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၂၀၂၀ ပြည့်နှစ်၊ ဧပြီ လ မှ ၂၀၂၁ ခုနှစ်၊ မတ်လထိ) တွင် စင်ကာပူ လေကြောင်းလိုင်း (SIA) ၏ အသားတင်အရှုံးသည် စင်ကာပူဒေါ်လာ ၄.၂၇ ဘီလီယံ ဖြစ်ပေါ်ခဲ့ရာ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော အခြေအနေနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဤကာလတွင် ၎င်း၏ လေယာဉ်အများစုကို ရပ်နားထားခဲ့ရပြီး၊ ခရီးသည် တင်ဆောင်မှုမှာ ၉၈ ရာခိုင် နှုန်းထိ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

စင်ကာပူ လေကြောင်းလိုင်းအုပ်စုတွင် ပါဝင်သော SIA၊ Silk Air နှင့် Scoot တို့၏ ခရီးသည် တင်ဆောင်မှုမှ ရရှိသောဝင်ငွေသည် အလွန်အမင်း ကျဆင်းခဲ့သည့်အတွက် စင်ကာပူလေကြောင်းလိုင်း၏ဝင်ငွေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စင်ကာပူဒေါ်လာ ၃.၈၂ ဘီလီယံသာ ရရှိခဲ့သဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇၆ ရာခိုင်နှုန်း သို့မဟုတ် စင်ကာပူဒေါ်လာ ၁၂.၁၆ ဘီလီယံ လျော့နည်းခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း စင်ကာပူ လေကြောင်းလိုင်း၏ ဝင်ငွေမှာ စင်ကာပူ ဒေါ်လာ ၁၅.၉၈ ဘီလီယံ ရရှိခဲ့ပြီး၊ စင်ကာပူဒေါ်လာ ၂၁၂ သန်း အရှုံးပေါ်ခဲ့သဖြင့် ဘဏ္ဍာနှစ် (၂) နှစ်ဆက်တိုက် အရှုံးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စင်ကာပူ လေကြောင်းလိုင်း၏ ကုန်တင်ပို့မှုမှ ဝင်ငွေသည် စင်ကာပူဒေါ်လာ ၂.၇၁ ဘီလီယံ ရရှိခဲ့သဖြင့် ယခင်နှစ်ထက် ၃၉ ရာခိုင်နှုန်း သို့မဟုတ် စင်ကာပူဒေါ်လာ ၇၅၈ သန်း တိုးတက်မှုဖြစ်ပေါ်ခဲ့ပါသည်။ စင်ကာပူ လေကြောင်းလိုင်း၏ အစုရှယ်ယာတန်ဖိုးမှာ ၂၀၂၁ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ၃.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

Source: The Business Times

စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုပမာဏ သည် ၂၀၂၁ ခုနှစ်၊ မေလတွင် ၃၀.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်း

၂၀၂၁ ခုနှစ်၊ မေလတွင်စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှု ပမာဏသည် ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၀.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ ပို့ကုန်ပိုင်းတွင် ၂၉.၈ ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် ၃၂.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ Enterprise Singapore မှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ မေလတွင် ပို့ကုန်ပမာဏ စင်ကာပူဒေါ်လာ ၄၇.၃၅ ဘီလီယံနှင့် သွင်းကုန်ပမာဏ စင်ကာပူ ဒေါ်လာ ၄၁.၆၀ဘီလီယံ တို့ဖြင့် ကုန်သွယ်မှုပမာဏ စင်ကာပူဒေါ်လာ ၈၈.၉၅ ဘီလီယံ ရရှိခဲ့ပါသည်။

မေလအတွင်း စင်ကာပူ၏ စက်သုံးဆီ မဟုတ်သော ပြည်တွင်းထုတ်ပို့ကုန် (Non- Oil Domestic Exports) တင်ပို့မှုပမာဏမှာ စင်ကာပူ ဒေါ်လာ ၁၅ ဘီလီယံရရှိခဲ့သဖြင့် ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၈.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဆိုပါ စက်သုံး ဆီမဟုတ်သော ပြည်တွင်းထုတ် ပို့ကုန်များကို အီလက်ထရွန်နစ် ပစ္စည်းပို့ကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်း မဟုတ်သော ပို့ကုန်ဟူ၍ နှစ်မျိုးခွဲခြားဖော်ပြရာတွင် အီလက်ထရွန်နစ် ပစ္စည်းပို့ကုန်မှာ ၁၁ ရာခိုင်နှုန်းနှင့် အီလက်ထရွန်နစ်ပစ္စည်း မဟုတ်သော ပို့ကုန် ၈.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အီလက်ထရွန် နစ်ပစ္စည်းပို့ကုန်တွင် အဓိကအားဖြင့် ဒိုင်အုပ်နှင့် ထရန်စစ္စတာ ၅၃.၉ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကိရိယာများ ၅၂. ၃ ရာခိုင်နှုန်းနှင့်၊ Cs ၅.၈ ရာခိုင်နှုန်း ပစ္စည်းတို့ကို ပို့မိုတင်ပို့ နိုင်ခဲ့ခြင်းဖြစ်ပြီး၊ အီလက်ထရွန်နစ် ပစ္စည်း မဟုတ်သော ပို့ကုန်များတွင် အခြေခံဓာတုပစ္စည်းများ ၉၆.၈ ရာခိုင်နှုန်း၊ အထူးထုတ်လုပ်ထားသော စက်ပစ္စည်း ၅၈ ရာခိုင်နှုန်းနှင့် ရေနံဓာတုပစ္စည်း ၅၅.၇ ရာခိုင်နှုန်း တို့ကို တိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။ စင်ကာပူသည် စက်သုံးဆီ မဟုတ်သော ပြည်တွင်းထုတ် ပို့ကုန်များကို တရုတ်၊ မလေးရှား၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့မှုမြင့်တက်ခဲ့ပြီး၊ CLMV နိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲဈေးကွက်များသို့ တင်ပို့မှု သည်လည်း ၄၁.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

စင်ကာပူ၏ စက်သုံးဆီတင်ပို့မှုမှာ မေလတွင် ၁၁၁.၉ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး၊ အဓိကအား ဖြင့် ဩစတြေးလျ ၂၈၆.၅ ရာခိုင်နှုန်း၊ အင်ဒိုနီးရှား ၂၅၅.၅ ရာခိုင်နှုန်းနှင့် မလေးရှား ၂၁၈.၃ ရာခိုင်နှုန်း နိုင်ငံများသို့ တင်ပို့မှု မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ မေလအတွင်း စင်ကာပူ၏ ပြန်လည်တင်ပို့မှု (Re- exports) ပမာဏမှာ စင်ကာပူဒေါ်လာ ၂၅.၇၂ ဘီလီယံ ရရှိခဲ့သဖြင့် ၃၁.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းနှင့် စက်သုံးဆီ မဟုတ်သော ကုန်ပစ္စည်းများကို ပြန်လည်တင်ပို့မှု (Non- Oil Re-exports) မှာ ၃၁.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

Source: Enterprise Singapore, Department of Statistics, Ministry of Trade & Industry, Singapore

အမေရိကန်က အီရန်အပေါ် အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးမည့် အခြေအနေကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂ ရာခိုင်နှုန်းကျော်အထိ ကျဆင်းခဲ့

ကမ္ဘာ့ရေနံထုတ်လုပ်ရောင်းချမှု ပမာဏ မြင့် တက်လာစေမည့် အမေရိကန်နိုင်ငံမှ အီရန်နိုင်ငံ အပေါ် အရေးယူပိတ်ဆို့မှုများ (Sanctions) ကို ဖယ်ရှားပေးမည့် အလားအလာ ရှိနေသည်ဟု သတင်းများ ထွက်ပေါ်လာပြီးနောက် ၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ရေနံဈေးနှုန်းများသည် ၂ ရာခိုင်နှုန်းကျော်အထိ ကျဆင်းခဲ့ပါသည်။ Brent ရေနံဈေးမှာ အမေရိကန်ဒေါ်လာ ၁.၅၅ သို့မဟုတ် ၂.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၅.၁၁ သို့ရောက်ရှိခဲ့ပြီး၊ WIT ရေနံဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁.၃၁ သို့မဟုတ် ၂.၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်အတွက် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၂.၀၅ သို့ ကျဆင်းခဲ့သည်ဟု သိရှိရပါသည်။

အီရန်နိုင်ငံ၏ ရေနံလုပ်ငန်း၊ သဘော်လိုင်း၊ ရေနံဓာတု၊ အာမခံနှင့် ဗဟိုဘဏ်တို့အပေါ် Sanctions ပြုလုပ်ထားခြင်းတို့ကို ဖယ်ရှားနိုင်ရေး အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်ဟု အီရန်နိုင်ငံ၏ သမ္မတ Hassan Rouhani မှ ထုတ်ဖော် ပြောကြားခဲ့ပြီး၊ အခြားတစ်ဖက်တွင် လည်းဆွေးနွေးမှုများသည် အောင်မြင်မှုရရှိနိုင်မည်ဟု အာမခံချက်မရှိသေးကြောင်းနှင့် အလွန်ခက်ခဲသော ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း အီးယူသံတမန်များမှ ပြောကြားထားပါ သည်။

၂၀၂၁ ခုနှစ် လက်ကျန်ကာလနှင့် ၂၀၂၂ ခုနှစ်တို့တွင် ကမ္ဘာ့ရေနံဝယ်လိုအားမှာ မြင့်တက်လာမည်ဟု ခန့်မှန်းထားကြသဖြင့် OPEC+ အဖွဲ့ဝင်များသည် အီရန်၏ ရေနံများဈေးကွက်အတွင်းသို့ ဝင်ရောက်လာပါက ၎င်းတို့၏ ရေနံထုတ်လုပ်မှု ပမာဏကို ပြန်လည် ချိန်ညှိရန်အတွက် ခက်ခဲမှု မရှိကြောင်း ဈေးကွက် စောင့်ကြည့်သူများက သုံးသပ်ကြပါသည်။

ရာစုနှစ် အလယ်ခန့်တွင် ကမ္ဘာ့ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လုပ်မှု အသားတင် သုည အဆင့်သို့ ရောက်ရှိလိုပါက ရေနံ၊ ဓာတ်ငွေ့နှင့် ကျောက်မီးသွေးထုတ်လုပ်မှု စီမံကိန်းအသစ်များအပေါ် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေကြေးထောက်ပံ့ခြင်းတို့ကို မပြုလုပ်သင့်တော့ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီ (International Energy Agency– IEA) မှ ၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ အဆိုပါ IEA ၏ သတိပေးချက်အတိုင်း အမှန်တကယ်လိုက်ပါ ဆောင်ရွက်လာကြပါက ရေနံဈေးနှုန်း မတည်ငြိမ်မှု အခြေအနေသို့ ဦးတည်သွားနိုင်သည်ဟု OPEC အဖွဲ့ မှပြောကြားခဲ့ပါသည်။

Source: CAN News

ဆက်လက်ဖွံ့ဖြိုးတိုးတက်နေသည့် တရုတ်- အာဆီယံ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်းရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အာဆီယံတို့အကြား လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်သွယ်မှုများမှာ ဆက်လက် တိုးတက်ဖြစ်ပေါ်နေကြောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဌာနမှ ပြောရေးဆိုခွင့်ရှိသူများက ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် နေ့တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ပါသည်။

ကွမ်းရှီးသည် ကြံသကြားထုတ်လုပ်မှုနှင့် ပိုးစာပိုးမွေးမြူမှုကဲ့သို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ အချို့တွင်လုပ်ငန်းများအသုံးပြုသည့်ပမာဏကို ဦးဆောင်ထုတ်လုပ်နိုင်သည့်ဒေသတစ်ခုဖြစ်ပါသည်။

၎င်းဒေသသည် အာဆီယံနိုင်ငံများကို တံခါးဖွင့်ပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ရှေ့တန်းနေရာတစ်ခုဖြစ်လာပြီး၊ အရည်အသွေးမြင့် ဟင်းသီးဟင်းရွက်နှင့် ဆန်အမျိုးအစားပေါင်း (၇၅၀) ကျော်ကို စိုက်ပျိုးရန် ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် ပူးပေါင်းဆောင်ရွက်ရေး စမ်းသပ်ဇုန် (၂၂) ခု တည်ထောင်ထားပြီး ဖြစ်ပါသည်။

ထို့ပြင် မလေးရှားနိုင်ငံနှင့် ဂေဟစနစ် လျော်ညီသည့် ပုစွန်မွေးမြူရေးနှင့် ဘရူနိုင်းနှင့် ဂေဟစနစ်လျော်ညီသည့် ကမာမွေးမြူရေးကဲ့သို့ ပို့ကုန်ကို ရှေးရှုသည့် ရေလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ထားပါသည်။

ကွမ်းရှီးဒေသသည် အာဆီယံ နိုင်ငံများနှင့် တရုတ်- ဗီယက်နမ်နယ်စပ် လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ သိပ္ပံနှင့်နည်းပညာ စင်္ကြံ၊ တရုတ်-လာအို သိပ္ပံနှင့်နည်းပညာ အခြေပြ သရုပ်ပြဇုန်၊ တရုတ် (ကွမ်ရှီး)-ကမ္ဘောဒီးယား (ဆီရမ်ရိ) လယ်ယာစိုက်ပျိုးရေးသိပ္ပံနှင့်နည်းပညာသရုပ်ပြဇုန်ကဲ့သို့သော လယ်ယာစိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဇုန်များကို ပူးတွဲတည်ထောင် ထားပါသည်။

ကွမ်းရှီးအစိုးရက ယခုနှစ်ဆန်းပိုင်းတွင် ထုတ်ပြန်ခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသများ ခေတ်မီလာစေရေး အရှိန်မြှင့်တင် ဆောင်ရွက်မည့် စာတမ်းအရ ရေလုပ်ငန်းမွေးမြူရေးကဏ္ဍအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေး အခြေပြု ဆောင်ရွက်မှုနှင့်အတူ တရုတ်နှင့် အာဆီယံတို့အကြား ခေတ်မီလယ်ယာစိုက်ပျိုးရေးဆိုင်ရာ သရုပ်ပြဇုန်များကို တည်ထောင်သွားမည်ဖြစ်ပါသည်။

ကွမ်းရှီးသည် အာဆီယံနိုင်ငံများနှင့် သာမက ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများနှင့်ပါ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဆက်သွယ်မှုများကို ပိုမို နက်ရှိုင်းစွာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Source: en.gxzf.gov.cn(19–8–2021), နန်နင်းမြို့ စီးပွားရေးသံမှူး

ကိုရိုနာဗိုင်းရပ်စ်ပိုးအမျိုးမျိုးမှ ကာကွယ်ပေးနိုင်သည့် ကာကွယ်ဆေးကို ထုတ်လုပ်ရန် သဲလွန်စများအား သုတေသီများရရှိထား

ကမ္ဘာတစ်ဝှမ်းတွင် လက်ရှိ ထုတ်လုပ်ထားသည့် ကာကွယ်ဆေးများ ထိရောက်မှု မရှိသည့် ကိုရိုနာဗိုင်းရပ်စ်ပိုး ဗီဇမျိုးကွဲအသစ်များပေါ်ထွက်လာကာ ကူးစက်မှုများ ထပ်မံဖြစ်ပွားလာသဖြင့် လူသားများ ကြောက်ရွံ့ထိတ်လန့်နေကြပါသည်။

ထိုအချိန်အတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုး အမျိုးမျိုးမှ ကာကွယ်ပေးနိုင်မည့် ကာကွယ်ဆေးကို ဖွံ့ဖြိုးထုတ်လုပ်ရန် အလားအလာများအား မကြာသေးမီက ထုတ်ပြန်ခဲ့သည့် လေ့လာမှုတွင် ဖော်ပြထားပါသည်။

စင်ကာပူအခြေစိုက် အရေးပေါ်ရောဂါ အထူးကုဖြစ်သူ Wang Linfa နှင့် ၎င်း၏အဖွဲ့က လွန်ခဲ့သည့်နှစ်ပေါင်း(၂၀)အတွင်း ရောဂါ ကူးစက်ခံရသူ (၈) ဦးအပေါ် သုတေသန ပြုလုပ်ခဲ့ပြီး မကြာသေးမီက နှစ်ကြိမ်ထိုးနှံရသည့် RNA ကိုဗစ်ကာကွယ်ဆေးကို ထိုးနှံပေးခဲ့ပါသည်။ ထို့နောက် ၎င်းတို့၏သွေးအတွင်း ဖြစ်ပေါ်လာသည့် ရောဂါကာကွယ်သော ပဋိပစ္စည်းများ (Antibodies) က SARS ရောဂါကို ဖြစ်ပွားစေသည့် SARS-CoV-2 နှင့် SARS-CoV တို့၏ အစောပိုင်းဗီဇများကို အာနိသင်ပျက်ပြယ်စေသည့် အလားအလာရှိကြောင်း တွေ့ရှိခဲ့ပါသည်။

ထို့ပြင် ၎င်းရောဂါပျက်ပြယ်စေသည့် ပဋိပစ္စည်းများမှာ SARS-CoV-2 ၏ မျိုးကွဲများဖြစ်သည့် အယ်လ်ဖာ၊ ဘီတာနှင့် ဒယ်လ်တာ မျိုးကွဲများကိုပါ ကောင်းစွာကာကွယ်နိုင်ကြောင်း နှင့် လူသားများကို ကူးစက်နိုင်သည့် အလားအလာရှိသော လင်းနို့များနှင့် သင်းခွေချပ်များတွင် တွေ့ရသည့် ကိုရိုနာဗိုင်းရပ်စ်နှင့် ဆက်နွယ်နေသည့် ဗိုင်းရပ်စပ် (၅) မျိုးကိုပါ တားဆီးနိုင်ကြောင်း တွေ့ရှိခဲ့ပါသည်။

အဆိုပါ လေ့လာမှုအရ SARS ရောဂါ ကူးစက်ခံရမှုမှ ပြန်လည်ကောင်းမွန်လာသူများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးနောက် SARS-CoV-2 မျိုးစိတ်အမျိုးမျိုးနှင့် လင်းနို့များနှင့် သင်းခွေချပ်များတွင် တွေ့ရသည့် ကိုရိုနာဗိုင်းရပ်စ်များကို တိုက်ထုတ်နိုင်သည့် စွမ်းအားကြီးသည့် ကိုယ်ခံအား အမျိုးအစားကို ထုတ်လုပ်နိုင်သည့် ပုံပေါ်ကြောင်း အကြံပြုတင်ပြထားပါသည်။ ၎င်းလေ့လာချက်ကို ဩဂုတ်လ ၁၈ ရက်နေ့တွင် ထုတ်ဝေသည့် The New England Journal of Medicine တွင် ဖော်ပြထားပါသည်။

SARS-CoV Sarbecovirus ၏ ဗီဇမျိုးကွဲ တစ်ခုဖြစ်ကာ၊ Betacoronavirus အနွယ်နှင့် Sarbecoronavirus အနွယ်ခွဲဖြစ်ပါသည်။ SARS နှင့် ဆက်နွယ်သည့် ကိုရိုနာဗိုင်းရပ်စ်များနှင့် ကိုရိုနာ ဗိုင်းရပ်စ်ပိုးများကို လင်းနို့များနှင့် သင်းခွေချပ်များတွင် တွေ့ရကာ၊ Sarbecovirus အနွယ်ဖြစ်ပါသည်။ ၎င်း Sarbecovirus များကို နို့တိုက်သတ္တဝါ အချို့တွင်တွေ့ရပြီး လူသားများထံ ကူးစက်နိုင်သည့် အလားအလာရှိပါသည်။ ၎င်း Sarbecovirus ကိုယ်တွင်းသို့ ဝင်ရောက်လာပါက angiotensin-converting enzyme 2 (ACE2) ဟုသိကြသည့် လူသားဆဲလ်များအတွင်း ၎င်း၏ဆူးများဖြင့် တွယ် ချိတ်ထားတတ်ပါသည်။

ကာကွယ်ဆေးအပြည့် ထိုးနှံထားပြီးသည့် ကိုဗစ်-၁၉

ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူများ၏ သွေး နမူနာများအရ ကိုယ်တွင်းမှ ပဋိပစ္စည်းများ၏ တုံ့ပြန်မှုအရ ထိုကဲ့သို့အလားအလာများ မရှိတော့ ဘဲ၊ ကာကွယ်နိုင်စွမ်း ကျယ်ပြန့်ကြောင်း တွေ့ရပါ သည်။ ထိုကဲ့သို့ ကျယ်ပြန့်သော ကာကွယ်နိုင်စွမ်း မြင့်လာခြင်းမှာ ကာကွယ်ဆေးက ကိုယ်ခံစွမ်းအား စနစ်၏ SARS ဗိုင်းရပ်စ် မှတ်ဉာဏ်ကို လှုံ့ဆော်ပေး သောကြောင့် ဖြစ်နိုင်ကြောင်း၊ SARS နည်းတူ အခြား Sarbecovirus များကိုလည်း ကာကွယ်ပေး နိုင်မည့် အလားအလာရှိကြောင်း သုတေသီများက အကြံပြုထားပါသည်။ သို့ရာတွင် အချိန်မည်မျှ ကြာကြာ ကိုယ်ခံစွမ်းအားက တုံ့ပြန်နိုင်မည် ဟူသည် ကို မူရှင်းလင်းစွာ သိရှိ ရခြင်းမရှိသေးပါ။ ထိုအချက် က ကာကွယ်ဆေးများကို ထုတ်လုပ်ရန် အဓိက ကျနေပါ သည်။

စင်ကာပူမှ အရေးပေါ် ရောဂါအထူးကု Wang Linfa သည် Sarbecovirus အမျိုးမျိုးကို ကာကွယ် နိုင်မည့် အလားအလာရှိသည့် ကာကွယ်ဆေးများ ထုတ်လုပ်နိုင်မည့်အပေါ် ရည်မှန်းချက်ထားကာ လုပ်ကိုင်ဆောင်ရွက်နေပြီး၊ ပိုမိုကျယ်ပြန့်သည့် လေ့လာမှုပြုလုပ်နိုင်ရန် ၂၀၀၂-၂၀၀၄ ခုနှစ်အတွင်း SARS ရောဂါပျံ့နှံ့ ဖြစ်ပွားခဲ့စဉ်က ရောဂါမှ ပြန်လည် ကောင်းမွန်လာသူများ ထပ်မံ ပူးပေါင်းပါဝင်လာရန် နှင့် အခြား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ထိုးနှံ၍ တုံ့ပြန်မှုကို စစ်ဆေးမှုခံယူရန် မျှော်လင့်နေကြောင်း သိရပါသည်။

Source : Newsgd.com (23-8-2021)

ချီလီနိုင်ငံ၏ မွေးကင်းစကလေး အစားအသောက်ဈေးကွက် ကြီးထွားလာရန် အခွင့်အလမ်းများ ရှိနေကြောင်း Austrade က ထုတ်ဖော်ပြောကြား

ချီလီနိုင်ငံ၏ မွေးကင်းစကလေး အစားအသောက်ဈေးကွက်သည်ကြီးထွားလာနိုင်သည့် အခွင့်အလမ်းများရှိကြောင်းနှင့် ဈေးကွက်တွင် ကုန်စည်ကွဲပြားစုံလင်မှု (Product Diversity) မရှိခြင်းကဲ့သို့စတေးလျ ပို့ကုန်လုပ်ငန်းရှင်များအတွက် ပို့ကုန်အခွင့်အလမ်းများကို ရရှိစေပါကြောင်း Austrade က ၂၄-စ-၂၀၂၁ ရက်နေ့ သတင်းထုတ်ပြန်ထားပါသည်။

ချီလီမွေးကင်းစကလေး အစားအသောက် ဈေးကွက်မှာ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၁ သန်းခန့် တန်ဖိုးရှိပြီး၊ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃၇ သန်း (၂၄ ရာခိုင်နှုန်း) အထိ တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ပြီးခဲ့သည့်ဆယ်စုနှစ်နှင့် နှိုင်းယှဉ်ပါက ချီလီနိုင်ငံ ဈေးကွက်တွင် မွေးကင်းစကလေး အစားအသောက် ရောင်းချမှုမှာ ၆၀ ရာခိုင်နှုန်း ကျော် တိုးတက်လာခြင်း ဖြစ်ပါသည်။

ချီလီနိုင်ငံ၏ မွေးကင်းစကလေး အစားအသောက် ပြည်တွင်းထုတ်လုပ်မှုမှာ နိုင်ငံလိုအပ်ချက်၏ ၉၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်သော်လည်း ဈေးကွက်တွင် ကုန်စည်ကွဲပြား စုံလင်မှုမရှိခြင်းကဲ့သို့ ပို့ကုန်တင်ပို့သူ အသစ်များအတွက် အခွင့်အလမ်းများဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ဈေးကွက် တန်ဖိုးတွင် ကလေးနို့မှုန့်က ၅၉ ရာခိုင်နှုန်း၊ နှံစားသီးနှံက ၂၅ ရာခိုင်နှုန်းနှင့် အစာအစိုက ၁၆ ရာခိုင်နှုန်း အသီးသီးရှိနေကြောင်း သိရှိရပါသည်။ ချီလီသည် မွေးကင်းစကလေး အစားအသောက်ကို နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၀ သန်းခန့် တင်သွင်းလျက်ရှိရာ ၉၀ ရာခိုင်နှုန်းမှာ နို့မှုန့်ဖြစ်ပြီး၊ ကျန် ၁၀ ရာခိုင်နှုန်းမှာ သုံးစွဲရန်အသင့် နှံစားသီးနှံနှင့် အစာအစိုတို့ ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ချီလီနိုင်ငံသည် မွေးကင်းစကလေး အစားအသောက်ကို မက္ကဆီကိုနိုင်ငံမှ ၅၃ ရာခိုင်နှုန်း၊ အိုင်ယာလန်နိုင်ငံမှ ၂ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံတို့မှ ၂ ရာခိုင်နှုန်း အသီးသီးတင်သွင်းခဲ့ပါသည်။

ချီလီနိုင်ငံ၏ မွေးကင်းစကလေး အစားအသောက် ဈေးကွက်မှာကြီးထွားလာမည့် အလားအလာရှိရာ စတေးလျ ပို့ကုန်တင်ပို့သူများအတွက် အခွင့်အလမ်းများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ စတေးလျ တင်ပို့သူများသည် ချီလီ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် အစားသောက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်အောင် ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ကုန်စည်အညွှန်းနှင့် အာဟာရပါဝင်မှု အဆင့်များ ဖော်ပြရန်လိုအပ်ကြောင်း၊ ထို့အပြင် နို့နှင့် နို့ထွက်ပစ္စည်းများအတွက် ထပ်တိုး ကုန်စည်အညွှန်း လိုအပ်ချက်များရှိကြောင်း၊ တင်သွင်းမည့် နို့မှုန့်အတွက် ချီလီလယ်ယာထွက်ကုန်နှင့် မွေးမြူရေးဝန်ဆောင်မှု၏ sanitary certificate မလိုအပ်သော်လည်း Certificate of Origin နှင့် Certificate of Free Sale တို့ လိုအပ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

ချီလီနိုင်ငံတွင် ကလေးနို့မှုန့် ဈေးကွက် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၃ သန်းရှိပြီး၊ တစ်ဦးလျှင် သုံးစွဲမှုကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာ ၁၅၃ ရှိရာ

တောင်အမေရိကန်နိုင်ငံများအနက် သုံးစွဲမှုအများဆုံး နိုင်ငံဖြစ်ပါသည်။ သုံးစွဲရန်အသင့် နှံစားသီးနှံထုတ်လုပ်မှုများမှာ ချီလီနိုင်ငံတွင် ရေပန်းစားလျက်ရှိပြီး၊ တစ်ဦးလျှင် သုံးစွဲမှုကုန်ကျ စရိတ်မှာ အမေရိကန်ဒေါ်လာ ၇၅ ဒေါ်လာ ရှိကြောင်း သိရှိရပါသည်။ ထုတ်ကုန်အများစုမှာ ဂျုံဖြင့် ပြုလုပ်ထားသော ထုတ်လုပ်မှုများဖြစ်ပြီး၊ ဆန်နှင့် အုတ်ဂျုံတို့ဖြင့် ပြုလုပ်ထားသော အစားအစာများလည်း ပါဝင်ပါသည်။ အစာအစိုစေးကွက်မှာလည်း အရေးကြီးသော စျေးကွက်အစိတ်အပိုင်းအဖြစ် မြင့်တင်လာပြီး၊ ရောင်းအားမှာလည်း အမေရိကန်ဒေါ်လာ ၃၁.၁ သန်းသို့ ရောက်ရှိနေပြီးဖြစ်ကာ တစ်ဦးလျှင်သုံးစွဲမှုကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာ ၄၂ ဒေါ်လာဖြစ်ကြောင်း သိရှိရပါသည်။

ဩစတြေးလျနိုင်ငံ၏ မွေးကင်းစကလေး အစားအသောက်များကို အများအားဖြင့် အရှေ့တောင်အာရှနိုင်ငံများသို့ အဓိကထား ရောင်းချလျက်ရှိပြီး၊ ၂၀၁၉ ခုနှစ်တွင် အမြင့်ဆုံးရောင်းချမှုအဖြစ် အမေရိကန်ဒေါ်လာ သန်း ၉၄၀ သို့ ရောက်ရှိခဲ့ပါသည်။ မိုးခေါင်မှု၊ ကိုဗစ်-၁၉ ရောဂါနှင့် ကုန်သွယ်မှုဆိုင်ရာ အနှောင့်အယှက်များကြောင့် ၂၀၂၀ ပြည့်နှစ်တွင် မွေးကင်းစကလေး အစားအသောက် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၉၈.၈ သန်းသို့ ကျဆင်းခဲ့ပြီး၊ စာရင်းအင်းများအရ ၂၀၂၁ ခုနှစ်တွင်လည်း တင်ပို့မှုမှာ ကျဆင်းလျက်ရှိပါသည်။

ဩစတြေးလျ-ချီလီ ကုန်သွယ်ရေး သဘောတူစာချုပ်အရ ဩတြေးလျ မွေးကင်းစကလေး အစားအသောက်တင်သွင်းမှုအတွက် သွင်းကုန်အခွန်နှုန်းမှာ သုညရာခိုင်နှုန်းဖြစ်သော်လည်း ချီလီနိုင်ငံ၏ လွတ်လပ်သော ကုန်သွယ်မှုမှာ ကျယ်ပြန့်သည်ဖြစ်ရာ မကွာဆီကို၊ အမေရိကန်နှင့် အီးယူနိုင်ငံတို့နှင့်လည်း သုညရာခိုင်နှုန်းဖြစ်သည့်အတွက် ချီလီနိုင်ငံ စျေးကွက်မှာ ဩစတြေးလျနိုင်ငံအတွက် ယှဉ်ပြိုင်မှုမြင့်မားသော စျေးကွက်အဖြစ် ရှိနေပါသည်။ သို့သော် စျေးကွက်တွင် ထုတ်ကုန်အမျိုးအစား ကွဲပြားစုံလင်မှု မရှိခြင်းက ဩစတြေးလျနိုင်ငံအတွက် ပို့ကုန်အခွင့်အလမ်းများကို ဖြစ်ပေါ်စေကြောင်း သိရှိရပါသည်။

ဩစတြေးလျ အစိုးရသည် အော်ဂင်းနစ် ထုတ်ကုန်စနစ်အတွက် အပြန်အလှန် အသိအမှတ်ပြု သဘောတူညီချက်ကို ချီလီနိုင်ငံနှင့် စေ့စပ်ညှိနှိုင်းလျက်ရှိပြီး၊ အဆိုပါ သဘောတူညီချက်က ဩစတြေးလျအတည်ပြု အော်ဂင်းနစ် ထုတ်ကုန်များအတွက် ချီလီအစိုးရ၏ တရားဝင်အတည်ပြုချက် မလိုအပ်ဘဲ ချီလီနိုင်ငံ စျေးကွက်တွင် ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: Austrade

တရုတ်၏ တန်ပြန်စုပုံတင်သွင်းခွင့်ကြောင့် ဩစတြေးလျဝိုင်အပေါ် သက်ရောက်မှု

တရုတ် နိုင်ငံက ဩစတြေးလျဝိုင် (HS 2204.21.00) အပေါ် တန်ပြန်စုပုံတင်သွင်းခွန်ကို ၁၁၆.၂ ရာခိုင်နှုန်း မှ ၂၁၈ ရာခိုင်နှုန်း အကြား ၂၈-၃-၂၀၂၁ ရက်နေ့မှ စတင်ကာ (၅) နှစ်အကြာ ကောက်ခံသွားမည် ဖြစ်ကြောင်း ၂၆-၃-၂၀၂၁ ရက် နေ့က ကြေညာခဲ့ပါသည်။ ဩစတြေးလျနိုင်ငံသည် ဝိုင်ကို ကမ္ဘာအနှံ့ရှိ ဈေးကွက်ပေါင်း တစ်ရာကျော်သို့ တင်ပို့လျက်ရှိပြီး၊ အဓိကဈေးကွက် (၅) ခုမှာ ကနေဒါ၊ တရုတ်၊ ဟောင်ကောင်၊ ယူကေနှင့် အမေရိကန် နိုင်ငံတို့ ဖြစ်ကြပါသည်။ အဆိုပါ ဈေးကွက် (၅) ခုသို့ ဝိုင်တင်ပို့မှု စုစုပေါင်းပမာဏ၏ ၇၅ ရာခိုင်နှုန်းကို တင်ပို့လျက်ပြီး၊ တန်ဖိုးအားဖြင့် စုစုပေါင်း တင်ပို့မှု ၏ ၇၇ ရာခိုင်နှုန်းကို တင်ပို့လျက်ရှိပါသည်။

ဩစတြေးလျနိုင်ငံသည် ကမ္ဘာတွင် ဆဋ္ဌမမြောက် အကြီးဆုံး ဝိုင်ထုတ်လုပ်သူဖြစ်ပြီး၊ ပြည်နယ်တိုင်းတွင် စပျစ်ခြံများစွာ ရှိပါသည်။ ဝိုင် ထုတ်လုပ်မှု ကဏ္ဍမှာနိုင်ငံ၏ ပဉ္စမမြောက်အကြီးဆုံး လယ်ယာထွက်ကုန် ထုတ်လုပ်မှုကဏ္ဍအဖြစ် ရပ်တည်လျက် ရှိပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဝိုင်လီတာပေါင်း ၁.၂ ဘီလီယံခန့် ထုတ်လုပ်နိုင်ခဲ့ရာ Red Wine လီတာ ၆၈၅ မီလီယံနှင့် White Wine လီတာ ၁၄ မီလီယံ အသီးသီးထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံ၏ ဝိုင်ထုတ်လုပ်မှုစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ပြည်ပဈေးကွက်များသို့ တင်ပို့ခဲ့ပြီး၊ ၄၀ ရာခိုင်နှုန်းမှာ ပြည်တွင်းသုံးစွဲခဲ့ခြင်း ဖြစ်ပါသည်။

အဓိကဈေးကွက် (၅) ခုအနက် တရုတ်နိုင်ငံသို့ တင်ပို့မှုတန်ဖိုးမှာ အများဆုံးဖြစ်ပြီး၊ တင်ပို့မှု စုစုပေါင်း ၃၃ ရာခိုင်နှုန်း ရှိပါသည်။ တင်ပို့မှုပမာဏအား ဖြင့် ယူကေနှင့် အမေရိကန်နိုင်ငံပြီးပါက ၁၃ ရာခိုင်နှုန်း ဖြင့် တတိယနေရာတွင် ရှိနေပါသည်။ သို့သော်လည်း ဝိုင်ပုလင်းတင်ပို့မှုတွင် တရုတ်နိုင်ငံ၏ ပို့ကုန်ဝေစုမှာ ၄၀ ရာခိုင်နှုန်းဖြင့် တန်ဖိုးအများဆုံး ဈေးကွက်ဖြစ်ပြီး၊ တင်ပို့မှု ပမာဏ ၂၄ ရာခိုင်နှုန်းဖြင့် ဒုတိယ အများဆုံး ဈေးကွက်ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံသည် ဝိုင် ပုလင်းများကို တရုတ်နိုင်ငံပြီးပါက ဟောင်ကောင်၊ မလေးရှား၊ စင်္ကာပူနှင့်ယူအေအီးနိုင်ငံများသို့ အများဆုံး တင်ပို့လျက် ရှိပါသည်။

တရုတ်နှင့် ဩစတြေးလျ နိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူစာချုပ် (China- Australia Free Trade Agreement- ChAFTA) အရ ဩစတြေး လျဝိုင်တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းကို သဘော တူစာချုပ် သက်ဝင်သည့်နေ့မှစ၍ အဆင့်လိုက်လျှော့ချ ခဲ့ရာ ၁-၁-၂၀၁၉ ရက်နေ့တွင် သုညရာခိုင်နှုန်းသို့ ရောက်ရှိ ခဲ့ပါသည်။ အကောက်ခွန်နှုန်း သုညရာခိုင်နှုန်းသို့ ရောက်ရှိ မှုကြောင့် ဝိုင်ပုလင်းတင်ပို့မှု ဈေးကွက်ဝေစုတန်ဖိုးမှာ ၂၀၁၈ ခုနှစ်တွင် ၂၈ ရာခိုင်နှုန်း မှ ၂၀၁၉ ခုနှစ်တွင် ၃၇ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ပါသည်။

ယင်းကဲ့သို့ တန်ပြန်စုပုံ တင်သွင်းခွန် ကောက်ခံမှု ကြောင့် ဩစတြေးလျ ဝိုင်ပုလင်းများသည် တရုတ်ဈေး ကွက်သို့ ယခင်ကဲ့သို့ အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်ခွင့်မရရှိတော့သည့်အပြင် ပုံမှန်အကောက်ခွန် နှုန်း MFN Rate ၁၄ ရာခိုင်နှုန်းထက် မြင့်မားသည့် ပျမ်းမျှအားဖြင့် ၁၆၇ ရာခိုင်နှုန်းရှိသည့် Ant-dumping Duty ကို ရင်ဆိုင်ရလျက် ရှိပါသည်။ တရုတ်၏ တန်ပြန်

စုပုံတင်သွင်းခွန်ကြောင့် ဩစတြေးလျဝိုင်ပုလင်းတင်ပို့မှုအပေါ် ဖြစ်ပေါ်လာသည့် သက်ရောက်မှုမှာ ဈေးကွက်သစ်ရှာဖွေရန် လိုအပ်ချက်ကြောင့် ကာလလယ် သက်ရောက်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပါသည်။ ခန့်မှန်းချက်များအရ တရုတ်ဈေးကွက် အစားထိုးနိုင်ရန် ထုတ်လုပ်မှုကဏ္ဍအနေဖြင့် အချိန်တိုအတွင်း အခြားဈေးကွက်များသို့ ဝိုင်ပမာဏ အနည်းငယ်သာ တင်ပို့နိုင်ဖွယ် ရှိနေပါသည်။ တရုတ်နိုင်ငံ၏ တန်ပြန်စုပုံတင်သွင်းခွန်ကြောင့် ထုတ်လုပ်သူများနှင့် တင်ပို့သူများသည် ပြောင်းလဲလာသည့် ကုန်သွယ်ရေးအခြေအနေများနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ရမည်ဖြစ်သည်။ စပျစ်ဝိုင် စိုက်ပျိုးသူများကလည်း စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ပြောင်းလဲသွားနိုင်သကဲ့သို့ ဝိုင်ထုတ်လုပ်သူများ ကလည်း ထုတ်လုပ်မှုပုံစံ ပြောင်းလဲသွားနိုင်ပြီး၊ တင်ပို့သူများကလည်း အခြားဈေးကွက်သို့ ပြောင်းလဲတင်ပို့နိုင်မည့် အနေအထားများကို ရောက်ရှိနေပါသည်။ ဩစတြေးလျနိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် အစားအသောက် ထုတ်လုပ်မှုကဏ္ဍမှာ ၂၀၂၅ တွင် ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၆၅ သန်း လျော့ကျသွားနိုင်ကြောင်း ခန့်မှန်းထားပါသည်။

Source: www.agriculture.gov.au

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ တန်ဖိုးကြီးမားသည့် အနက်ရောင်မြေဆီလွှာကို ကာကွယ်ရန်

တရုတ်နိုင်ငံသည် ၎င်း၏ (၁၄) ကြိမ်မြောက် ငါးနှစ် စီမံကိန်းကာလ (၂၀၂၁-၂၀၂၅) အတွင်း အနက်ရောင်မြေဆီလွှာ ဟက်တာ ၆.၆၇ သန်းကို ကာကွယ်ရေးလုပ်ငန်းအား အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကာ မြေဆီလွှာတွင် အော်ဂဲနစ်ပစ္စည်းများပါဝင်မှုကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်လျက်၊ လယ်ယာမြေ အရည်အသွေးကို တိုးတက်စေရေး ပြုလုပ်သွားမည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနနှင့် အခြားဌာန (၆) ခုတို့မှ မကြာသေးမီက ထုတ်ပြန်ခဲ့သော စီမံကိန်းတွင် ဖော်ပြထားပါသည်။

အနက်ရောင် မြေဆီလွှာသည် ကမ္ဘာပေါ်တွင် မြေဩဇာ အကြွယ်ဝဆုံး မြေဆီလွှာအဖြစ် အသိအမှတ်ပြုခြင်းခံရကာ၊ သဘာဝ အခြေအနေများအောက်တွင် အနက်ရောင်မြေဆီလွှာ (၁) စင်တီမီတာထုထည် ဖြစ်ပေါ်လာစေရန် နှစ်ပေါင်း (၂၀၀) မှ (၄၀၀) အထိ ကြာမြင့်သည်ဟု တရုတ်သိပ္ပံအကယ်ဒမီက ပြီးခဲ့သည့်လအတွင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ စတုရန်း ကီလိုမီတာ ၁.၀၉ သန်း ကျယ်ဝန်းသည့် ဒေသသည် ကမ္ဘာပေါ်တွင် အနက်ရောင်မြေဆီလွှာ အဓိကရှိသည့်ဒေသကြီး (၄) ခုအနက်တစ်ခုအဖြစ် အပါအဝင် ဖြစ်ကာ၊ တရုတ်နိုင်ငံတွင် မြေဩဇာအကောင်းဆုံး နေရာတစ်နေရာလည်း ဖြစ်ပါသည်။ ၎င်းဒေသတွင် စိုက်ပျိုးသည့် ကောက်ပဲသီးနှံများ၏ ထွက်ရှိမှုမှာ တရုတ်တစ်နိုင်ငံလုံးမှ ထွက်ရှိမှု၏ လေးပုံတစ်ပုံခန့် ရှိပါသည်။

သို့ရာတွင် ယခုနောက်ပိုင်း၌ သီးနှံထွန်ယက် စိုက်ပျိုးမှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် တရုတ် အရှေ့မြောက်ပိုင်းရှိ အနက်ရောင် မြေဆီလွှာမှာ ပါးလွှာလာခြင်း၊ ဇီဝိယာကျဉ်း မြောင်းလာခြင်းနှင့် မာကြောလာခြင်းစသည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့လာပါသည်။

အချို့နေရာများတွင် မြေဆီလွှာအတွင်း အော်ဂဲနစ်ပစ္စည်းများ ပါဝင်မှု သုံးပုံတစ်ပုံမှ ထက်ဝက်ခန့်အထိ ကျဆင်းလာခြင်း၊ မြေဆီလွှာအတွင်း ရေသိုလှောင်နိုင်စွမ်း ကျဆင်းလာခြင်းအပြင်၊ မြေဆီလွှာအထူ (၂၀) စင်တီမီတာအောက် လျော့နည်းလာကာ တစ်နှစ်လျှင် (၁) မီလီမီတာမှ (၂) မီလီမီတာအကြား ပါးလွှာလာခြင်းတို့ ဖြစ်ပွားလာပါသည်။

အရှေ့မြောက်ပိုင်းတွင် ရာသီဥတုမှာ အေးလွန်းပြီး၊ မြေဆီလွှာမှာ လေနှင့် ရေတို့၏ တိုက်စားမှုကြောင့် ထိခိုက်ပျက်စီးလွယ်လာပါသည်။

ထိုအခြေအနေတွင် ကျိလင်ပြည်နယ်၊ စစ်ပင်း၊ လီရှူစီရင်စုတွင် အနက်ရောင်မြေဆီလွှာ အရည်အသွေးကို တိုးတက်လာစေရေးအတွက် ပြောင်းဖူးပင်များမှ ထွက်သည့် ကောက်ရိုးစများဖြင့် ဖုံးအုပ်ထားသည့် နည်းလမ်းမှာ ထိရောက်စွာ ထိန်းသိမ်းထားနိုင်သည်ကို တွေ့ရှိခဲ့ကြပြီး၊ ၎င်းနည်းလမ်းကို လီရှူစံပုံစံဟုလူသိများလာကြပါသည်။ ပြီးခဲ့သည့်နှစ် ဇွန်လအတွင်း တရုတ်သမ္မတ၏ စစ်ပင်းသို့ ခရီးစဉ်အတွင်း အဆိုပါ လီရှူစံပုံစံကို မြှင့်တင်ဆောင်ရွက်သင့်သည်ဟု ပြောကြားခဲ့ပါသည်။

၎င်းစီရင်စုတွင် လယ်ယာစိုက်ပျိုးရေး နည်းပညာ ကို ကြီးကြပ်သည့် အရာရှိဖြစ်သူ Wang Guiman က မြေကြီးကို ကောက်ရိုးဖြင့် ဖုံးလွှမ်းထားကာ ထွန်ယက်သည့် နည်းလမ်းမသုံးဘဲ စိုက်ပျိုးခြင်းမှာ သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီသည့် နည်းပညာ၏ တစ်ရပ်ဖြစ်ကာ၊ မြေဆီလွှာ အစိုဓာတ်ကို ထိန်းသိမ်းပေးခြင်း၊ ရေနှင့်လေ တိုက်စားမှုများမှ ကာကွယ်ပေးခြင်း၊ မြေဩဇာ ပိုမိုကြွယ်ဝစေခြင်း၊ ထွန်ယက်

စိုက်ပျိုးရမှုကို လျော့ချပေးခြင်းနှင့် ငွေကုန်သက်သာခြင်းစသည့် အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေကြောင်း၊ လီရှူစံ ပုံစံဟူသည်မှာ အနက်ရောင်မြေဆီလွှာကို ကောက်ရိုးစောင် ခြုံပေးသည်နှင့် အလားသဏ္ဌာန်တူကြောင်း မှတ်ချက်ပြု ပြောကြားပါသည်။

၎င်း၏ ပြောကြားချက်အရ ထွန်ယက်စိုက် ပျိုးမှုမပြုခြင်းက မြေဆီလွှာဆုံးရှုံးမှုကို ပျမ်းမျှ ၈၀ ရာခိုင်နှုန်းခန့် လျော့ချပေးနိုင်ကာ၊ မြေဆီလွှာ အတွင်းရေသိုလှောင်မှုစွမ်းရည်ကို တိုးတက်စေလျက်၊ သီးနှံများအား မိုးခေါင်မှုဒဏ်မှ ပိုမိုခံနိုင်ရည်ရှိစေကြောင်း သိရပါသည်။

၎င်းနည်းလမ်းကို ပိုမို အသုံးပြုလာကြစေရန် ဒေသခံ လယ်ယာစိုက်ပျိုးရေး သမဝါယမများနှင့် အဖွဲ့များဖွဲ့စည်း၍ သရုပ်ပြသသည့် အခြေစိုက် နေရာများကို စီရင်စုက ဖွဲ့စည်းတည်ထောင်ထားကာ၊ ထိုနည်းလမ်းကို အသုံးပြုသည့် လယ်ယာမြေများအတွက် တစ်ဟက်တာလျှင် ယွမ်ငွေ ၇၅၀ (အမေရိကန် ဒေါ်လာ ၁၁၆ ဒေါ်လာ) ထောက်ပံ့ပေးလျက် လက်တွေ့တွင် တွင်တွင်ကျယ်ကျယ် ကျင့်သုံးလာစေရေး အားပေးလျက်ရှိပါသည်။

အနက်ရောင်မြေဆီလွှာများတွင် ဖုံးလွှမ်းသည့် ပြောင်းဖူးကောက်ရိုးများ လုံလောက်စွာ ရရှိစေရန် ပြောင်းထုတ်လုပ်မှု ပိုမိုများပြားလာစေရေး မြှင့်တင်ဆောင်ရွက်လျက်ရှိကာ၊ အပင်ကာကွယ်ရေး ဒရုန်းယာဉ်များကို အသုံးပြုလျက် ပေါင်းပင်များကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟုသိရပါသည်။

သို့ရာတွင် တရုတ်နိုင်ငံအနေဖြင့် ကောက်ရိုးများကို ဇီဝဗေဒနည်းလမ်းဆိုင်ရာ ထိန်းသိမ်းပေးမှုများ၊ မြေဩဇာကြွယ်ဝလာစေရေး နည်းပညာများ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စက်များနှင့် မြေဆီလွှာစောင့်ကြည့်ထိန်းကျောင်းရေးစသည်တို့တွင် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများ မြှင့်တင် ဆောင်ရွက်ရန် လိုအပ် နေဆဲဖြစ်ပါသည်။

နောင်လာမည့် (၅)နှစ်အတွင်း မြေဆီလွှာ တိုက်စားမှုထိန်းချုပ်ရေး၊ လယ်ယာမြေ အခြေခံ အဆောက်အအုံတည်ဆောက်ရေး၊ မြေဆီလွှာ ပြည့်ဝသည့်စိုက်ပျိုးရေး အလွှာတစ်လွှာ ပြုစုပျိုးထောင် ရေးနှင့် လယ်ယာမြေ အရည်အသွေးကို အကဲဖြတ် စောင့်ကြည့် ထိန်းကျောင်းရေးတို့အပေါ် အလေးထား ဆောင်ရွက်သွားမည်ဟု သိရပါသည်။

၂၀၂၅ ခုနှစ်အကုန်ပိုင်းတွင် တရုတ်အရှေ့ မြောက်ပိုင်းရှိ အနက်ရောင် မြေဆီလွှာအပေါ်တွင် အရည်အသွေးမြင့် လယ်ယာမြေ ဟက်တာ ၃.၃ သန်း ရှိလာပြီး၊ ခြောက်သွေ့သည့် မြေ၏အပေါ်တွင် စင်တီမီတာ ၃၀ အထူရှိသည့် စိုက်ပျိုးနိုင်သော မြေလွှာတစ်လွှာ ဖြစ်ပေါ်လာမည်ဟု စီမံကိန်းအရ မျှော်မှန်းထားပါသည်။ ထို့ပြင် အနက်ရောင်မြေဆီလွှာ ကာကွယ်ရေးတွင် ပါဝင်နေသည့် ကဏ္ဍများ၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန်နှင့် အဆင့်မြင့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သရုပ်ပြသမှုများအား မြှင့်တင်ဆောင်ရွက်သွားရန်လည်း တရုတ်နိုင်ငံ၏ စီမံကိန်းတွင် ဖော်ပြထားပါသည်။

Source: China Daily (12–8–2021)

ကမ္ဘာ့ထိပ်တန်းဝင် တီထွင်ဆန်းသစ်မှုအရှိဆုံး ကုမ္ပဏီအနု (၅၀) အနက် ကုမ္ပဏီ (၄၈) ခုက ဩစတြေးလျနိုင်ငံတွင် တည်ရှိ

Boston Consulting Group ၏ ထိပ်တန်း တီထွင်ဆန်းသစ်မှုအရှိဆုံးကုမ္ပဏီ၅၀ အနက်မှ၄၈ ခု သည် ဩစတြေးလျနိုင်ငံတွင်လုပ်ငန်း လည်ပတ် လျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ ကုမ္ပဏီများ သည် အားဖြည့်ပစ္စည်းများထုတ်လုပ်ခြင်း၊ ပြန်လည် ပြည့်ဖြိုးမြဲ ဟိုက်ဒရိုဂျင်နည်းပညာ၊ cloud super-computing နှင့် အခြားနယ်ပယ်များတွင်သုတေသန ပြုလုပ်ရန်ဩစတြေးလျအဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ အဆင့်မြင့်ထုတ်လုပ်မှု နယ်ပယ်တွင် General Electric သည် ဆစ်ဒနီ တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်၍ သတ္တုထည့် သွင်း ထုတ်လုပ်မှု နည်းပညာတွင် ဩစတြေးလျ နိုင်ငံ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်ပြီး၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များအတွက် အဆင့် မြင့်သတ္တုစပ် ဒီဇိုင်းနှင့် အသုံးချမှုများကို လေ့ကျင့် ပေးနိုင်မည် ဖြစ်သည့်အပြင် အသေးစားနှင့် အလတ် စားလုပ် ငန်းများအတွက် ပျိုးထောင်မှု တစ်ခုပါ ဖြစ်လာကြောင်း သိရှိရပါသည်။

လယ်ယာ စိုက်ပျိုးရေး နည်းပညာပိုင်းတွင် Bosch သည် Monash University နှင့် ပူးပေါင်း၍ ဩစတြေးလျနိုင်ငံ၏ ပထမဦးဆုံးသော Smart Agriculture Research Facility ကို ဆောင်ရွက် လျက်ရှိပြီး၊ ယင်းတွင်ထောက်လှမ်းမှု၊ အလိုအ လျောက်လုပ်ဆောင်မှု၊ စက်ရုပ်နှင့် အဆင့်မြင့်အာရုံ ခံ နည်းပညာဖြေရှင်းမှုများ အစရှိသည်တို့ ပါဝင် ကြောင်း သိရှိရပါသည်။

စွမ်းအင်ကဏ္ဍတွင် Hyundai သည် Fortescue, CSIRO တို့နှင့်ပူးပေါင်း၍ ပြန်လည်ပြည့်ဖြိုးမြဲ ဟိုက်ဒရို ဂျင်နည်းပညာကို ဖော်ထုတ် ဆောင်ရွက်လျက်ရှိပြီး၊ ကျန်း မာရေးစောင့်ရှောက်မှု ကဏ္ဍတွင် Johnson & Johnson သည် ဆန်းသစ်သော ဆေးဝါးများ၊ ဆေး ပစ္စည်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဖြေရှင်းနည်းများ ကို တီထွင်လျက်ရှိပါသည်။ နည်း ပညာပိုင်းတွင် Amazon Web Services နှင့် Intel တို့သည် AARNET နှင့် ပူးပေါင်း၍ ဩစတြေးလျနိုင်ငံ၏ ပထမဦးဆုံးသော Cloud Supercomputing Facility ကို တည်ထောင် လျက်ရှိပြီး၊ အဆင့်မြင့်ဒေတာနည်းစနစ်နှင့် တွက်ထုတ် ခြင်းတို့ကို အဓိကဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါ သည်။

Source: Austrade၊ ဩစတြေးလျစီးပွားရေးသံမှူး။

Ten disruptive property trends emerge

Covid-19 has catalysed and accelerated a great disruption in the property market which was expected to take place over the next five to 10 years, but will now arrive sooner.

There are 10 disruptive trends that will challenge the property market in 2022 and beyond, according to Jugkarut Ruangratanakorn, managing director of Chon Buri-based property developer Ratanakorn Asset Co:

1.National, economic, social and population structure

Thailand's GDP growth has been lower than its potential for several years because its population growth is low. There are also no new resources, no foreign direct investments, no new economy nor 5.0 industry to help boost economic growth.

Thailand is also becoming an ageing society with a rising number of senior citizens, yet a declining birth rate. The size of the average family is getting smaller, with a lower marriage rate and a higher number of single people.

As a result, there will be no need to have a new home for a family. The new generation prefers renting and moving to newer ones. Thailand is becoming a society of low birth rates with growing numbers of senior citizens. This will influence the property market.

2. Debt burden and attitude towards assets

Thai people are getting into debt faster and deeper at a younger age. The household debt ratio is currently at 93%.

Most debts come from consumption and education, not from business or property ownership. Those who have debts without holding any assets cannot build wealth.

Despite capitalism, most local people do not understand wealth and how to create it. They want lifestyles and spend largely on consumption, but are not interested in holding assets.

The pandemic has inflated assets around the world. Governments have been using quantitative easing (QE) to support the economy. This does not create a real sector, real demand or real productivity, but increases the value of assets.

For the new generation, assets and property are a long-term burden, not wealth. With the Internet of Things, they can work from anywhere and stay anywhere. They think of working mobility and residential relocation as an easier way to live, so they do not need to buy a home.

With rising costs of living, saving money for property purchases is also harder.

3. Lifestyle and experience

The new generation focuses on lifestyle and experiences rather than holding assets permanently.

In the future, there will be two tribes: those who understand wealth creation will be a payee, and those who understand lifestyle will be a payer. Most people will be a payer and very few will be a payee.

4. House is one of the four requisites

The importance of owning a house will come after consumption, health and wellness, lifestyle, entertainment, travel, education, mobile phone and car. People have a perception that a home

is a lifetime debt with payments of 30-35 years.

5. Rent and buy

Renting will replace buying due to the convenience of moving, smaller family sizes, and different costs without debt and obligations. Buying a home with a mortgage loan means buyers must carry a long-term burden, while income growth is insecure amid a sluggish economy.

Even though a monthly payment for a home loan is the same amount as that for a rental home, some people still prefer renting as it has no long-term commitment.

6. Land and building tax

The land and building tax will impose a burden on property owners and dampen the purchasing power of those wanting to invest in property in the long run. The higher the cost of property ownership is, the higher the price of property will be.

7. Property development regulations

The regulations related to property development will raise costs of development. As a result, development and land costs and household debts get higher against a slowdown in economic growth, population growth, and purchasing power growth. This problem will become more severe.

8.Property versus other financial innovations

Property is disrupted by digital assets, cryptocurrency, tokenisation, real estate investment trusts (REIT), mutual funds, the equity market and bond market. With these financial innovations, property ownership is no longer held by a single owner.

Property investment in the future will be the holding of a unit trust, not a right of ownership any more. Those who understand this concept and opt for these financial innovations can define the next era of property.

9. Location is not a final answer

Despite a good location, a project could still fail because its product, price, design and development do not meet consumer needs.

Market trends and consumer behaviours see a rapid change as each generation has different preferences for property purchases. The factor that defines a good location consistently changes according to each generation's mindset. The shorter generation gap also means those trends will move faster.

For example, family tradition in the past saw the favourite children inheriting land for agriculture, while the least favorite children got beachfront land. But nowadays, the expensive plots are the latter. To sum up, location is the choice of each era.

10. Sharing economy and co-property

With co-living spaces, co-working spaces, multipurpose spaces, timeshare and exchange programmes, and people will have more sharing choices instead of just owning a property.

Source : https://www.bangkokpost.com/business/2197579/ten-disruptive-property-trends-emerge

၂၀၂၁ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအခြေအနေ

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ တရုတ်နိုင်ငံသို့ ပြည်ပနိုင်ငံများမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ တရုတ်ယွမ်ငွေ (၆၇၂.၁၉) ဘီလီယံ ဝင်ရောက်လာခဲ့ကြောင်း၊ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်၊ ကာလတူကထက် (၂၅.၅) ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ စတင်ကူးစက်ပျံ့နှံ့ခြင်း မရှိသေးသည့် ၂၀၁၉ ခုနှစ်၊ ကာလတူနှင့် နှိုင်းယှဉ်ပါက (၂၆.၁) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အဆိုပါ ကာလအတွင်း နိုင်ငံအတွင်းရှိ ဝန်ဆောင်မှုလုပ်ငန်းများသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ၊ တရုတ်ယွမ်ငွေ (၅၃၅.၅၇) ဘီလီယံ စီးဝင်ခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်၊ ကာလတူကထက် (၂၉.၂) ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတွင် (၇၉.၇) ရာခိုင်နှုန်း ပါဝင်လျက်ရှိကြောင်း၊ အလားတူပင် လက်လီ/ လက်ကားရောင်းချသည့် လုပ်ငန်းများ၊ သိပ္ပံဆိုင်ရာလေ့လာသုတေသနပြုသည့်လုပ်ငန်းများ၊ နည်းပညာဝန်ဆောင်မှု လုပ်ငန်းများ၊ သတင်းအချက်အလက်၊ နည်းပညာဝန်ဆောင်မှုလုပ်ငန်းများသို့ ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုများသည် (၆၉.၃) ရာခိုင်နှုန်း၊ (၄၉.၂) ရာခိုင်နှုန်းနှင့် (၂၉.၁) ရာခိုင်နှုန်းအသီးသီး မြင့်တက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံအတွင်းသို့ ရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်း ဆောင်ရွက်မှုစီမံကိန်း အဖွဲ့ဝင်နိုင်ငံများနှင့် အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများသည် လည်း (၄၆.၃) ရာခိုင်နှုန်းအသီးသီး မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပကုန်သွယ်မှု

တရုတ်နိုင်ငံ၊ အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့မှ တရားဝင်ထုတ်ပြန် ကြေညာခဲ့သည့် အချက်အလက်များအရ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း တရုတ်နိုင်ငံသည် ပြည်ပနိုင်ငံများ နှင့်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၃.၂၉) ထရီလီယံ ရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်၊ ကာလတူကထက် (၂၄.၅) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အဆိုပါပမာဏသည် တရုတ်နိုင်ငံ၌ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားခြင်း မရှိသေးသည့် ၂၀၁၉ ခုနှစ် ကထက် ကျော်လွန်ရောက်ရှိခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအတွင်း၌ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှု ပမာဏ တရုတ်ယွမ်ငွေ (၃.၂၇) ထရီလီယံ ရရှိခဲ့ရာပြီးခဲ့သည့်နှစ်၊ ကာလတူကထက် (၁၁.၅) ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ နိုင်ငံခြား ကုန်သွယ်မှုသည် (၁၄) လဆက်တိုက် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ပမာဏသည် ၂၀၂၁ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ပါက (၀.၈) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ထိုကဲ့သို့ ကျဆင်းခြင်းသည် ကမ္ဘာ့နိုင်ငံအများစု၌ ကမ္ဘာ့ကပ်ရောဂါ ပြန်လည်ဖြစ်ပွားလာခြင်းကြောင့် ကမ္ဘာ့စီးပွားရေး နလန်ထူလာနိုင်ရန် မသေချာမှုများ ဖြစ်ပေါ်လာသည့်အတွက် တရုတ်နိုင်ငံ၏ တင်ပို့မှုအပေါ်ဖိအားများ မြင့်တက်လျက်ရှိကြောင်း၊ ထုတ်လုပ်ရေးလုပ်ငန်းများ အဓိက လုပ်ဆောင်လျက်ရှိသည့် အရှေ့တောင်အာရှ နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့တွင် တစ်ကျော့ပြန် ဖြစ်ပွားလျက်ရှိသည့် ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်ခြင်းခံခဲ့ရသည့်အတွက် ဆိပ်ကမ်းများတွင် စုပုံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အလားတူပင် အခြားကမ္ဘာ့

နိုင်ငံများတွင် ကာကွယ်ဆေးထိုးနှံနိုင်မှု မြင့်တက်လာခြင်း၊ ထုတ်လုပ်မှုများ ပြန်လည်မြင့် တက်လာခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ ထုတ်လုပ်နိုင်စွမ်းအပေါ် မှီခိုမှုများ လျော့နည်းကျဆင်းလာခဲ့ကြောင်း၊ တရုတ်နိုင်ငံရှိ ပုဂ္ဂလိကလုပ်ငန်းများမှ တင်ပို့/ တင်သွင်းမှုများသည် စုစုပေါင်း ကုန်သွယ်မှုတွင် (၄၇.၉) ရာခိုင်နှုန်းပါဝင်လျက်ရှိပြီး ၂၀၂၁ ခုနှစ်၊ ပထမ(၇)လတာကာလအတွင်း ကုန်သွယ်မှုသည် ပြီးခဲ့သည့်နှစ်၊ ကာလတူကထက် (၃၁) ရာခိုင်နှုန်းမြင့် တက်လာခဲ့ကြောင်းသိရှိရပါသည်။

Source: http://www.chinadaily.com.cn/a/202108/12/WS6114845fa310efa1bd668559.html

Source: https://www.globaltimes.cn/page/202108/1231410.shtml

ပြည်ပကုန်သွယ်မှု ဆက်လက်တိုးတက်စေရန် လိုအပ်သည့်မူဝါဒများဖြင့် ထိန်းညှိ ဆောင်ရွက်သွားမည့် အခြေအနေများ

တရုတ်နိုင်ငံသည် လာမည့်နှစ်အတွင်း၌ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ဝါးစွာ ကျဆင်းနိုင်ဖွယ်ရှိကြောင်း၊ သို့ဖြစ်ရာ ယခုနှစ်၏ ကျန်ရှိသည့် ကာလအတွင်း၌ ပြည်ပကုန်သွယ်မှု တည်ငြိမ်စေရန် နိုင်ငံ၏ စီးပွားရေးမူဝါဒများအား လိုအပ်သလို ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်၊ ပထမ(၇)လတာ ကာလအတွင်း၌ အိမ်နီးချင်းနိုင်ငံ အများစုတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံနှံ့မှုကြောင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ဆက်စပ်သည့် ကုန်ပစ္စည်းမှာယူမှုများ မြင့်တက်လာခြင်း၊ ကျန်းမာရေး အသုံးအဆောင်ပစ္စည်းများ တင်ပို့မှု မြင့်တက်လာခြင်းတို့ကြောင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊သို့ရာတွင်အဆိုပါ အကြောင်းအရာများ ပျောက်ကွယ်သွားသည်နှင့်အမျှ ၂၀၂၁ ခုနှစ်၊ ဒုတိယနှစ်ဝက်တာ ကာလအတွင်း နိုင်ငံခြားကုန်သွယ်မှုသည် ကျဆင်းလာမည်ဖြစ်ပြီး နောင်လာမည့် ၂၀၂၂ ခုနှစ်တွင် အခြေအနေ ပိုမိုဆိုးဝါးလာနိုင်ကြောင်း၊ သို့ဖြစ်ရာ တရုတ်နိုင်ငံအနေဖြင့် စီးပွားရေး၊ စျေးကွက်အတွင်းရှိ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အဟန့်အတားဖြစ်စေမည့် စီးပွားရေး အတက်အကျဆိုးဝါးစွာဖြစ်ပေါ်မှုများအား ကာကွယ်တားဆီးရန် နိုင်ငံ၏ စီးပွားရေးဆိုင်ရာမူဝါဒ ပြုပြင်ပြောင်းလဲမှုများအား ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ၂၀၂၁ ခုနှစ်၊ ဒုတိယနှစ်ဝက် ကာလအတွင်း ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပြုလျက်ရှိသည့် လုပ်ငန်းများ လုံခြုံစိတ်ချရမှုရှိစေရန်၊ အမှာစာရရှိမှုများ တည်ငြိမ်စေရန်၊ တီထွင်ဆန်းသစ်မှုများ ပိုမိုတိုးတက်လာစေရန်၊ စက်မှုလုပ်ငန်းများနှင့် ရောင်းလိုအား ချိတ်ဆက်မှုများ ဆောင်ရွက်ရာတွင် ပိုမိုတိုးတက်လာစေရန်၊ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများအား ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်သွားမည်ဟု တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wang Wentao မှ ပြောကြားခဲ့ပါသည်။

ထို့ပြင် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များသည် တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ တရုတ်နိုင်ငံမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များအား ပိုမိုအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူပင် တရုတ်နိုင်ငံအနေဖြင့် ဖွင့်လှစ်ပေးမှုများအား ပိုမိုဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပစိဖိတ်သမုဒ္ဒရာ ဖြတ်ကျော် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး သဘောတူစာချုပ် (Comprehensive and Progressive Agreement for Trans-Pacific Partnership- CPTPP) တွင် ပါဝင် ဆောင်ရွက်နိုင်ရေး အတွက်လည်း စဉ်းစား ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ ထုတ်ပြန်ကြေညာခဲ့သည့် အချက်အလက်များအရ အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှု သဘော တူစာချုပ်ပေါင်း (၃၅၀) ကျော်ရှိကြောင်း၊ တရုတ်နိုင်ငံသည် နိုင်ငံနှင့် ဒေသစုစုပေါင်း (၂၆) ခု ဖြင့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (၁၉) ခု အား လက်မှတ်ရေးထိုး

ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူပင် တရုတ်နိုင်ငံအနေဖြင့် ဖွင့်လှစ်ပေးသည့် မူဝါဒအား ပိုမိုကျင့်သုံးနိုင်ရန် လွတ်လပ်သော ကုန်သွယ်မှုဒေသများ ထပ်မံ၍ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် လက်ရှိ ဆွေးနွေးဆဲဖြစ်သည့် တရုတ်-ဂျပန်-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှု ဒေသအပါအဝင် လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်များ ဆွေးနွေးညှိနှိုင်းမှုများ၊ အစ္စရေး၊ နော်ဝေးနိုင်ငံတို့နှင့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများအား ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတရုတ်နိုင်ငံ၊ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Wang Shou wen မှ ပြောကြားခဲ့ပါသည်။

၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ၏ အခန်းကဏ္ဍသည် (၁၂) ရာခိုင်နှုန်းသာ ပါဝင်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်သို့ အရောက်တွင် (၃၅) ရာခိုင်နှုန်းအထိ ပါဝင်လာခဲ့သည့်အတွက် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်များသည် တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း ၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နိုင်ငံခြားကုန်သွယ်မှုကဏ္ဍ အားကြီးမားစွာ ထိခိုက်ခဲ့သော်လည်း တရုတ်နိုင်ငံအနေဖြင့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုမှာမူ (၃.၂) ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ အဆိုပါ ကာလအတွင်း ၌ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများနှင့် ကုန်သွယ်မှု (၀.၈) ရာခိုင်နှုန်းသာ တိုးတက်လာခဲ့ကြောင်း၊ ထို့အပြင် ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သည့် ပမာဏ၏ (၇၀) ရာခိုင်နှုန်းနီးပါးသည် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများသို့ဖြစ်ကြောင်း၊ အလားတူပင် တရုတ်နိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ (၈၄) ရာခိုင်နှုန်းသည်လည်း လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများမှဖြစ်ကြောင်း၊ တရုတ် နိုင်ငံသည် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ဆက်နွယ်မှုများ ခိုင်မာအားကောင်းစေခဲ့ပြီး ပြည်ပကုန် သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ တည်ငြိမ်စေခဲ့ကြောင်း၊ တရုတ်နိုင်ငံ အစိုးရသည် ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်အား အထောက်အကူဖြစ်စေရန် လွတ်လပ်သော ကုန်သွယ်မှုဒေသများအား အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အရည်အသွေးမြင့်မားသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသ ကွန်ယက် အသွင်ဖြစ်ပေါ်လာစေရေးကိုလည်း အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Wang Shouwen မှ ပြောကြားခဲ့ပါသည်။

Sources : http://www.chinadaily.com.cn/a/202108/23/WS61234dc3a310efa1bd66a88d.html

https://www.globaltimes.cn/page/202108/1232246.shtml https://www.globaltimes.cn/page/202108/1232246.shtml

A TRUSTED PARTNER OF THE BUSINESS AND DEVELOPMENT COMMUNITY

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံးမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်